ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့ (3-2-2013) (၇၃၇၅)

- သီးနှံများစိုက်ပျိုးရာ၌ နောင်တွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး သုံးစွဲမှုအစား အော်ဂဲနစ်စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲစိုက်ပျိုးသွားရမည်ဖြစ်။
- မွေးမြူရေးကဏ္ဍတွင်လည်း နို့စားနှင့် အသားစားနွားများကို ကောင်းရေမျိုးများဖြင့် တိုးချဲ့မွေးမြူပြီး ပြည်ပနိုင်ငံများသို့ တရားဝင် တင်ပို့ရောင်းချနိုင်ရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်။

စိုက်ပျိုးရေးထွက်ကုန်များကို တစ်ဆမှ သုံးဆအထိ တိုးတက်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်

စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်ထားသည့် ဘက်စုံစံပြစိုက်ပျိုးမွေးမြူရေးစခန်းများ ထူထောင်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ အဆင့်မြင့်စက်မှုလယ်ယာဘက်စုံသီးနှံ ဧက(၂၀၀၀)စံပြစိုက်ကွင်းနှင့် အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာ အဆင့်မြင့်စံပြစက်မှုလယ်ယာဧက (၅၀၀) စိုက်ကွင်းများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ထွတ်နှင့် ဦးမောင်မောင်သိမ်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးသိန်းညွန့်၊ ဦးတင်နိုင်သိန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးအေးမြင့်နှင့် ဦးဝင်းမြင့်တို့လိုက်ပါလျက် နံနက် ၈ နာရီခွဲတွင် ညောင်ပင်သာကျေးရွာ အဆင့်မြင့်စက်မှုလယ်ယာဘက်စုံသီးနှံ ဧက (၂၀၀၀) စံပြစိုက်ကွင်းသို့ ရောက်ရှိကြသည်။

ထို့နောက် စိုက်ကွင်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် မြတ်အိန္ဒြေကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးမြတ်သူတို့က စံပြစိုက်ကွင်းတည်ထောင်ခဲ့မှုနှင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေစာရင်းများကောက်ယူရာ၌ တစ်နှစ်လျှင်သုံးသီးစိုက်ပျိုးနိုင်သည့် လယ်ယာမြေကို ပထမတန်းစား၊ နှစ်သီးစိုက်ပျိုးနိုင်သော လယ်ယာမြေကို ဒုတိယတန်းစားနှင့် တစ်သီးသာစိုက်ပျိုးနိုင်သော လယ်ယာမြေကို တတိယတန်းစားဟူ၍ အမျိုးအစားခွဲခြားပြီး တိကျသောစာရင်းများရရှိအောင် ကောက်ယူရန်ဖြစ်ကြောင်း၊ ပထမတန်းစားလယ်ယာမြေတွင် တစ်နှစ်ပတ်လုံးအပြည့်အဝ စိုက်ပျိုးနိုင်အောင် ဆည်ရေပံ့ပိုးပေးရန်နှင့် ဒုတိယတန်းစားလယ်ယာမြေကိုလည်း နှစ်သီးမှသုံးသီးစိုက်ပျိုးလာနိုင်ရေးအတွက် အဓိကလိုအပ်သည့်

စာမျက်နှာ ၈ ကော်လံ ၁ သို့●

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ အဆင့်မြင့်စက်မှုလယ်ယာ ဘက်စုံသီးနှံဧက (၂၀၀၀) စံပြစိုက်ကွင်းအတွင်း ပြသထားသည့် ဘက်စုံသုံးလက်တွန်းထွန်စက်ငယ်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မန္တလေး-လားရှိုးပြေးဆွဲနေသော ရထားတွင်

အထက်တန်းတွဲများ အစဉ်အမြဲ ချိတ်ဆက်ပြေးဆွဲပေးလျက်ရှိ

လားရှိုး ဖေဖော်ဝါရီ ၂

မြန်မာ့မီးရထားအနေဖြင့် မန္တလေး-လားရှိုး လမ်းပိုင်းတွင် အမှတ် (၁၃၁)အဆန်၊ အမှတ် (၁၃၂) အစုန်ရထားအား နေ့စဉ်ပြေးဆွဲလျက်ရှိရာ ရိုးရိုးတန်းတွဲ၊ အထက်တန်းတွဲနှင့် ပထမတန်းတွဲများ အမြဲချိတ်ဆက်ပြေးဆွဲလျက်ရှိပြီး ဒီဇင်ဘာလကုန်ခန့်က အထက်တန်းတွဲတစ်တွဲ ဘရိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ဖြုတ်ထားခဲ့ရသော်လည်း နောက်ရက်များမှာပင် ပထမတန်းတွဲများ အစားထိုးပြေးဆွဲခဲ့ပြီး ယာယီပျက်၍ ဘရိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းသော အထက်တန်းတွဲ BDUEZ -12738 အား ဇန်နဝါရီ ၂၃ ရက်တွင် ပြန်လည်ချိတ်ဆက်ပြေးဆွဲလျက်ရှိသည်။ (ဝဲပုံ)

မန္တလေး-လားရှိုးလမ်းပိုင်းတွင် ဘူတာ ၂၇ ဘူတာရှိပြီး အဆိုပါရထားသည် ဘူတာကြီးများတွင် ရပ်တန့်ပေးပြီး နေ့စဉ် စုန်/ဆန် ခရီးသည် ၆၀၀ ခန့် သယ်ဆောင်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၁ ရက် တစ်နေ့တည်းမှာပင် (၁၃၁)အဆန်ရထား၌ နိုင်ငံခြားသားခရီးသည် ၂၅၀ တို့ စီးနင်းလိုက်ပါလျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဝန်ထမ်းများသည် ခရီးသွားပြည်သူများနှင့် နိုင်ငံခြားသားခရီးသည်များအား နေ့စဉ် စုန်/ဆန် ပို့ပေးနိုင်ရေး ပြည်သူ့ရထားကြီးအဖြစ် ဖော်ဆောင်ကြိုးစားဆောင်ရွက်နေကြောင်း သိရသည်။

(ကျော်ထူး)

ကြေးမုံစာတည်းရှုထောင့် ၃-၂-၂၀၁၃၊ တနင်္ဂနွေနေ့

လိုရာခရီးပန်းတိုင်သို့

ဒီမိုကရေစီနိုင်ငံသစ်သို့ ခရီးဆက်ရာတွင် လူတစ်ဦးချင်းအလိုက် ကျေပွန်ရမည့် တာဝန်မှာ နိုင်ငံကြီးသားပီသအောင် ကျင့်ကြံအားထုတ်နေထိုင်တတ်ဖို့ ဖြစ်ပါသည်။

လက်ရှိတွင် ဒီမိုကရေစီနိုင်ငံသစ်၊ ဒီမိုကရေစီစနစ်သစ်ကို အများပြည်သူ ဆန္ဒနှင့်အညီ အကောင်အထည်ဖော်လျက်ရှိသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

ဒီမိုကရေစီဆိုရာဝယ် စည်းနှင့်ကမ်းနှင့် ဒီမိုကရေစီဖြစ်သည်။ တာဝန်သိတတ်သည့် ဒီမိုကရေစီဖြစ်သည်။ နားလည်မှုရှိသည့် ဒီမိုကရေစီဖြစ်သည်။ အများပြည်သူစိတ်ချမ်းသာမည့် ဒီမိုကရေစီဖြစ်သည်။ ယင်းသည် မြန်မာတို့နှင့် လိုက်ဖက်ဆီလျော်သည့် ဒီမိုကရေစီစနစ် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်နှင့် အလှမ်းဝေးခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ရှိခဲ့ပြီဖြစ်သည်။ ယခုဒီမိုကရေစီစနစ်ကို ပြန်လည်စတင်ကျင့်သုံးသည့်အခါ စိန်ခေါ်မှုများစွာ ကြုံတွေ့ရမည်မှာလည်း ဓမ္မတာဖြစ်သည်။

ဒီမိုကရေစီစနစ် ရင့်ကျက်ခိုင်မာ အားကောင်းစေရန်အတွက် ကြိုးပမ်းအားထုတ်ရာတွင် ဖော်ပြပါနည်းလမ်းများအတိုင်း အသားကျစေရန် များစွာ အားထုတ်ကြရမည်ဖြစ်သည်။

အထူးသဖြင့် စည်းကမ်းရှိဖို့ လိုပါမည်။ တာဝန်သိဖို့လိုပါမည်။ ထိုတာဝန်များကို တစ်စတစ်စပွားများ အားထုတ်ကြရမည်ဖြစ်သည်။ 'အရှင်မွေး နေ့ချင်းကြီး' ဆိုသကဲ့သို့ ဒီမိုကရေစီကို နေ့ချင်းညချင်း ရရှိလာမည် မဟုတ်ချေ။ တဖြည်းဖြည်း တည်ဆောက်ရယူခြင်းသည်သာ နည်းလမ်းကျပေသည်။

အမှန်တကယ်တွင် ကျွန်ုပ်တို့နိုင်ငံအဖို့ ဒီမိုကရေစီနှင့် အလှမ်းမဝေးလှပါ။ ကျွန်ုပ်တို့ ကိုးကွယ်ဆည်းကပ်သော ဘာသာတရား၊ ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများမှာ ဒီမိုကရေစီနည်းလမ်းကျသော အစဉ်အလာများ ဖြစ်ပါသည်။

ထိုအစဉ်အလာများကို အခြေခံ၍ ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေရှိအောင် ကျင့်ကြံအားထုတ် နေထိုင်တတ်ကြဖို့ဖြစ်ပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့ကျင့်သုံးမည့် ဒီမိုကရေစီစနစ်မှာ စည်းကမ်းရှိသော ဒီမိုကရေစီစနစ်ဖြစ်၍ တစ်ဦးချင်း တစ်ယောက်ချင်းအလိုက် စည်းကမ်းရှိကြဖို့လိုမည်ဖြစ်ပါသည်။

စည်းနှင့်ကမ်းနှင့် ဒီမိုကရေစီဖြစ်မှသာ နိုင်ငံကြီးသားပီသသော ဒီမိုကရေစီနိုင်ငံသားများ ဖြစ်လာပါမည်။ ချမှတ်ထားသော စည်းကမ်း၊ ဓလေ့စရိုက်၊ အစဉ်အလာများကို လိုက်နာကျင့်ကြံမှု အားနည်းမည်ဆိုပါက စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ ဒီမိုကရေစီ ဖြစ်ပါလိမ့်မည်။

လူတစ်ယောက်၊ မိသားတစ်စု၊ အသိုက်အမြုံတစ်ခုတွင်ပင် လူမှုစည်းကမ်းများ ရှိပြီးဖြစ်သည်။ အဖွဲ့ အစည်းတစ်ခု၊ လုပ်ငန်းတစ်ခုတွင်လည်း သက်ဆိုင်ရာ စည်းကမ်းများ ရှိပြီးဖြစ်သည်။ ပတ်ဝန်းကျင်၊ မြို့ရွာ၊ ရပ်ကွက်မှအစ နိုင်ငံတစ်ခုလုံး သူ့စည်းသူ့ကမ်းတို့ အသီးသီးရှိကြသည်။

စည်းကမ်းတို့မှာ မူလကတည်းက ရှိပြီးဖြစ်သည်။ ဒီမိုကရေစီနိုင်ငံသားများဖြစ်လာသောအခါ တာဝန်သိသိ၊ နားလည်မှုရှိရှိဖြင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းမှုမှ မလိုဘဲ နားလည်မှုရှိရှိဖြင့် လိုက်နာတတ်ဖို့ပင်ဖြစ်သည်။ သို့မှသာ နိုင်ငံကြီးသားတစ်ယောက် ဖြစ်လာပါမည်။

လက်ရှိတွင် စည်းကမ်းလိုက်နာမှု အားနည်းနေသေးသည်ကို နေရာတိုင်းတွင် အနည်းနှင့်အများဆိုသလို မြင်တွေ့နေရပါသည်။ ဒီမိုကရေစီသက်တမ်းနုနယ်သေးသဖြင့်ဟု ဆင်ခြေမများသင့်ဘဲ မိမိတို့၏တစ်ဦးချင်း တစ်ယောက်ချင်း အားနည်းချက်များ၊ မပြုနိုင်သေးသည့် အချက်များကြောင့်ဟုဆိုရမည် ဖြစ်ပါသည်။

ထို့ကြောင့် အမြင်မတော်သည်များကို မပြတ်မြင်တွေ့နေရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံ၏ ဒီမိုကရေစီမှာ အရှေ့တိုင်းဒီမိုကရေစီဖြစ်ပါသည်။ အနောက်တိုင်းဒီမိုကရေစီကဲ့သို့ ကိုယ်နှင့်မဆိုင်လျှင်လည်း မျက်နှာလွှဲ ဥပက္ခာပြုတတ်ခြင်းမရှိချေ။ ရိုင်းပင်းမှု၊ ကူညီမှု၊ စာနာမှု၊ ထောက်ထားမှုတို့ ထားရှိသည့် ယဉ်ကျေးသည့်ဒီမိုကရေစီ ဖြစ်ပါသည်။

သို့ဖြစ်ရာ မိမိတို့ကြိုးပမ်းအားထုတ်လျက်ရှိသော ဒီမိုကရေစီမှာ အလှမ်းမဝေးလှပါ။ မိမိတို့၏ ယဉ်ကျေးသောနားလည်စာနာမှုတို့နှင့် စည်းကမ်းရှိမှု၊ တာဝန်သိမှုတို့ မြှင့်တင်ပေါင်းစပ်လိုက်သောအခါ လိုရာခရီးပန်းတိုင်သို့ 'အရှင်မွေး နေ့ချင်းကြီး' သကဲ့သို့ ချက်ချင်းရောက်နိုင်ပါသည်။ ။

ဒုတိယဦးစီးမှူး လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၁/၂၀၁၃)ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂

မိမိတို့ဝန်ကြီးဌာနသည် ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ဘေးအန္တရာယ်ကင်းသော စားနပ်ရိက္ခာ ထုတ်လုပ်ရေးအတွက် အသား၊ ငါးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်နေသော ဌာနဖြစ်သည့်အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ တစ်ဦးချင်း ဝင်ငွေတိုးတက်ရရှိစေရန် ဆောင်ရွက်နေသော ဌာနဖြစ်ကြောင်း၊ ယခုသင်တန်းတွင် သင်တန်းသား သင်တန်းသူများအား လက်တွေ့လုပ်ငန်းခွင်၌ အသုံးချရမည့် မေထုန်မဲ့သားစပ်နည်းပညာများ၊ ငါး/ပုစွန် သားဖောက်နည်းပညာများ၊ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ မျိုးခြံများတွင် မွေးမြူရေးနည်းပညာများ၊ ခိုင်းနွား /ကျွဲ၊ အသားစားနွားမွေးမြူပုံနည်းစနစ်များ၊ နွားနို့ကုန်ကြမ်းအတွက် နို့စားနွားကျယ်ကျယ်ပြန့်ပြန့်မွေးမြူပုံနည်းစနစ်များ၊ အသား၊ ငါးထွက်ကုန်များအား နည်းပညာများအသုံးပြု၍ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်မှု၊ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ဈေးကွက်ရှာဖွေမှုများအပြင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများ၏ ရုံးလုပ်ငန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပသည့် ဒုတိယဦးစီးမှူး လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁/၂၀၁၃) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ဝန်ထမ်းသင်တန်းသား သင်တန်းသူ ၂၃၆ ဦးတက်ရောက်ကြပြီး သင်တန်းမှာ ရက်သတ္တလေးပတ် ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်-သီလဝါတံတား စီမံကိန်းတည်ဆောက်ရန် ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂

ရထားလမ်းနှင့်ကားလမ်းပါဝင်သည့် ရန်ကုန်-သီလဝါတံတား စီမံကိန်း အကောင်အထည်ဖော်တည်ဆောက်ရန် ပြင်ဆင်ထားမှုအခြေအနေများနှင့် ရန်ကုန်-သီလဝါတံတား တည်ဆောက်မည့် အဆိုပြုနေရာ သုံးခုအလိုက် ရန်ကုန်မြို့ပတ်ရထားလမ်းနှင့် လာရောက်ချိတ်ဆက်နိုင်မှု နည်းလမ်း (၃)သွယ်တို့ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇေယျာအောင်အား ဂျပန်နိုင်ငံ ITOCHU Corporation ဦးဆောင်သော ကုမ္ပဏီလေးခုမှ ကိုယ်စားလှယ်များသည် ယမန်နေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မဟာမေတ္တာပညာရေးဖောင်ဒေးရှင်း ချို့တဲ့ကျောင်းသားများအား လှူဒါန်း

တောင်ငူ ဖေဖော်ဝါရီ ၂

တောင်ငူမြို့ မဟာမေတ္တာပညာရေးဖောင်ဒေးရှင်းသို့ သတင်းထောက် ဦးကျော်လှ၏ (၇၆)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်ကုသိုလ်ဒါနအဖြစ် (သမာဓိ) မိသားစုက ဖေဖော်ဝါရီ ၁ ရက်တွင် ငွေကျပ် ၇၆၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပညာရေးဖောင်ဒေးရှင်း နာယကများ ဖြစ်ကြသော ဦးစောဌေး၊ ဦးရဲဝင်းနှင့် ဒေါ်အေးမြင့်တို့က လက်ခံရယူပြီး အလှူရှင်မိသားစုအား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လှူဒါန်းပွဲအခမ်းအနားတွင် ပညာရေးဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးသိန်းထိုက်အေးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို အလှူရှင် ဦးကျော်လှ (သမာဓိ)က ပြောကြားပြီး ပညာရေးဖောင်ဒေးရှင်း နာယက ဦးမြင့်ညို (အမေ့အိမ်)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဖောင်ဒေးရှင်းကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှ စတင်တည်ထောင်ခဲ့ပြီး ယခုတစ်နှစ်တာကာလအတွင်း မြို့နယ်အတွင်းရှိ မိဘမဲ့ကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများ၊ အခြေခံမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ပညာသင်ကျောင်းများမှ ချို့တဲ့ ကျောင်းသား ကျောင်းသူ ၁၃၂ ဦးတို့အတွက် ပညာရေးထောက်ပံ့လှူဒါန်း ငွေကျပ် ၇၃ သိန်း ကျော်ရှိပြီဖြစ်ပြီး လှူဒါန်းလိုသူများအနေဖြင့် ပညာရေးဖောင်ဒေးရှင်း ရုံးဖုန်း -၀၅၄-၂၃၇၉၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၄၇၂)

မြန်မာတို့ရဲ့ ဗုန်းရွှေ
ဝင်းဇော် (သစ်တော)
အကျိုးစီးပွားဖြစ်ထွန်းစေသော
ဘဝတစ်သက်တာ မဟာစာတမ်း
သင်္ချိုင်းတွင်း ဝင်းဇော် (သစ်တော)
[စာအုပ် + DVD]
မရမ်းတလင်းစာပေ — ဖုန်း – ၀၉ – ၀၁ ၅၄၃၂၉၇ E-mail : marantalin.books@gmail.com

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေကြမ်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (United Nation Convention on Elimination of all Forms of Discrimination against Women - UNCEDAW) ကို ၁၉၉၇ ခုနှစ်၌ သဘောတူလက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ တာဝန်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံသည် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်စောင့်ရှောက်ရေးဥပဒေကို တိတိကျကျ ပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်လာပါကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသော မြန်မာနိုင်ငံဥပဒေများနှင့် စီဒေါသဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေကြမ်း (Draft on Anti-Violence Against Women Law) ရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်(**အပေါ်ယာပုံ**)က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏တည်ဆဲပြစ်မှုဆိုင်ရာဥပဒေ၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး ဥပဒေ၊ မျိုးဆက်ပွားကျန်းမာရေးဥပဒေ၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေများတွင်ပါဝင်သော အမျိုးသမီးဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ ကွဲပြားနေကြောင်း၊ အမျိုးသမီးများ၏ အခွင့်အရေးများကို အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အဆိုပါတည်ဆဲဥပဒေများကိုလေ့လာခြင်း၊ UNCEDAW စံနှုန်းများနှင့် ကိုက်ညီမှုရှိ /မရှိ ဆန်းစစ်ခြင်းများအပြင် အာဆီယံနိုင်ငံများနှင့် အခြားကမ္ဘာ့နိုင်ငံများတွင် ပြဋ္ဌာန်းထားသည့် အမျိုးသမီးဆိုင်ရာ ဥပဒေများနှင့် နှိုင်းယှဉ်သုံးသပ်၍ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်၍ ကျား/မရေးရာတန်းတူညီမျှဖြစ်ရေး ကွန်ရက်အဖွဲ့ (GEN) နှင့် ပူးပေါင်းကာ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းကို ရေးဆွဲလျက်ရှိပါကြောင်း၊ ထိုဥပဒေကြမ်းရေးဆွဲဆောင်ရွက်ခြင်းဖြင့် ရပ်ရွာဒေသအတွင်း အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု၊ အလွဲသုံးစားမှု၊ လျစ်လျူရှုမှု၊ ခေါင်းပုံဖြတ်မှုများ၊ အထူးသဖြင့် အိမ်အတွင်း အကြမ်းဖက်မှုဖြစ်ရပ်များကို ကြိုတင်ကာကွယ် စောင့်ရှောက်ခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း စသည့်လုပ်ငန်းများကိုလည်း သိသိသာသာ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသောရလဒ်များသည် မြန်မာအမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းရေးဆွဲရာတွင် များစွာအထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်သည့်အတွက် တက်ရောက်လာကြသော ကိုယ်စားလှယ်များအနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးကြစေလိုကြောင်းဖြင့်လည်း ထပ်လောင်းပြောကြားသွားသည်။

ထို့နောက် ကျား/မရေးရာ တန်းတူညီမျှရေးကွန်ရက် ပဲ့ကိုင်ကော်မတီဝင်နှင့် Country Director AFXB မှ စီမံကိန်းညွှန်ကြားရေးမှူး ဒေါ်ပန်စီထွန်းသိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများက ခေါင်းစဉ်အလိုက်အကြံပြုဆွေးနွေးတင်ပြကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေး ဥပဒေကြမ်းရေးဆွဲနိုင်ရေး လုပ်ငန်းကော်မတီဝင်များ၊ GEN မှ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ခရိုင်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

၂၀၁၃ ခုနှစ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ခရိုင်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ ဝေသာလီအားကစားရုံ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တက်ရောက်၍ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ခရိုင်ပေါင်းစုံ ပြေး၊ ခုန်၊ ပစ် အားကစားပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ ခရိုင်ပေါင်းစုံ အမျိုးသား/အမျိုးသမီးပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပထမဆုရ သံတွဲခရိုင် အမျိုးသမီးအသင်းနှင့် ဒုတိယဆုရ စစ်တွေခရိုင် အမျိုးသမီးအသင်း၊ ပထမဆုရ စစ်တွေခရိုင် အမျိုးသားအသင်းနှင့် ဒုတိယဆုရ ကျောက်ဖြူခရိုင် အမျိုးသားအသင်းတို့အား ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဆုတံဆိပ်နှင့် ငွေသားဆုများကို ချီးမြှင့်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသမီးပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပထမဆုရ သံတွဲခရိုင်အသင်းနှင့် အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲ ပထမဆုရ စစ်တွေခရိုင်အသင်း၊ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်အများဆုံး ဆွတ်ခူးရရှိသည့် စစ်တွေခရိုင်အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ရခိုင်ပြည်နယ်ကိုယ်စားပြု ကပြဖျော်ဖြေတင်ဆက်မည့် ရခိုင်ယဉ်ကျေးမှုအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေယာဉ်မတော်တဆဖြစ်စဉ်တွင် ဆုံးပါးသည့်ညော့်လမ်းညွှန် လေယာဉ်ပြင်ပ၌ သေဆုံးခြင်းမျိုးဖြစ်ဟုဆို

ရန်ကုန် ဖေဖော်ဝါရီ ၂

လွန်ခဲ့သော ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ဟဲဟိုး၌ဖြစ်ခဲ့သော လေယာဉ်မတော်တဆဖြစ်မှုတွင် သေဆုံးသွားသည့်ညော့်လမ်းညွှန်အမျိုးသမီးမှာ လေယာဉ်၏ပြင်ပတွင်သာ ဖြစ်သည့်အနေအထားမျိုးရှိကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဖေဖော်ဝါရီ ၁ ရက်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

“လေယာဉ်ပျံအတွင်းမှာ သေဆုံးတာမဟုတ်ဘူး၊ လေယာဉ်အပြင်ကိုရောက်ပြီးမှ လဲကျပြီးမီးလောင်သေဆုံးတာလို့ ယူဆရပါတယ်” ဟု စုံစမ်းစစ်ဆေးရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးဝင်းဆွေထွန်းက သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါအဖွဲ့အနေဖြင့် သေဆုံးသောနေရာ၏ ဓာတ်ပုံအထောက်အထားများ ရရှိခြင်းဖြစ်ပြီး ပထမဆုံး စတင်တွေ့ရှိသောသူ၊ မီးငြိမ်းသတ်သောသူများ၏ ပြောဆိုမှုများ၊ မေးမြန်းစုံစမ်းမှုများအရ ယင်းသို့ပြောဆိုခြင်းဖြစ်သည်။ ထိုဖြစ်စဉ်တွင် လေယာဉ်ပေါ်တွင် အတူထိုင်သော ညော့်လမ်းညွှန်တစ်ဦးကိုလည်း သေဆုံးသွားသည့်သူက မသေဆုံးမီ လေယာဉ်မှပြေးထွက်ရန်အခြေအနေကို ပြောပြခဲ့ခြင်းဖြစ်သည်ဟု သိရပြီး ၎င်း၏နောက်မှပါလာသည်၊ မပါလာသည်ကို မပြောဆိုနိုင်ကြောင်း၊ သေဆုံးသူ၏အနေအထားသည် လေယာဉ်အတွင်းထိုင်လျက်အနေအထားမျိုးမဟုတ်ကြောင်းလည်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

(၆၈၀)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၂-၂၀၁၃ (တနင်္ဂနွေနေ့)

၅း၀၀	“နိဗ္ဗာန်ရှာပုံတော်”တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၀	Cartoon Series (Math Fun With Rai)
၉း၄၀	ဇော်ဂျီ၏ အလင်္ကာတေးသံ ဖြူးချောင်းရေလျှောင်တမံ
၁၁း၀၀	သွားမယ် စားမယ် (Apple)
၁၁း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၀၅	ဓလေ့ရိုးရာမမေ့သာ
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချိုမြိန်သောဘဝလေး” (အပိုင်း-၉၀)
၇း၁၀	Style ရှိမှ Star ဖြစ်မယ်
၈း၁၅	Sunday Talk (ဇော်သက်ထွေး၊ မျိုးမြတ်သူ)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေညင်းလေးရဲ့ပျော်ရွှင်မှု” (အပိုင်း-၉)

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
10:25	Man City - LiverpooL	(MRTV-4)(Fox Sports)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
5:25	Malaga - Real Zaragoza	(Fox Sports)
10:25	Sevilla - Rayo Vallecano	(Star Sports)
နံနက်ပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
2:25	Atletico Madrid - Real Betis	(Star Sports)
2:25	Real Sociedad - Mallorca	(Fox Sports)

✻ ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

အားကစား
မြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

အမေရိကန်ဂြိုဟ်တုသယ် ရုရှားဒုံးပျံ သမုဒ္ဒရာအတွင်းထိုးဆင်း

မော်စကို ဖေဖော်ဝါရီ ၂

အမေရိကန်လုပ် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားသော ရုရှားဒုံးပျံတစ်စင်းသည် ပစ်လွှတ်ပြီး မကြာမီမှာပင်ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ထိုးကျသွားခဲ့သည်။

ဟာဝိုင်ယီကျွန်းများ၏တောင်ဘက် ရေပေါ်ဒုံးပစ်စင်မှ ဂရင်းနစ်စံတော်ချိန် ၆ နာရီ ၅၉ မိနစ်၌ ပစ်လွှတ်လိုက်သော ဇီးနစ်-၃ အက်စ်အဲလ် ဒုံးပျံသည် စက္ကန့် ၄၀ ပျံသန်းပြီး သမုဒ္ဒရာအတွင်း ကျသွားခြင်းဖြစ်သည်။

ဂြိုဟ်တုအင်တဲလ်ဆက်-၂၇ သည် အတ္တလန္တိတ်သမုဒ္ဒရာအပေါ်၌ တည်ရှိနေမည်ဖြစ်ပြီး အမေရိကနှင့် ဥရောပနိုင်ငံများကို အထောက်အပံ့ပေးမည်ဖြစ်သည်။

အဆိုပါမတော်တဆဖြစ်ပျက်မှုတွင် ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးမျှမရှိဟုဆိုသည်။ **ဘီဘီစီ။**

တရုတ်တွင်ကားပေါက်ကွဲ၍ တံတားကျိုး၊ ငါးဦးသေဆုံး

ပေကျင်း ဖေဖော်ဝါရီ ၂

တရုတ်နိုင်ငံ ဟီနန်ပြည်နယ် မီယန်ချီစီရင်စုတွင် ဖေဖော်ဝါရီ ၁ ရက်က မီးရှူးမီးပန်းများတင်ဆောင်လာသည့် ထရပ်ကားတစ်စီး ပေါက်ကွဲမှုဖြစ်ပွားရာ တံတားကျိုးကျသွားပြီး အနည်းဆုံးငါးဦးသေဆုံး၍ ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီ ၅၂ မိနစ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ယင်းဖြစ်ရပ်ကြောင့် မီတာ ၃၀ မြင့်သည့် တံတားပေါ်မှ မြေပြင်သို့ မော်တော်ယာဉ်အချို့ပြုတ်ကျခဲ့သည်ဟု သတင်းများက ဆိုသည်။

ပေါက်ကွဲမှုကြောင့် မီတာ ၈၀ ရှည်သော အဝေးပြေးကားလမ်းတံတားပျက်စီးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ အပျက်အစီးများကြားမှ မော်တော်ယာဉ်ခြောက်စီးကို ပြန်လည်ဖော်ယူနိုင်ခဲ့ပြီဟုဆိုသည်။

ပီတီအိုင်။

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် လုံခြုံရေးစခန်း တိုက်ခိုက်ခံရ၊ ၂၂ ဦးသေဆုံး

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂

ပါကစ္စတန်အနောက်မြောက်ပိုင်း လက်ကီမာဝပ်ခရိုင်ရှိ လုံခြုံရေးစခန်းတွင် တိုက်ခိုက်မှုများဖြစ်ပွားရာ ၂၂ဦးထက်မနည်းသေဆုံးပြီး ၁၂ဦးကျော်ဒဏ်ရာရရှိကြောင်း ဖေဖော်ဝါရီ ၂ရက်က ဒေသဆိုင်ရာ သတင်းတွင် ဖော်ပြသည်။

တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်ရှစ်ဦးနှင့် စစ်သွေးကြွ ၁၂ဦးအပါအဝင် ၂၂ဦးသေဆုံးကြောင်း ရုပ်မြင်သံကြားချယ်နယ်ဂျီအီးအိုက ပြောကြားသည်။

အဆိုပါလုံခြုံရေးစခန်းသို့ အသေခံဗုံးခွဲသမား လေးဦးအပါအဝင် စစ်သွေးကြွ ၃၀ကို တိုက်ခိုက်လေ့ကျင့်ပြီး စေလွှတ်ခဲ့ကြောင်း တာလီဘန်ဘက်မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ထုတ်ဖော်ပြောကြားသည်။

စစ်ဘက်ဆိုင်ရာမှ အတည်ပြု ပြောကြားချက်အရ စစ်သွေးကြွ ၁၀ဦးထက်မနည်း သေဆုံးကြောင်း၊ ၂၀ခန့် ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

ဒဏ်ရာရရှိသွားသူများအား အနီးအနားရှိဆေးရုံတွင် တင်၍ ကုသပေးလျက်ရှိကြောင်း၊ အချို့ဒဏ်ရာအလွန်ပြင်းထန်၍ သေရေးရှင်ရေးနှင့် ရင်ဆိုင်နေရကြောင်း ဆေးဘက်ဆိုင်ရာက ပြောကြားသည်။

ဖေဖော်ဝါရီ ၂ရက် ဒေသစံတော်ချိန် နံနက် ၄နာရီခန့်တွင် ခေတ်မီလက်နက် အပြည့်တပ်ဆင်ကာ စစ်သွေးကြွ ၃၀ခန့်က လက်ကီမာဝပ်ခရိုင် ဆာရေးနော်ရန်ဂျာဒေသရှိ စစ်ဘက်ဆိုင်ရာ တပ်စခန်းကို စတင်တိုက်ခိုက်ကြောင်း၊ ထို့နောက် လေးနာရီကျော်ကြာ အပြန်အလှန်ပစ်ခတ်ကြကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။

တောင်အာဖရိကသူဌေး ချမ်းသာသမျှထက်ဝက် ဆင်းရဲသားများကိုလှူမည်

ပရီတိုးရီးယား ဖေဖော်ဝါရီ ၂

တောင်အာဖရိကနိုင်ငံ၏ အချမ်းသာဆုံး လူမည်းအမျိုးသား ပက်ထရစ်မော့စီးပီးသည် ၎င်း၏ချမ်းသာကြွယ်ဝမှုထက်ဝက်ကို ဆင်းရဲသားတို့၏ လူနေမှုဘဝတိုးတက်ရန်အတွက် လှူဒါန်းမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဆင်းရဲသားတို့၏ ကျန်းမာရေးနှင့် ပညာရေးတို့တွင် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် လှူဒါန်းငွေများကို မော့စီးပီးဖောင်ဒေးရှင်းက ကိုင်တွယ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဓာတ်သတ္တုစီးပွားရေးလုပ်ငန်းရှင်ကြီးကပြောကြားသည်။

ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်နှစ်ဦးဖြစ်သည့် ဘီလ်ဂိတ်နှင့် ဝါရင်းဖတ်တို့က ၎င်းတို့၏ ဘီလီယံနှင့်ချီ၍ရှိသောငွေများကို စေတနာရှင် ကယ်ဆယ်ရေးအဖွဲ့အစည်းများအား လှူဒါန်းခြင်းက ၎င်းကိုလည်း လှူဒါန်းလိုစိတ်များပေါ်ပေါက်လာစေရန် စေ့ဆော်ခဲ့သည်ဟု မစ္စတာမော့စီးပီးက ထုတ်ဖော်ပြောဆိုသည်။ **ဘီဘီစီ။**

တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ဓာတုစက်ရုံ၌ ပေါက်ကွဲ

ဂျီနန်း ဖေဖော်ဝါရီ ၂

တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ရှန်တုန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂ရက်က ဓာတုစက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားကြောင်း၊ သေကျေပျက်စီးမှုနှင့် ပတ်သက်သောသတင်းကိုမူ မရရှိသေးကြောင်း သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ် ဘောက်ဆင်းစီရင်စုရှိ ရှန်ဘင်ဓာတုစက်ရုံ၌ ဒေသစံတော်ချိန် နံနက် ၁၁နာရီခန့်က အဆိုပါပေါက်ကွဲမှုဖြစ်ပွားကြောင်း၊ ယင်းနေရာသည် ရှန်တုန်ပြည်နယ် မြို့တော်ဂျီနန်းအရှေ့မြောက်ဘက်မှ ကီလိုမီတာ ၁၅၀ခန့်အကွာတွင်ရှိကြောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးဌာနမှလာသော သတင်းတွင် ဖော်ပြသည်။

ယင်းဓာတုပစ္စည်းစက်ရုံသို့ မီးသတ်သမားများ ချက်ချင်းလိုပင်ရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း ကနဦးရရှိသောသတင်းတွင် ဖော်ပြသည်။

စက်ရုံ၏မီးခိုးခေါင်းတိုင်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း အသေးစိတ်ရရှိသောသတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**



တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ်မှ ဓာတုပစ္စည်းစက်ရုံ ပေါက်ကွဲမှုကို တွေ့ရစဉ်။

ပြည်တွင်း၊ ပြည်ပရေးရာ

ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

နယူးယောက် ဘူတာရုံကြီး နှစ် (၁၀၀) ပြည့်ပြီ

နယူးယောက်မြို့ရှိ Grand Central ဘူတာရုံကြီးမှာ နှစ် ၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ကြောင်းသိရသည်။ ယင်းဘူတာရုံကြီးကို ၁၉၁၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၍ ပြီးခဲ့သည့်ဖေဖော်ဝါရီ ၁ ရက်က နှစ်(၁၀၀)ပြည့်ခဲ့ပြီဖြစ်သည်။ ရထားဘူတာရုံကြီးဟုဆိုသော်လည်း ခရီးသွားများအတွက် (အထူးသဖြင့် အမျိုးသမီးများအတွက်) ဆံကေသာအလှပြုပြင်ရေးနေရာများနှင့် ခေတ်မီအပန်းဖြေအနားယူစရာနေရာများ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

....

မျိုးသုဉ်းမည့်အရေးနှင့် ရင်ဆိုင်နေရသည့် ဂျပန်ငါးရှဉ့်

ဂျပန်ငါးရှဉ့်များကို မျိုးသုဉ်းမည့်အရေးနှင့်ရင်ဆိုင်နေရသည့် တိရစ္ဆာန်စာရင်းသို့ထည့်သွင်းရတော့မည်ဖြစ်ကြောင်း ဂျပန်သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော် ယင်းသည်ငါးရှဉ့်စားသုံးမှုကို ပိတ်ပင်တားမြစ်ခြင်း မဟုတ်ကြောင်း၊ သတိပေးချက်တစ်ခုအနေဖြင့်သာ ထည့်သွင်းဖော်ပြခြင်းဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ဆိုသည်။ ငါးရှဉ့်ကို အကောင်းဆုံးသော စားသောက်ဖွယ်ရာတစ်ခုအဖြစ် ဂျပန်၌ တွင်တွင်ကျယ်ကျယ် စားသုံးလျက်ရှိသည်။ သို့သော် အလွန်အကျွံ ဖမ်းဆီးခြင်းနှင့် ပေါက်ပွားမှုနှုန်းကျဆင်းနေမှုတို့ကြောင့် ငါးရှဉ့်ကောင်ရေမှာ ကျဆင်းလာလျက်ရှိပြီး အစိုးရကထုတ်ပြန်သော ကိန်းဂဏန်းများအရ ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းကာလများက ငါးရှဉ့်တန်ချိန် ၃၀၀ ခန့်ပုံမှန်ဖမ်းဆီးရမိခဲ့သော်လည်း ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်းက တန်ချိန် ၂၀၀ ခန့်သာ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

....

ဘိုလီဗီးယား၌ အိမ်ထောင်စု ၈၀၀၀ ကျော် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်

မိုးသီးမုန်တိုင်း ကျရောက်မှု၊ မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြေပြိုမှုတို့ကြောင့် ဘိုလီဗီးယား၌ အိမ်ထောင်စု ၈၁၅၉ မှာ အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ လယ်ဧက ဟက်တာ ၂၀၀၀ ခန့်လည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက ဖေဖော်ဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ပြည်နယ်ရှစ်ခုမှ မြို့ပေါင်း ၄၈ မြို့မှာ မိုးသည်းထန်စွာရွာသွန်းမှု၏အကျိုးဆက်ကို ခါးစည်းခံခဲ့ရကြောင်း၊ ဒုက္ခသည်များကို အာဂျင်တီးနားသို့ သွားရောက်ခိုလှုံစေမည်ဖြစ်ကြောင်း၊ ယင်းဒုက္ခသည်များအတွက် စောင်များ၊ အစားအစာများနှင့် အခြားလိုအပ်ချက်များထောက်ပံ့ရန်အတွက် အမေရိကန် ဒေါ်လာ ၂ ဒသမ ၅ သန်းအသုံးပြုသွားမည်ဖြစ်ကြောင်း ပြည်သူ့ကာကွယ်ရေးဝန်ကြီးဌာနက ဆိုသည်။

....

Warcraft ဂိမ်းကို ရုပ်ရှင်အဖြစ်အသက်သွင်းမည့် ဒါရိုက်တာ ဒန်ကန်ဂျုန်း

တစ်ကမ္ဘာလုံးတွင် လူဦးရေ ၁၀ သန်းကျော် အားပေးသုံးစွဲနေသည့် World of Warcraft အွန်လိုင်းဂိမ်းကို "Source Code" ရုပ်ရှင်ကားရိုက်ကူးခဲ့သည့် ဒါရိုက်တာ ဒန်ကန်ဂျုန်းက ရုပ်ရှင်အဖြစ်အသက်သွင်းမည်ဖြစ်သည်။ ယင်းဇာတ်ကားရိုက်ကူးရန်အတွက် ရန်ပုံငွေ ဒေါ်လာ သန်း ၁၀၀ လျာထားသတ်မှတ်ထားပြီး Blizzard Entertainment က ထောက်ပံ့ကူညီမည်ဖြစ်သည်။ အဆိုပါဇာတ်ကားအတွက် ဇာတ်ညွှန်းကို "Blood Diamond" ဇာတ်ကား၏ ဇာတ်ညွှန်းရေးဆရာ ချားလ်လီယာဗစ်တ်က ရေးသားပေးမည်ဖြစ်ပြီး ရိုက်ကူးမှုကို ယခုနှစ်တွင် စတင်မည်ဖြစ်ကာ ၂၀၁၅ ခုနှစ်တွင် ရုံတင်ပြသရန်ရည်ရွယ်ထားကြောင်း သိရသည်။

ဟိန်းထက်လင်း စုစည်းသည်

ရေတိမ်ဒေသများကို ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂

၁၉၇၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် အီရန်နိုင်ငံ Ramsar မြို့၌ နိုင်ငံတကာ ဆောင်းခိုငှက်များနှင့် ရေပျော်ငှက်များ၏ နေရင်းကျက်စားဒေသ ထိန်းသိမ်းရေးအတွက် အရေးပါသည့် Ramsar Convention ဟုခေါ်ဆိုသော ကမ္ဘာ့ရေတိမ်ဒေသများ ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုတစ်ခုကို နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ Ramsar Convention တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၄ နိုင်ငံပါဝင်၍ ကမ္ဘာ့ဒေသအသီးသီး၌ Ramsar Site အဖြစ် ၂၀၈၃ နေရာ၊ ခန့်မှန်းခြေဧရိယာသန်းပေါင်း ၁၉၇ ဟက်တာ ပမာဏရှိ ရေတိမ်ဒေသများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လျက်ရှိသည်။ အဆိုပါသဘောတူညီလက်မှတ်ရေးထိုးမှုကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၇ ခုနှစ်မှ စတင်ကာ နှစ်စဉ်ဖေဖော်ဝါရီ ၂ ရက် ရောက်တိုင်း ကမ္ဘာ့ရေတိမ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး အသင်းတို့ ပူးပေါင်းကျင်းပသော ၂၀၁၃ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့ အထိမ်းအမှတ်နှင့် မုတ္တမပင်လယ်ကွေ့အား Ramsar Site အဖြစ် သတ်မှတ်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် **(အပေါ်ယာပုံ)**တက်ရောက်၍ အမှာစကားပြောကြားရာတွင် ရေတိမ်ဒေသများသည် လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် အရေးပါသည့် ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိခြင်း၊ ရာသီဥတုပြောင်းလဲမှုကို လျော့ပါးစေခြင်း၊ ဂေဟစနစ် ဝန်ဆောင်မှုများကို ပေးခြင်း၊ သာယာလှပသည့်အတွက် ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်ခြင်းစသည့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်သည့်အတွက် လွန်စွာတန်ဖိုးရှိသည့် နေရာဒေသများ ဖြစ်ကြောင်း၊ ရေတိမ်ဒေသများ အဖြစ် သတ်မှတ်ထားသည့် မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေကန်၊ တာတမံ၊ စိမ့်၊ စမ်း၊ ပင်လယ်ကမ်းစပ်ဒေသများသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝအတွက် အလွန်အရေးပါသည့် နေရာဒေသများဖြစ်ကြောင်း၊ ရေတိမ်ဂေဟစနစ် ကောင်းမွန်မှုကြောင့် ရေသယံဇာတပေါကြွယ်ဝခြင်း၊

ကမ္ဘာ့မြောက်ခြမ်းဒေသမှ ငှက်မျိုးစိတ်များအတွက် ဆောင်းခိုရာနေရာများ ဖြစ်ပေါ်စေခြင်းတို့ကို တွေ့ရှိရကြောင်း။

ရေတိမ်ဒေသများကို ထိန်းသိမ်းကာကွယ်သည့် နေရာတွင် အရေးပါသည့် လုပ်ငန်းတစ်ခုမှာ ကမ္ဘာ့အဆင့်ထူးခြားသည့် ရေတိမ်ဒေသများကို Ramsar Site အဖြစ် သတ်မှတ်နိုင်ရေးဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ ရေတိမ်ဒေသများသည် ဆောင်းခိုငှက်များ ပျံသန်းရာလမ်းကြောင်းအတွင်း ကျရောက်ပြီး ၎င်းတို့ ကျက်စားရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မိုးယွန်းကြီးအင်းကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော Ramsar Site အဖြစ် သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ရုရှားနိုင်ငံ ကမ်ချက်ကာ ကျွန်းဆွယ်ဒေသတွင် နေထိုင်ကျက်စားသည့် ရေညှော်နှုတ်သီးဝိုင်းငှက် (Spoon-billed Sand piper) ငှက်မျိုးစိတ်သည် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ကမ်းရိုးတန်းနှင့် မုတ္တမပင်လယ်ကွေ့ဒေသတို့တွင် ဆောင်းခိုကျရောက်လေ့ရှိကြောင်း၊ ထိုငှက်မျိုးစိတ်သည် မျိုးသုဉ်းလုနီးပါး အန္တရာယ်ကျရောက်နေပြီး တစ်ကမ္ဘာလုံးတွင် ကောင်ရေ ၂၄၀ နှင့် ၄၀၀ ခန့်အတွင်းသာ ကျန်ရှိတော့ကြောင်း၊ ထိုငှက်မျိုးစိတ်၏ ၅၀ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံတွင် ဆောင်းခိုလေ့ရှိသဖြင့် ၎င်းတို့အား ထိန်းသိမ်းစောင့်ရှောက်ရန် မုတ္တမပင်လယ်ကွေ့အား မြန်မာနိုင်ငံ၏ ဒုတိယမြောက် Ramsar Site အဖြစ် သတ်မှတ်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲမှရရှိလာမည့် ရလဒ်များသည် မုတ္တမပင်လယ်ကွေ့အား Ramsar Site အဖြစ် သတ်မှတ်နိုင်ရေး ရှေ့လုပ်ငန်းစဉ်ကိုချမှတ်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ရေတိမ်ဒေသအသစ်ဖွံ့စည်းနိုင်မှုအလားအလာ၊ ရေတိမ်ဒေသများအား အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ပြည်သူလူထု ပူးပေါင်းပါဝင်လာရေး၊ ဒေသခံပြည်သူလူထုအားအခြေခံသည့် သဘာဝသယံဇာတများ စီမံအုပ်ချုပ်ခြင်း၊ ကမ်းရိုးတန်းဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေမည့် နည်းလမ်းများရွေးချယ်ခြင်း၊ ဂျပန်နိုင်ငံ၏ ရေတိမ်ဒေသအတွေ့အကြုံနှင့် လူထုပူးပေါင်းပါဝင်မှု မုတ္တမ ပင်လယ်ကွေ့ဒေသအား Ramsar Site အဖြစ် သတ်မှတ်နိုင်ရေးနယ် နိမိတ်သတ်မှတ်ခြင်းနှင့် နယ်နိမိတ်လားရာ တိုင်းတာရန် အစီအစဉ်မူကြမ်းရေးဆွဲခြင်းတို့ကို နိုင်ငံတကာနှင့် မြန်မာနိုင်ငံမှ ပညာရှင်များက စာတမ်းများ ဖတ်ကြားကာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၂-၂၀၁၃ (တနင်္ဂနွေနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	သံသာချိုအေးမင်္ဂလာတေး
၁၁း၀၅	မြန်မာရုပ်ရှင်"သူ့ကျွန်မခံပြီ" (ညွန့်ဝင်း၊ကျော်သူ၊ကျော်ရဲအောင်၊ လွင်မိုး၊ စံရှားတင်၊ မေသန်းနု၊ နန္ဒာလှိုင်၊ မချိုသင်း) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၂း၃၀	၂၀၁၁ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ -"လူမှန်နေရာမှန်"(အပိုင်း-၁) (မင်းမော်ကွန်း၊ ဝက်မ၊ မိုးတိမ်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) -မြန်မာရုပ်ရှင် "စက္ကောမ" (ဒုတိယပိုင်း) (ခင်မောင်ဇင်၊ကြည်ကြည်ဌေး) (ဒါရိုက်တာ-ဦးတင်နွယ်)

မြန်မာကျွန်း ဘာကြောင့် ကမ္ဘာကျော်ရသလဲ

ဝင်းချစ်(အမျိုးသားစာပေဆုရ)

ကမ္ဘာပေါ်တွင် သစ်မျိုးပေါင်းထောင်ချီ၍ ရှိသည့် အနက် မြန်မာနိုင်ငံမှ ကျွန်းသစ်သည် ထိပ်တန်းစာရင်းဝင် သစ်မျိုးအဖြစ် ရပ်တည်ခဲ့သည်မှာ နှစ်ပေါင်း ရာချီခဲ့ပြီ ဖြစ်ပေသည်။

ဤသို့ ကမ္ဘာကျော်ရခြင်းမှာ အောက်ဖော်ပြပါ ထူးခြားချက်များကြောင့် ဖြစ်သည်။

(၁) အရောင်အဆင်း (feature) လှပခြင်း။
(၂) ကြာရှည်ခံခြင်း (durable)။
(၃) ကျုံ့မှုကြွမှု (shrinkage & swelling) နည်းခြင်း။
(၄) ပုံသဏ္ဌာန်တည်မြဲမှု(dimensional stability) ရှိခြင်း။
(၅) လုပ်ကိုင်ရ (workability)လွယ်ကူခြင်း။
(၆) အင်အား(strength) အသင့်အတင့်ကောင်းခြင်း။

ကျွန်းသစ်၏ အနှစ်သား (heartwood)သည် ရွှေရောင်ရင့်မှ အညို၊ အညိုရင့်ရောင်ရှိပြီး သစ်လုံးကို အလျားလိုက် နှစ်ကွင်းနှင့်အပြိုင် ခွဲစိတ်(flat-sawn) သည့်အခါ ရောင်စုံရေယုက်ထားသည့် အကွက်အကွင်းများ ထင်ရှားစွာပေါ်သဖြင့် လူအများကြိုက်နှစ်သက်ကြသည်။ အဆင့်မြင့်ပရိဘောဂများ၊ အဆောက်အအုံများတွင် ကျွန်းသစ်ကို ဂုဏ်ယူဝင့်ကြွားစွာ အသုံးပြုလေ့ရှိကြသည်။ အနောက်နိုင်ငံများတွင် ကျွန်းသစ်၏ တန်ဖိုးကြီးမြင့်မှုကြောင့် ကျွန်းသစ်ပါးလွှာ (Teak veneer) ကပ်ထားသည့် ပရိဘောဂများကိုသာ အသုံးပြုလေ့ရှိကြသည်။ ကျွန်းသစ်ကို ခွဲသားအတိုင်း အသုံးပြုနိုင်သူများအား solid Teak သုံးနိုင်သည့် သူကြွယ်များအဖြစ် အထင်ကြီးကြသည်။

ကျွန်းသစ် ကျော်ကြားရခြင်း၏ အကြောင်းများတွင် ကြာရှည်ခံမှုသည် အဓိကအရေးပါသော အချက်ဖြစ်သည်။ ဤသစ်သည် နေရာဒေသမရွေး၊ ရာသီဥတုမရွေး၊ ရေနှင့် ထိနေသည်ဖြစ်စေ၊ ရေ၌စိမ်ထားသည်ဖြစ်စေ နေပူမိုးရွာမရှောင် အသုံးပြုနိုင်သည်။ ကျွန်းသစ်သည် အခြားသစ်မျိုးများနှင့် မတူ တစ်မူထူးခြားစွာ ခြအပါအဝင် ပိုးမွှား(Insect) အမျိုးမျိုး၏ ဖျက်ဆီးမှုအန္တရာယ်နှင့် မှို (fungus) အမျိုးမျိုး၏ တိုက်ခိုက်မှုအန္တရာယ်တို့ကို ကာကွယ်နိုင်စွမ်းရှိသည်။ ဤသို့ကာကွယ်နိုင်သည်မှာ ကျွန်းသစ်တွင် အင်သရာကွန်နုန်း (Anthraquinone) ဟု ခေါ်ဆိုသည့် ဒြပ်ပေါင်းတစ်မျိုး ပါဝင်နေခြင်းကြောင့် ဖြစ်သည်။ နှစ်ပေါင်းရာချီကြာသည့်တိုင် ကောင်းမွန်နေဆဲ ရှေးဟောင်း စေတီပုထိုး၊ ဘုရား ကျောင်းကန်၊ ဇရပ်များကို စာရှုသူလေ့လာကြည့်ပါက ယင်းအဆောက်အအုံများအားလုံး (နီးပါး)ကို ကျွန်းသစ်ဖြင့်သာ တည်ဆောက်ထားရှိသည်ကို တွေ့မြင်နိုင်ပါသည်။

အင်္ဂလိပ်များသည် ၎င်းတို့၏ ကိုလိုနီခဲ့ရာတွင် ရေတပ်သည် အဓိကအရေးပါခဲ့သည်။ ရေတပ်အတွက် တိုက်သင်္ဘောပေါင်းမြောက်မြားစွာကို တည်ဆောက်ရာ၌

အစဦးတွင် ဝက်သစ်ချသစ် (Oak)ကို အသုံးပြုသည်။ နောင်တွင် ၎င်းတို့၏ ဝက်သစ်ချသစ်တောများ ပြုန်းတီးကုန်သဖြင့် အိန္ဒိယနိုင်ငံ မာလဘာနှင့် ကူးရ်ဂ်ပြည်နယ်များရှိ သစ်တောများမှ ကျွန်းပင်များကို ခုတ်လှဲအသုံးပြုကြသည်။ ယင်းသစ်တောများမှ ကျွန်းထွက်နှုန်းကျဆင်းလာသည့်အခါ မြန်မာနိုင်ငံသို့ ဦးလှည့်လာပြီး မြန်မာ့ကျွန်းတောများမှ ကျွန်းသစ်များဖြင့် သင်္ဘောဆောက်လုပ်ကြသည်။ သင်္ဘောများသည် ပင်လယ်သမုဒ္ဒရာများအတွင်း နေပူမိုးရွာမရှောင် သွားလာရပြီး ပင်လယ်ဆားငန်ရေနှင့်လည်း အစဉ်ထိတွေ့နေရသည်။ ကျွန်းသစ်သည် ကျုံ့မှုကြွမှုအနည်းဆုံး သစ်မျိုးများတွင် ပါဝင်သဖြင့် နေပူသည့်အခါ ကျုံ့ခြင်း၊ မိုးရွာသည့်အခါများနှင့် လှိုင်းပုတ်သည့်အခါ ရေစိုမှုကြောင့် ကြွခြင်းများ ဖြစ်ပေါ်သည့်အခါ ပြောင်းလဲမှုအလွန်နည်းခြင်းကြောင့် သင်္ဘောကုန်းပတ်နှင့် သင်္ဘောဝမ်းဗိုက်နံရံများ ကြာရှည်ခိုင်ခံ့ခြင်းဖြစ်သည်။

သစ်မျိုးတစ်မျိုး၏ ပုံသဏ္ဌာန်တည်မြဲမှုကို ယင်းသစ်မျိုး၏ နှစ်ကွင်းနှင့်အပြိုင် ကျုံ့မှု (Tangential Shrinkage) နှင့် နှစ်ကွင်းနှင့် ထောင့်မတ်ကျကျုံ့မှု (Radial Shrinkage) တို့၏ အချိုးဖြင့် သတ်မှတ်လေ့ရှိသည်။ ၎င်းအချိုးနှစ်ထက်နည်းသောသစ်မျိုးများသည် ပုံသဏ္ဌာန်တည်မြဲမှုကောင်းသော သစ်မျိုးများဖြစ်ကြသည်။ ကျွန်းသစ်သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျုံ့မှုကြွမှု အလွန်နည်းသည့် သစ်မျိုးဖြစ်သည်သာမက ပုံသဏ္ဌာန်တည်မြဲမှုအချိုးသည်လည်း ၁ ဒသမ ၈၃ ခန့်သာရှိသဖြင့် အဆင့်မြင့်ပရိဘောဂနှင့် အခြားသစ်သားထည်ပစ္စည်းများ ပြုလုပ်ရာတွင် ထိပ်တန်းမှ ရပ်တည်နိုင်ခြင်းဖြစ်သည်။

သစ်မျိုးတစ်မျိုး၏ လုပ်ကိုင်ရလွယ်ကူမှု (workability) ကို ခွဲစိတ်ခြင်း၊ ရွှေပေါ်ထိုးခြင်း၊ စရွေးထွင်းခြင်း၊ အပေါက်ဖောက်ခြင်း၊ ပွတ်ထိုးခြင်း၊ သံရိုက်ခြင်း၊ ပေါလစ်သုတ်ခြင်း စသည်တို့ပြုရာတွင် လွယ်ကူခက်ခဲမှု ရှိ၊ မရှိဖြင့် သတ်မှတ်လေ့ရှိသည်။ ကျွန်းသစ်သည် ခွဲစိတ်ရာတွင် လည်းကောင်း၊ ရွှေပေါ်ထိုးရာတွင် လည်းကောင်း၊ စရွေးထွင်းရာတွင် လည်းကောင်း၊ အပေါက်ဖောက်ရာတွင် လည်းကောင်း၊ ပွတ်ထိုးရာတွင် လည်းကောင်း၊ ပန်းပုထုရာတွင် လည်းကောင်း၊ သံရိုက်ရာတွင် လည်းကောင်း ခက်ခဲမှုမရှိဘဲ လွယ်ကူသည်သာမက ပေါလစ်သုတ်ရာတွင်လည်း လွယ်ကူစွာ တောက်ပြောင်သည့် သစ်မျိုးဖြစ်ခြင်းကြောင့် အဆောက်အအုံဆောက်လုပ်သူများနှင့် ပရိဘောဂအမျိုးမျိုးနှင့် သစ်သားထည် ပစ္စည်းအမျိုးမျိုးကို ပြုလုပ်သူများ (လက်သမား ဆရာ၊ ပန်းပုပညာရှင်နှင့် သစ်အတတ်ပညာရှင်များ) လိုလား

နှစ်သက်စွာ လုပ်ကိုင်လိုကြသည့် သစ်မျိုးဖြစ်သည်။

ကျွန်းသစ်၏ အင်အားသည် အသင့်အတင့်ကောင်းမွန်သောကြောင့် အဆောက်အအုံ၊ တံတားများ တည်ဆောက်ရာတွင် တိုင်၊ ထုပ်၊ လျောက်၊ ဒိုင်း၊ မြား၊ ရက်မ၊ ဆင့်၊ ကြမ်းခင်း စသည်များအဖြစ် အသုံးပြုနိုင်သည်။ စာရေးသူတို့နိုင်ငံတွင် ကျွန်းသစ်ထက် အင်အားကောင်းသော ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း စသည့် သစ်မျိုးများရှိနေခြင်းကြောင့် အင်အားကို အဓိကဦးစားပေးရသည့် အချို့နေရာများတွင် ပျဉ်းကတိုး၊ ပိတောက်သစ်မျိုးများဖြင့် တည်ဆောက်လေ့ရှိကြသော်လည်း ကမ္ဘာပေါ်ရှိသစ်မျိုးအများစုနှင့် နှိုင်းယှဉ်လျှင်မူ ကျွန်းသစ်၏အင်အားသည် ပျမ်းမျှအထက် (above the average)တွင် ရှိပါသည်။

အထက်ဖော်ပြပါ ထူးခြားချက်များအပြင် မြန်မာနိုင်ငံသည် ကျွန်းပင်ပေါက်သည့်ဒေသ (အိန္ဒိယ၊ မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဒီးယား)၏ အလယ်ဗဟိုတွင် တည်ရှိနေသောကြောင့် မြန်မာ့ကျွန်းတောများမှ အကောင်းဆုံးနှင့် အကြီးဆုံးကျွန်းပင်များထွက်သည်။ အကောင်းဆုံးသစ်တောများမှ အမြင့်ပေ ၁၆၀ နှင့် ရင်စို့လုံးပတ် ၁၀ ပေရှိသော ကျွန်းပင်များကို ရရှိနိုင်သည်။

ဤသို့ အဘက်ဘက်မှ ထူးခြားကောင်းမွန်ပြီး အဖိုးထိုက်တန်သည့် ကျွန်းသစ်ကို သဘာဝတရားကလည်း စာရေးသူတို့ကို ပေါများစွာ ဖန်တီးပေးထားပါသည်။ ထို့ကြောင့် သဘာဝအရ ပေါများစွာရရှိထားသည့် ကမ္ဘာကျော်ကျွန်းပင်များကို ရှေးယခင်ဘိုးဘွားစဉ်ဆက်က ထိန်းသိမ်းခဲ့သည့်နည်းတူ နောင်သားစဉ်မြေးဆက် အဓွန့်ရှည်စွာ စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေးအတွက် စာရေးသူတို့ နိုင်ငံသူ နိုင်ငံသားအားလုံး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် အလွန်အရေးကြီးလှပါကြောင်း ရေးသားလိုက်ရပေသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၂-၂၀၁၃(တနင်္ဂနွေနေ့)

၇း၀၃ တရားတော်
၈း၁၀ မြန်မာစာ မြန်မာစကား(၁၁)
၁၁း၁၇ ဖားစည်သံဝေ ဖွဲ့ကပင်မြေ(ကရင်)
၁၁း၂၉ ကာတွန်းအစီအစဉ်
-ကမ္ဘာကျော်အိပ်ရာဝင်ပုံပြင်များ (အပိုင်း-၄၂)
၁၁း၄၄ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
အိပ်မက်အဖြစ်သာ ကျန်ရစ်စေ
၁း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"ဒဏ်ရာများနဲ့ချစ်သူ"(အပိုင်း-၁၈)
၅း၂၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၂၃ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-တိမ်လွှာထက်က ဖန်ရဲတိုက် (အပိုင်း-၂၂)
-ပဟေဠိနန်းတော်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"နှုတ်ဖျားထက်က သစ္စာ" (အပိုင်း-၅၈)



မင်းဘူးခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂

ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး-အမ်းလမ်းတစ်လျှောက် လမ်းတိုးချဲ့လုပ်ဆောင်နေမှုများကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများက လမ်းတိုးချဲ့နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အစပ်ရှိ နတ်ရေကန်တောင်ပေါ်သို့ရောက်ရှိပြီး ငဖဲမြို့နယ် လိုင်ကျေးရွာ သစ်မွေး ၁ ဒသမ ၆ ဧကစိုက်ပျိုးဖြစ်ထွန်းနေမှု၊ ကုမ္ပဏီများမှ လက်ဖက်စိုက်ပျိုးနေမှု၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၏ ရာသီသီးနှံနှင့် ကော်ဖီပညာပေးရေး နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ နတ်ရေကန်ကော်ဖီခြံတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် မင်းဘူးမြို့နယ် ပဒါန်းတိုက်နယ်ဆေးရုံ၌ ဆေးရုံသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များကိုလည်းကောင်း၊ ရွှေစက်တော်ဘုရား၌ ၁၃၇၄ ခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဖူလုံရေးဥပဒေများနှင့် စီမံကိန်းဆိုင်ရာများ လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ရှင်းလင်းပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဦးယုလွင်အောင်သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ပြည်တွင်းသတင်း ဌာနများနှင့် ဂျာနယ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လူမှုဖူလုံရေးအဖွဲ့က လက်ရှိကျင့်သုံးလျက်ရှိသော ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်က အတည်ပြုပြဌာန်းခဲ့သည့် (၂၀၁၂) ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် လူမှုဖူလုံရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဆက်လက် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌက (၂၀၁၂) ခုနှစ် လူမှုဖူလုံရေးဥပဒေတွင် တိုးမြှင့်ခံစားခွင့်ရှိသော ဆေးကုသမှုကိစ္စများ၊ ငွေကြေးအကျိုးခံစားခွင့်များအပြင် အသစ်ထပ်မံဖြည့်စွက်ပြဋ္ဌာန်းထားသည့် သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်၊ မကျန်းမာမှုကြောင့် လုံးဝအလုပ်လုပ်ကိုင်ခြင်းမရှိမှု အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် အာမခံစနစ်၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့် အာမခံစနစ်နှင့် လူမှုဖူလုံရေးအိမ်ရာ အာမခံစနစ်တို့နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြီး မေးမြန်းမှုများကို ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

လယ်ယာသုံးစက်ကိရိယာအသုံးပြုရေး ပညာပေးဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုမှု လက်တွေ့သရုပ်ပြပွဲကို ဇန်နဝါရီ ၃၁ ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပုတ္တကျေးရွာအုပ်စု သစ်စုကျေးရွာ ကွင်းအမှတ် (၇၀၅) ဦးပိုင် (၂၇) ဦးမြင့်ဆွေပိုင် လယ်ယာမြေ ၁၈ ဧကတွင်ပြုလုပ်ပြီး လယ်ယာသုံးစက်ကိရိယာများ၊ ကျွမ်းကျင်စွာအသုံးပြုနိုင်ရေး၊ စက်ကြီးဖြင့် မဆောင်ရွက်နိုင်သော မြေများအား စက်ငယ်များဖြင့် လုပ်ငန်းခွင်ဆောင်ရွက်နိုင်ရေးများကို လက်တွေ့ကွင်းဆင်း ပြသသည်။ ယင်းစက်ကိရိယာ အသုံးပြုမှု ပြသပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကိုကို၊ မြောက်ပိုင်းခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးနိုင်မင်းသူနှင့် မြို့နယ်စက်မှု လယ်ယာဦးစီးဌာနမှူး ဦးထွန်းထွန်းဦးတို့က တက်ရောက်လာကြသော တောင်သူ၁၅၀ ကျော်တို့အား အသိပညာပေး ဆွေးနွေးဟောပြောခြင်း၊ စက်ကိရိယာ အသုံးပြုပုံများ(**အပေါ်ပုံ**) လက်တွေ့သရုပ်ပြခြင်းများကို ပြုလုပ်ပြသခဲ့သည်။

(၆၈၄)

ပို့ဆောင်ရေးဈေးနှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၂

ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်-မူဆယ်ကားခများဈေးကျပြီး ရန်ကုန်-တောင်ကြီးကားခများ ဈေးမြင့်တက်လာကြောင်း၊ ၂၀၁၂ ဖေဖော်ဝါရီလဆန်း ကားခများနှင့် နှိုင်းယှဉ်လျှင် ယခုနှစ်ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်- မူဆယ် ကားခများ ဈေးနှုန်းသက်သာမှုရှိသည်ဟု ကုန်ကားဂိတ်များမှ သိရသည်။

ယခင်ရက်ပိုင်းတွင် ရန်ကုန်-မူဆယ်ဆန်တစ်တန်လျှင် ကားခ ငွေကျပ် ၈၅၀၀၀ ဝန်းကျင်၊ ဖရဲသီးတစ်တန်လျှင် ငွေကျပ် ၁၁၀၀၀၀ မှ ၁၂၀၀၀၀ ဝန်းကျင်ရှိခဲ့သော်လည်း ဖေဖော်ဝါရီလဆန်းတွင် ဆန်တစ်တန်လျှင် ကားခ ငွေကျပ် ၈၀၀၀၀၊ ဖရဲသီးတင်ပို့ရာ ဒေသပေါ်မူတည်၍ တစ်တန်လျှင် ငွေကျပ် ၁၁၀၀၀၀ ဝန်းကျင်သာရှိကြောင်း ကားဂိတ်များမှ သိရသည်။

ယခင်နှစ် ၂၀၁၂ ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်-မူဆယ် ဖရဲသီး ကားခ တစ်တန်လျှင်ငွေကျပ် ၁၄၀၀၀၀ မှ ငွေကျပ် ၁၅၀၀၀၀ နှုန်းထိရှိခဲ့ကြောင်း၊ ရန်ကုန်-မန္တလေးကားခ ကုန်တစ်ပိဿာလျှင် ငွေကျပ် ၈၀ ဝန်းကျင်ရှိသော်လည်း ယခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ၇၅ ကျပ်ဝန်းကျင်သာရှိသည်ဟု ကားပိုင်ရှင်များက ဆိုသည်။

ပြည်ပမှ တင်သွင်းလာသော ကြက်စာအိတ်များ အဝင်များလာပြီး တောင်ကြီးနယ်သို့ အပို့များလာသည်။ ဖေဖော်ဝါရီလဆန်းတွင် တောင်ကြီးဒေသမှ အဆင်းကုန်ရှားပါးမှုကြောင့် ကုန်ကား အဝင်နည်းလာသည့်အတွက် ဆန်တစ်အိတ်ကားခ ငွေကျပ် ၁၇၀၀ နှုန်းရှိသော ရန်ကုန်-တောင်ကြီးခရီးစဉ်တွင် ယခုရက်ပိုင်းတွင် ငွေကျပ် ၂၄၀၀ နှုန်းသို့မြင့်တက်လာကြောင်း၊ ရန်ကုန်-တောင်ကြီးခရီးစဉ်တွင် ကားခ တစ်အိတ်ငွေကျပ်၇၀၀ ဈေးတက်သော်လည်း ကုန်ကားပိုင်ရှင်များ ဝင်ငွေသိသာစွာမြင့်တက်လာခြင်း မရှိကြောင်း၊ သို့သော် ဆန်တင်ပို့နေသူများ အနေဖြင့် ကားခမြင့်တက်လာသဖြင့် အကျိုးအမြတ်နည်းပါးလာသည်ဟု ကုန်ကားပိုင်ရှင်နှင့် ဆန်ကုန်သည်များထံမှ သိရသည်။

(မောင်စေအောင်)



ပညာပေးကာလမရှိတော့ပါ

ဇော်ဝင်းမောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းသို့ နယ်စပ်ဒေသများမှ ဖြတ်ကျော်ဝင်ရောက်လာသည့် ကုန်ပစ္စည်းများတွင် အရည်အသွေးမပြည့်မီသော ပစ္စည်းများပါလာခြင်းကြောင့် စားသုံးသူပြည်သူများအတွက် အန္တရာယ်ရှိလာနိုင်သည့်အပြင် နိုင်ငံတော်၏ အခွန်ဘဏ္ဍာဝင်ငွေကိုလည်း ထိခိုက်နစ်နာစေပါသည်။

နိုင်ငံတော်သမ္မတရုံး၏ (၁၂-၁၂-၂၀၁၂)နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၁၂) ဖြင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့(၂)ကို နယ်စပ်ဒေသကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားလှယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သတင်းမီဒီယာများမှ ပုဂ္ဂိုလ်များပါဝင်သောအဖွဲ့ကို ဖွဲ့စည်း၍ မြဝတီ-မဲဆောက်လမ်းကြောင်းမှ တရားမဝင် ဝင်ရောက်လာသော ကုန်ပစ္စည်းများကို ဝေါမြို့နယ် စစ်တောင်းတံတားအဟောင်းအသစ်ဆုံရာ ညောင်ခါးရှည်၊ ဒိုက်ဦးသွား မဟာဗျူဟာလမ်းဆုံ၌ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရသည်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့သည် ယခင်(၂၁-၁၁-၂၀၁၂)နေ့မှ (၂၀-၁-၂၀၁၃) နေ့အထိ နှစ်လအတွင်း ပညာပေးကာလအဖြစ် သတ်မှတ်၍ ပို့ကုန်သွင်းကုန်လိုင်စင်များ ပြုလုပ်စေလျက် နိုင်ငံတော်သို့ ကျသင့်သည့် အခွန်ဘဏ္ဍာငွေကို ပေးသွင်းစေခဲ့ပါသည်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့သည် (၂၁-၁-၂၀၁၃) နေ့မှစ၍ မြဝတီ-မဲဆောက်လမ်းကြောင်းမှ ဝင်ရောက်လာသည့် လိုင်စင်မဲ့၊ အကောက်ခွန်မဲ့ပစ္စည်းများနှင့် ကန့်သတ်ကုန်ပစ္စည်းများကို တားဆီးသိမ်းဆည်း၍ အကောက်ခွန်ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ မှတ်တမ်းပြုစု၍ အရေးယူဆောင်ရွက်လျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့ (၂)၏ ဆောင်ရွက်ရသည့် အဓိကအကြောင်းရင်းမှာ-

(က) တရားဝင်ကုန်သွယ်မှုများ လျော့နည်းကျဆင်းရခြင်း။

(ခ) တရားဝင်ကုန်သွယ်မှုလမ်းကြောင်းတွင် ပုံမှန်လုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် ဈေးကွက်တွင် တရားမဝင် ဆောင်ရွက်ကြသူများကြောင့် ယှဉ်ပြိုင်နိုင်စွမ်း မရှိဖြစ်လာခြင်း။

(ဂ) အရည်အသွေးမပြည့်ဝသည့် ကုန်ပစ္စည်းများကြောင့် စားသုံးသူပြည်သူများအတွက် အန္တရာယ်ရှိလာခြင်း။

(ဃ) တရားမဝင်ဝင်ရောက်လာသော ကုန်ပစ္စည်းများကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ထိခိုက်လာပြီး စက်ရုံငယ်/လုပ်ငန်းငယ်များ၏ စီးပွားရေးရပ်တန့်သွားသည့်အတွက် အလုပ်လက်မဲ့များဖြစ်လာခြင်း။

(င) တရားမဝင်ကုန်သွယ်မှုကြောင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်လာခြင်း စသည်တို့ကိုတွေ့ရသည်။

မြန်မာ-ထိုင်းနယ်စပ်(မြဝတီ-မဲဆောက်ကုန်သွယ်ရေးဇုန်) တွင် နှစ်နိုင်ငံတရားဝင်ကုန်သွယ်မှု ကိန်းဂဏန်းများအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း တစ်လလျှင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာနှစ်သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၆ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၈ သန်းရှိကြောင်း သိရသည်။ ၎င်းပမာဏကိုကြည့်ပါက မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်လျှင် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၈၀၀ ကျော်မျှ နစ်နာဆုံးရှုံးမှုရှိကြောင်း သိရသည်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့ (၂)ကို ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် (၂၀၁၁-၂၀၁၂) ဘဏ္ဍာရေးနှစ်အစ ဧပြီလတွင် မြဝတီနယ်စပ်ကုန်သွယ်ရေးမှ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၂ဒသမ ၉၈၅ သန်း၊ မေလတွင် ၁ဒသမ ၅၉၄ သန်း၊ ဇွန်လတွင် ၈ ဒသမ ၂၂၂ သန်း၊ ဇူလိုင်လတွင် ၄ ဒသမ ၇၂၆ သန်း၊ ဩဂုတ်လတွင် ၇ ဒသမ ၈၉၄ သန်း၊ စက်တင်ဘာလတွင် ၁၁ ဒသမ ၇၄၈ သန်း၊ အောက်တိုဘာလတွင် ၁၁ ဒသမ ၈၄၅ သန်းသာ ရရှိခဲ့ရာမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ၁၉ ဒသမ ၃၅၄ သန်း၊ ဒီဇင်ဘာလတွင် ၃၁ ဒသမ ၈၇၁ သန်းအထိ တိုးတက်ရရှိလာခဲ့ကြောင်း သိရသည်။ ၎င်းအချက်ကိုကြည့်ပါက တရားမဝင် ဝင်ရောက်လာသော ကုန်သွယ်ရေးလမ်းကြောင်း၏ဖြစ်စဉ်မှာ ထင်သာမြင်သာရှိသဖြင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေရရှိမှု အားနည်းနေကြောင်းမြင်တွေ့နိုင်သည်။

ယနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ပြည်သူအများစု လိုလားတောင့်တနေသော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ လာဘ်ပေးလာဘ်ယူမှုများ ပပျောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲရေးစသဖြင့် နယ်ပယ်စုံကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေချိန်ဖြစ်သည်။

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး အဖွဲ့(၂)သည် (၂၀-၁-၂၀၁၃)ရက်နေ့ည ၁၂ နာရီမှစ၍ ပညာပေးကာလကုန်ဆုံးခဲ့ပြီးဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းသို့ နယ်စပ်ဒေသများကို ဖြတ်ကျော်၍တရားမဝင်တင်သွင်းလာသောလိုင်စင်မဲ့၊အကောက်ခွန်မဲ့ပစ္စည်းများနှင့် ကန့်သတ်ကုန်ပစ္စည်းများကို တရားဥပဒေနှင့်အညီ သိမ်းဆည်းလျက် အရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ခရိုနီအနွယ်ဝင် ဝိသမလောဘသား စီးပွားရေးသမားများကို ပညာပေးကာလမရှိတော့ပါကြောင်း အသိပေးရေးသားလိုက်ပါသည်။ ။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ အဆင့်မြင့်စက်မှုလယ်ယာဘက်စုံသီးနှံဧက (၂၀၀၀) စံပြစိုက်ကွင်းအတွင်း ခင်းကျင်းပြသထားသည့် စပ်မျိုးအစေ့ထုတ်ပြောင်း၊ အထူးအထွက်တိုးမြေပဲမျိုးစေ့များနှင့် ကုန်ချောပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● ရွှေဖုံးမှ

စိုက်ပျိုးရေရရှိရန် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း။

ပဲခူးတိုင်းဒေသကြီးတွင် မိုးရွာသွန်းမှုနည်းပါးသော်လည်း ရေမြုပ်ဧရိယာများရှိနေသဖြင့် ရေကိုအကျိုးရှိစွာ စီမံခန့်ခွဲပြီး သုံးစွဲနိုင်ရေးအတွက် နည်းလမ်းရှာဖွေရမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေသည့် ဆည်၊ တာတမံများသည် စိုက်ပျိုးရေဖြန့်ဝေပေးနိုင်အောင်လည်း စီမံဆောင်ရွက်ရမည်ဖြစ်ရာ ရေလုံလောက်စွာရရှိသိုလှောင်ရေးနည်းလမ်းများကိုလည်း စဉ်းစားကြံဆစေလိုကြောင်း။

သီးနှံစိုက်ပျိုးရာတွင် မိမိတို့နိုင်ငံသည် ဆန်စပါးကို အဓိကထား စားသုံးသည့်အတွက် စပါးတစ်သီးကို မဖြစ်မနေ စိုက်ပျိုးကြရန်နှင့် ကျန်နှစ်သီးကိုမူ ဈေးကွက်လိုအပ်ချက်အပေါ် မူတည်၍ စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးရှိစိုက်ပျိုးရေးပညာရှင်များဖြင့်စံပြစိုက်ပျိုးရေးစခန်းများ တည်ထောင်ပြီး တောင်သူများအတွက် ဈေးကွက်လိုအပ်ချက်နှင့်အညီ ပြောင်းလဲစိုက်ပျိုးနိုင်ရေး ပံ့ပိုးပေးနိုင်ရန် ဖြစ်ကြောင်း။

စပါးစိုက်ပျိုးရာတွင် တောင်သူများကြိုက်နှစ်သက်သည့် စပါးမျိုးကိုသာ စိုက်ပျိုးစေပြီး အရည်အသွေးကောင်း၍ အထွက်နှုန်းကောင်းသည့် စပါးမျိုးကို ရွေးချယ်စိုက်ပျိုးတတ်စေရန် ပံ့ပိုးရမည်ဖြစ်ကြောင်း၊ ပုလဲသွယ်စပ်မျိုးစပါးမှာ မျိုးချန်၍မရသဖြင့် ခရိုင်အလိုက် မျိုးစေ့ထုတ်စိုက်ခင်းများ ထူထောင်ပေးရန်လိုကြောင်း။

အရှေ့တောင်အာရှဒေသတွင်မြန်မာနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ဒုတိယမြေဧရိယာအကျယ်ဆုံးနိုင်ငံဖြစ်ပြီး စိုက်ပျိုးမြေဧရိယာများစွာရှိနေသော်လည်း အဓိကစိုက်ပျိုးရေးထွက်ကုန်ဖြစ်သည့် ဆန်စပါးကို တန်ချိန်တစ်သန်းသာ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သေးကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို တစ်ဆမှ သုံးဆအထိ တိုးတက်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းကြရန်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် လယ်ယာကဏ္ဍတိုးတက်လာရန် လက်တွေ့ပြသပေးခြင်းသာ ဆောင်ရွက်ပေးနိုင်ကြောင်း၊ ထို့ကြောင့် တစ်ဦးချင်းဝင်ငွေ သုံးဆတိုးတက်လာရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးမှာ အပြန်အလှန် အကျိုးပြုနေသဖြင့် မွေးမြူရေးကိုလည်း တွဲဖက်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံသည် တစ်ဦးချင်းဝင်ငွေ အနည်းဆုံးနိုင်ငံဖြစ်နေသဖြင့် မိမိတို့အစိုးရလက်ထက်တွင် တစ်ဦးချင်းဝင်ငွေ တိုးတက်အောင် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် ဧရာဝတီတိုင်းဒေသကြီးထက် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရန် အလားအလာပိုမိုကောင်းမွန်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်ထားသည့် ဘက်စုံစံပြစိုက်ပျိုးမွေးမြူရေးစခန်းများလည်း ထူထောင်ရမည်ဖြစ်ကြောင်း။

သီးနှံများစိုက်ပျိုးရာ၌ နောင်တွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှုအစား အော်ဂဲနစ်စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲစိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်း နို့စားနှင့် အသားစားနွားများကို ကောင်ရေများများဖြင့် တိုးချဲ့မွေးမြူပြီး ပြည်ပနိုင်ငံများသို့ တရားဝင်တင်ပို့ရောင်းချနိုင်ရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတူ ပြည်သူများ အာဟာရပြည့်ဝပြီး ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်ထက်မြက်စေရန်အတွက် နွားနို့သောက်သုံးခြင်းကိုလည်း ပညာပေးလှုံ့ဆော်ကြရန်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ပုဂ္ဂလိကက လွှဲပြောင်းဆောင်ရွက်လာစေရန် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်မြေသယံဇာတကြွယ်ဝပြီး ရာသီဥတု သင့်တင့်မျှတမှုရှိသော်လည်း ကောင်းစွာအသုံးမချနိုင်၍ ထုတ်လုပ်မှုနည်းပါးနေသေးကြောင်း၊ ထို့အတူ ဧရာဝတီ၊ ချင်းတွင်း စသည့် မြစ်ကြီးများမှ အဖိုးတန်ရေချိုများကိုလည်း မိမိတို့ အကျိုးရှိစွာ အသုံးမချနိုင်သေးသဖြင့် ပင်လယ်ထဲသို့သာ အလဟဿ စီးဝင်သွားပြီး ရေငန်များဖြစ်သွားရကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ဆည်၊ တာတမံ တည်ဆောက်နိုင်သည့် နေရာများစွာရှိနေရာ နောင်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆည်၊ တာတမံများ တည်ဆောက်သွားရန် ဖြစ်ကြောင်း။

လယ်ယာထွက်ကုန် တိုးတက်လာရန်အတွက် ပြည်သူများ၏ ကြိုးစားအားထုတ်မှုနှင့်အတူ နည်းပညာလိုအပ်သဖြင့် ခေတ်မီနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်များ ဈေးကွက်ရရှိရန်အတွက် Supply Change ကိုလည်း အစမှအဆုံးထိ လေ့လာစဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို စက်မှုနိုင်ငံဖြစ်အောင် ဦးတည်ဆောင်ရွက်နေသော်လည်း လောလောဆယ်တွင် နိုင်ငံအတွက် အဓိကဝင်ငွေရှာဖွေပေးနေသည့် လယ်ယာကဏ္ဍကို ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စံပြစိုက်ကွင်းအတွင်း ပြသထားသည့် ဘက်စုံသုံး လက်တွန်းထွန်စက်ငယ်များနှင့် စက်ယန္တရားများကို လှည့်လည်ကြည့်ရှုပြီး ညောင်ပင်သာကျေးရွာနှင့် ဝန်းကျင်ကျေးရွာများမှ တောင်သူလယ်သမားများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာ၌ တောင်သူများအနေဖြင့် စိုက်ပျိုးသီးနှံများကို အထွက်တိုးအောင် စိုက်ပျိုးနိုင်မှသာ လယ်ယာကဏ္ဍ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လယ်မြေ တစ်ဧက၊ နှစ်ဧကခန့်သာပိုင်ဆိုင်သည့်တောင်သူဦးရေမှာ တစ်နိုင်ငံလုံး ဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ထို့အတူ လယ်ယာမြေများလည်း ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖြစ်တည်နေကြောင်း၊ ထို့ကြောင့် တစ်သီးမှ သုံးသီးထိ စိုက်ပျိုးနိုင်မည့်လယ်ယာမြေပြုပြင်ရေးဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ခေတ်မီလယ်ယာမြေဖော်ထုတ်နိုင်ရန် ကုမ္ပဏီများက ဆောင်ရွက်ပေးနိုင်ကြောင်း၊ ပြုပြင်ပြီးလယ်ယာမြေများ၏တန်ဖိုးမှာ မူလမြေတန်ဖိုးထက် များစွာ မြင့်တက်ကွာခြားသွားပါကြောင်း၊ ထို့အတူ လယ်ယာမြေပိုင်ဆိုင်ခွင့်ရပြီးဖြစ်၍ မိမိတို့၏ပြုပြင်ပြီး တန်ဖိုးမြင့်လယ်ယာမြေများကို စိုက်ပျိုးရေးကဏ္ဍတိုးချဲ့နိုင်ရေးအတွက် ဘဏ်များတွင်ပေါင်နှံ၍ ချေးငွေရယူဆောင်ရွက်နိုင်ပါကြောင်း၊ လယ်ယာလုပ်ငန်းဆောင်ရွက်ရာတွင် သမားရိုးကျမဟုတ်ဘဲ ပြောင်းလဲဆောင်ရွက်မှသာ လယ်သမားများဘဝတိုးတက်လာပြီး ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝလည်း ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးလာရန် အလားအလာကောင်းများစွာရှိပြီး စိုက်ပျိုးမြေများအတွက်လည်း ဆည်ရေရရှိအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေကို တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းအထိ တိုးမြှင့်ထုတ်ချေးပေးနေသော်လည်း မလုံလောက်နိုင်ကြောင်း၊ အဆင့်မြင့်လယ်မြေများပြုပြင်ပြီးပါက ချေးငွေအလုံအလောက်ရနိုင်ကြောင်း၊ တောင်သူများအနေဖြင့်လည်း စိုက်ပျိုးရေးကိုသာမက မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြရန်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ကိုယ်တိုင်ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့ကလည်း တတ်နိုင်သမျှ ဝိုင်းဝန်းပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တောင်သူလယ်သမားများအား တစ်အိမ်ထောင်လျှင် ဆိုလာမီးအိမ်တစ်လုံးစီပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ခင်းကျင်းပြသထားသည့် စပ်မျိုးအစေ့ထုတ်ပြောင်းနှင့် အထူးအထွက်တိုး မြေပဲမျိုးစေ့များ၊ ကုန်ချောပစ္စည်းများနှင့် စိုက်ကွင်းအတွင်းရှိ စပ်မျိုးပြောင်းစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာရှိ အဆင့်မြင့် စံပြစက်မှုလယ်ယာ ဧက(၅၀၀) စံပြစိုက်ကွင်းသို့ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက အဆင့်မြင့်စံပြစက်မှုလယ်ယာများ ဖြစ်ပေါ်လာပြီးဖြစ်၍ မိမိတို့၏ လယ်ယာမြေများ တန်ဖိုးမြင့်မားလာပြီဖြစ်ကြောင်း၊ ကုန်ထုတ်လမ်း၊ ရေပေးမြောင်းများဖြင့် လယ်ယာမြေများ စနစ်တကျ ပေါ်ထွန်းလာမှုနှင့်အတူ ယင်းမြေများတွင် တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း၊ နောင်တွင် ကျေးရွာအုပ်စုများ၌ သမဝါယမလယ်ယာကုန်ထုတ်အသင်းများ ထူထောင်ပေးပြီး ရိတ်သိမ်းခြွေလှေ့စက်၊ လယ်ထွန်စက်၊ ဘက်စုံသုံးလယ်ထွန်စက် စသည့် လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လယ်သမားချမ်းသာမှ တိုင်းပြည်ချမ်းသာမည်ဖြစ်၍ လယ်သမားများကိုယ်တိုင်ကလည်း ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး တောင်သူလယ်သမားများအား ဆိုလာမီးအိမ်တစ်လုံးစီ ပေးအပ်သည်။

ယနေ့နိုင်ငံတော်သမ္မတသွားရောက်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် နေပြည်တော်-ရန်ကုန် အမြန်လမ်းမ မိုင်တိုင်အမှတ်(၁၀၇)နံဘေးရှိ ညောင်ပင်သာ အဆင့်မြင့်စက်မှုလယ်ယာ ဘက်စုံသီးနှံစံပြ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင်မြေတွင် ပုဂ္ဂလိကကုမ္ပဏီအား လုပ်ပိုင်ခွင့်ပေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှစတင်၍ ဝန်ထမ်းအင်အား ၇၀၀ ခန့်နှင့် ကုမ္ပဏီပိုင်စက်ယန္တရားများအသုံးပြုပြီး အဆင့်မြင့်လယ်ယာစနစ်ဖြစ်သော ဟက်တာကွက်များကို ဧက ၂၀၀၀ တိုင်းတာဖော်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေရရှိရေးအတွက် တူးမြောင်းများ ဖောက်လုပ်ပြီး ကွန်ချောင်းမှ ရေတင်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ဆောင်းသီးနှံအဖြစ် မိုးခေါင်ဒဏ်ခံနိုင်ရည် မြင့်မားသော အစေ့ထုတ်စပ်မျိုးပြောင်း (U-H-008) ကို ဧက ၁၀၀၀ စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း၊ ထွက်ရှိလာမည့် အစေ့ထုတ်ပြောင်းဖူးများကို (Silo) ခေတ်မီသန့်စင်စက်ကြီးများဖြင့် ခြောက်သွေ့အောင်ပြုလုပ်ပြီး နိုင်ငံတကာ အဆင့်မီထုပ်ပိုးစက်များဖြင့် Ready Cargo ပြုလုပ်ကာ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ မိုးသီးနှံအဖြစ် ပုလဲသွယ် အထူးအထွက်တိုး စပ်မျိုးစပါးနှင့် အခြားသီးနှံများကိုဆက်လက်စိုက်ပျိုးရန်နှင့် သဘာဝဓာတ်မြေဩဇာရရှိရေးအတွက် နွားကောင်ရေ ၅၀၀၀ ကို တွဲဖက်မွေးမြူသွားမည်ဖြစ်ကြောင်း။

ထို့အပြင် ခေတ်မီ Mechanized Farming အဖြစ် ရောက်ရှိနိုင်ရန် Weather Station များနှင့် Soil Test ကိရိယာတပ်ဆင်ခြင်း၊ ရိတ်သိမ်းစက်၊ အခြောက်ခံစက်၊ ခြွေလှေ့စက်နှင့် Silo စက်များ ထပ်မံဝယ်ယူပြီး ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထွက်ရှိလာမည့် သီးနှံများကိုလည်း ကုန်ကြမ်းအဖြစ် တင်ပို့ရောင်းချမှုအဆင့်မှ Value added အဖြစ် Finished Product များ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်နိုင်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် စံနမူနာပြဖြစ်လာခဲ့ပြီး ဒေသခံပြည်သူများကိုလည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေသည့်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်လျက်ရှိသည်။

အဆင့်မြင့်စံပြစက်မှုလယ်ယာ ဧက ၅၀၀ စံပြစိုက်ကွင်းသည် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိနေပြည်တော်-ရန်ကုန် အမြန်လမ်းမ မိုင်တိုင်အမှတ်(၁၄၆)အနီးတွင်ရှိသည်။ ယခုအခါ ပိတောက်ခင်ကျေးရွာမှ တောင်သူများ၏ လယ်ယာမြေဧက ၂၀၀ ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဆင့်မြင့် စံပြစက်မှုလယ်ယာမြေအဖြစ် ဖော်ထုတ်ပေးပြီးဖြစ်သည်။ ယင်းစိုက်ကွင်းတွင် ပုလဲသွယ်စပ်မျိုးစပါး ဧက ၂၀ မျိုးစေ့ထုတ်လုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ အင်ဒိုင်း၊ ရွာပုကုန်းနှင့် ထန်းပင်ကောက်ကျေးရွာများမှ တောင်သူများ၏ လယ်ယာမြေဧက ၃၀၀ ကိုလည်း အဆင့်မြင့်လယ်ယာမြေအဖြစ် ဖော်ထုတ်လျက်ရှိသည်။ ထိုသို့ဖော်ထုတ်ပေးနိုင်မှုကြောင့် တောင်သူများ၏ သမားရိုးကျလယ်ယာမြေများမှာ ခေတ်မီအဆင့်မြင့် စက်မှုလယ်ယာမြေများအဖြစ် ပေါ်ထွန်းလာပြီး ယခင်က တစ်နှစ်တစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုအခါ သုံးသီးစိုက်ပျိုး လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လယ်ယာစပါး ပြည့်အားထား

တားဆီးကာကွယ် မီးရန်ခယ်

သူ့အမြင် သူ့အတွေး

ခေတ်နှင့်အညီ ပြင်ဆင်ပြဌာန်

မြန်မာနိုင်ငံတွင် မြွေကိုက်ခံရသည့်ဖြစ်စဉ်မျာ
မနည်းလှပေ။ အထူးသဖြင့် ကျေးလက်ဒေသများတွ
ချက်ချင်းအကိုက်ခံရသော်လည်း ရှေးဦးသူနာပြုစုန
ပြုစုပြီးမှ ကျန်းမာရေးဌာနများသို့ အချိန်မီပို့ဆောင်ကု
သာ ရနိုင်မည်ဖြစ်ပါသည်။သို့အတွက်ကြောင့် ရှေးဦး
အလွန်အရေးကြီးပါသည်။

မနေ့က အိမ်ပြန်ရောက်တော့ တတိယတန်းမှသ
တစ်ခုကို အမှတ်မထင်ကြားလိုက်ရသည်။ "မြွေကိုက်
ရေများများဖြင့် ချက်ချင်းဆေးပါ။ ရေမရှိပါကကျ
ဒဏ်ရာ၏အထက်ပိုင်းတွင် ကြိုးဖြင့်စည်းထားပါ။
ကြိုး၏အောက်တွင်လက်ညှိုးခံစည်းပါ။ စည်းပြီးမှလက
မြွေကိုက်ခံရသည့်ခြေလက်အင်္ဂါကိုမလှုပ်မိအောင် ဝ
တွဲချည်ထားပါ။ ထို့နောက် ကျန်းမာရေးဌာနသို့ လူနာ
ဟု ကျက်မှတ်နေပါသည်။

ကျောင်းသုံးစာအုပ်ကော်မတီက ခေတ်နှင့်အည
ဖြစ်အောင် ပြင်ဆင်ခြင်းမပြုသည်လား၊ ကျန်းမာ

☆ ကျော်ဖုံးမှ

ထို့နောက် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)ရှိ စားရိပ်သာ၌ အုပ်ချုပ်၊ နည်းပြနှင့်အားကစားသမားများအား ဘူဖေးစနစ်ဖြင့် ချက်ပြုတ်ကျွေးမွေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ အားကစားနည်းအလိုက် တာဝန်ခံညွှန်ကြားရေးမှူးများနှင့် နည်းပြများအား တွေ့ဆုံ

ကာ ပြည်ထော
ကြိမ်မြောက်
အားကစားပြိုင
တဖြည်းဖြည်း
အားလုံးအနေ
တာဝန်ယူလိုစိ
ထုတ်၍ ကြပ်
အားကစားလေ့
အုပ်ချုပ်မှုကိုစွ
ရှိသူအဆင့်ဆ

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦး
အာရှ အားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် အားက

○ ရန်ကုန်-ပြည်လမ်းပိုင်းမှ

အဆင့်မြှင့်တင်ပြုပြင်မှုများ ပြုလုပ်ရာတွင် လမ်းပိုင်းတောင့်တင်းကြံ့ခိုင်ရေးအတွက် လမ်းသားဖော်ခြင်း၊ လမ်းခင်းကျောက်များ ဖြည့်သွင်းခြင်းနှင့် မြေကြီး၊ မြက်တို့ ရောနှောနေသည့်နေရာတွင် ပြန်လည်ရှင်းလင်းကာ ကျောက်များထည့်သွင်းခြင်းကို အဓိကထားလုပ်ဆောင်ကြောင်း သိရသည်။

ယခုကဲ့သို့ လမ်းများအဆင့်မြှင့်တင်ပြုပြင်လိုက်ခြင်းဖြင့် ခရီးသွားပြည်သူများအတွက် ရထားစီးနင်းလိုက်ပါရာတွင် သက်သောင့်သက်သာဖြင့် စီးနင်းလိုက်ပါနိုင်သည့် အခြေအနေသို့ ရောက်ရှိရာ လိုရာခရီးသို့ ယခင်ထက်ပိုမို အဆင်ပြေချောမွေ့စွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြစ်ကိုတွေ့လျှင်
တံတားဆင်
ပြည်ခွင်သာဖို့
လမ်းခင်းစို့

✻ မန်းချောင်း

၁၂၈၆ ခု
အဆောက်အဒ
အနံ သံတော
မုခ်တက်၊ မုခ်
ပျက်စီးနေသည
တန်စောင်း၊ မ

သက္ကရာဇ်
ဤနေရာ သစ်
မိုးမြင်တို့ အန္တ
သေပျောက်နိုင
ဆင်၍ တော
ပွဲပြတ်၍ သုဓ

ထိုမှ မုဆိုး
မကောင်း" ဟူ
လူလားမြောက်
မုဆိုးကြီး လုပ်
မုဆိုးတောင်ဟ
ဒူးထောက်နေ
နေရာကိုငုံ၍

မုဆိုးတော
ရှိ၏။ ထိုနေရာ

သူ့အမြင် သူ့အတွေး

ဒေါက်တာရုံမိုး

ခေတ်နှင့်အညီ ပြင်ဆင်ပြဌာန်းသင့်

မြန်မာနိုင်ငံတွင် မြွေကိုက်ခံရသည့်ဖြစ်စဉ်များ မများသော်လည်း မနည်းလှပေ။ အထူးသဖြင့် ကျေးလက်ဒေသများတွင် အဖြစ်များသည်။ ချက်ချင်းအကိုက်ခံရသော်လည်း ရှေးဦးသူနာပြုစုနည်းဖြင့် အရင်ဦးစွာ ပြုစုပြီးမှ ကျန်းမာရေးဌာနများသို့ အချိန်မီပို့ဆောင်ကုသမှသာ အသက်ချမ်းသာ ရနိုင်မည်ဖြစ်ပါသည်။သို့အတွက်ကြောင့် ရှေးဦးသူနာပြုစုနည်းသည် အလွန်အရေးကြီးပါသည်။

မနေ့က အိမ်ပြန်ရောက်တော့ တတိယတန်းမှသားငယ်၏စာကျက်သံ တစ်ခုကို အမှတ်မထင်ကြားလိုက်ရသည်။ "မြွေကိုက်ခံရပါက ဒဏ်ရာကို ရေများများဖြင့် ချက်ချင်းဆေးပါ။ ရေမရှိပါကကျင်ငယ်ရေဖြင့်ဆေးပါ။ ဒဏ်ရာ၏အထက်ပိုင်းတွင် ကြိုးဖြင့်စည်းထားပါ။ ကြိုးဖြင့်စည်းရာတွင် ကြိုး၏အောက်တွင်လက်ညှိုးခံစည်းပါ။ စည်းပြီးမှလက်ညှိုးကို ဆွဲထုတ်ပါ။ မြွေကိုက်ခံရသည့်ခြေလက်အင်္ဂါကိုမလှုပ်မိအောင် ဝါးခြမ်းပြားတစ်ခုခုနှင့် တွဲချည်ထားပါ။ ထို့နောက် ကျန်းမာရေးဌာနသို့ လူနာကိုအမြန်ဆုံးပို့ပေးပါ" ဟု ကျက်မှတ်နေပါသည်။

ကျောင်းသုံးစာအုပ်ကော်မတီက ခေတ်နှင့်အညီ လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင်ခြင်းမပြုသည်လား၊ ကျန်းမာရေးဌာနများက ပညာပေးသည်မှာ မထိရောက်သည်လား၊ အရေးမကြီးသည့်အတွက် မီဒီယာများက မဖော်ပြသည်လား တစ်ခုခုတော့လွဲချော်နေသည်ကို သိလိုက်ရသည်။

ဖတ်စာအုပ်ထဲမှ ရှေးဦးသူနာပြုစုနည်းသည် ခေတ်မမီတော့သော ပြုစုနည်းဖြစ်ပါသည်။ ကျွန်တော်သိသော မြွေကိုက်ခံရသူ ရှေးဦးသူနာပြုစုနည်းသည် "မြွေကိုက်ခံရပါက စိတ်ကိုတည်ငြိမ်စွာထားရန်ပြောပြပါ။ အကိုက်ခံရသည့်ဒဏ်ရာပေါ်တွင် ပတ်တီးကဲ့သို့သောအဝတ်ခေါက်ထူထူ တစ်ခုကို ဖိ၍စည်းပေးပါ။ ထို့နောက် အကိုက်ခံရသည့် ကိုယ်လက်အင်္ဂါကိုလှုပ်ရှားမှုအနည်းဆုံးဖြစ်စေရန် ရနိုင်သည့် ဝါးခြမ်း/တုတ်အစရှိသည်တို့ဖြင့် တင်းရုံချည်ပေးပါ။ ထို့နောက် နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး ပို့ဆောင်၍ကုသမှုခံယူပါ" စသည်ဖြင့် ဖြစ်ပါသည်။ (R.I.G.H.T) R=Reassure the patient. I=Immobilisation. G.H= Get to the Hospital immediately. T=Tell the doctor ဟု အတိုကောက် မှတ်သားနိုင်ပါသည်။

ကျောင်းသုံးဖတ်စာအုပ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးလက်နှင့်မြို့ပြမှကျောင်းသားများအားလုံး ကျက်မှတ်၊ ဖတ်ရှုရသည့်ပြဌာန်းစာအုပ် ဖြစ်ပါသည်။ ကျက်မှတ်သူကျောင်းသားရော၊ သင်ကြားသောဆရာများအပြင် စာသင်ပြပေးသောအိမ်သူအိမ်သားများပါ အမှတ်မှားပြီး ဆောင်ရွက်လာနိုင်သည့်အတွက် ပိုမိုထိရောက်သော နောက်ဆုံးပေါ်နည်းစနစ်များကို ခေတ်နှင့်အညီ ပြင်ဆင်သင့်၊ ပြဌာန်းသင့်ပါကြောင်း စေတနာဖြင့်တင်ပြလိုက်ရပေသည်။ ။

☆ ကျောဖုံးမှ

ထို့နောက် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)ရှိ စားရိပ်သာ၌ အုပ်ချုပ်၊ နည်းပြနှင့်အားကစားသမားများအား ဘူဖေးစနစ်ဖြင့် ချက်ပြုတ်ကျွေးမွေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ အားကစားနည်းအလိုက် တာဝန်ခံညွှန်ကြားရေးမှူးများနှင့် နည်းပြများအား တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပရန်မှာ တဖြည်းဖြည်း နီးကပ်လာပြီဖြစ်၍ အားလုံးအနေဖြင့် တာဝန်ခံလိုစိတ်၊ တာဝန်ယူလိုစိတ်ဖြင့် ဝီရိယစိုက်ထုတ်၍ ကြပ်မတ်လေ့ကျင့်ကြရန်၊ အားကစားလေ့ကျင့်မှု အပါအဝင် အုပ်ချုပ်မှုကိစ္စများအတွက် တာဝန်ရှိသူအဆင့်ဆင့်က နေ့စဉ် ကြပ်မတ်စစ်ဆေးကြရန်၊ လက်ရှိနိုင်ငံခြားနည်းပြများအပြင် အားကစားနည်းအလိုက် ထပ်မံဖြည့်တင်းရန် လိုအပ်သည့်အတွက် နည်းပြများရရှိစေရေးနှင့် အားကစားသမားနှင့်နည်းပြ အချိုးညီမျှမှုရှိစေရေး ချိန်ဆပြုလုပ်ရန် လိုအပ်ကြောင်း၊ မိမိအားကစားသမားများ၏ လေ့ကျင့်မှုစွမ်းရည် တိုးတက်လာစေရေးအတွက် အားကစားနည်းအလိုက် ပြည်ပအားကစားသမားများ ဌားရမ်း၍ ပူးတွဲလေ့ကျင့်ရန် လိုအပ်ကြောင်း၊ အားကစားသမားများအား စိတ်ဓာတ်ကြံ့ခိုင်မှုဖြင့် ပျော်ရွှင်စွာလေ့ကျင့်နိုင်ရေးအတွက်နေပြည်တော်အပြင် ရန်ကုန်၊ ချောင်းသာ၊ ပုဂံ၊ ပြင်ဦးလွင် မြို့များသို့ အလှည့်ကျ တစ်ပတ်စီ သွားရောက်လေ့ကျင့်နိုင်ရေးစီစဉ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နေပြည်တော်(လယ်ဝေး)ရှိအားကစားလေ့ကျင့်ရေးစခန်း၌(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

○ ရန်ကုန်-ပြည်လမ်းပိုင်းမှ

အဆင့်မြှင့်တင်ပြုပြင်မှုများ ပြုလုပ်ရာတွင် လမ်းပိုင်းတောင့်တင်းကြံ့ခိုင်ရေးအတွက် လမ်းသားဖော်ခြင်း၊ လမ်းခင်းကျောက်များ ဖြည့်သွင်းခြင်းနှင့် မြေကြီး၊ မြက်တို့ ရောနှောနေသည့်နေရာတွင် ပြန်လည်ရှင်းလင်းကာ ကျောက်များထည့်သွင်းခြင်းကို အဓိကထားလုပ်ဆောင်ကြောင်း သိရသည်။

ယခုကဲ့သို့ လမ်းများအဆင့်မြှင့်တင်ပြုပြင်လိုက်ခြင်းဖြင့် ခရီးသွားပြည်သူများအတွက် ရထားစီးနင်းလိုက်ပါရာတွင် သက်သောင့်သက်သာဖြင့် စီးနင်းလိုက်ပါနိုင်သည့် အခြေအနေသို့ ရောက်ရှိရာ လိုရာခရီးသို့ ယခင်ထက်ပိုမို အဆင်ပြေချောမွေ့စွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြစ်ကိုတွေ့လျှင် တံတားဆင် ပြည်ခွင်သာဖို့ လမ်းခင်းစို့

✻ မန်းချောင်းမှ

ရသေ့ကြီးဦးခန္တီနှင့် ကိုးခန်းကြီးတန်စောင်း

၁၂၈၆ ခုနှစ်မှစ၍ ရသေ့ကြီး ဦးခန္တီသည် ယခုအထက်စက်တော်ရာ အဆောက်အအုံတန်စောင်းယွန်းဆက်တို့အစား အလျားသံတောင် ၉၀၊ အနံ သံတောင် ၃၀၊ သံထု၊ သံဒိုင်းချိုးလျက် သွပ်မိုး၍ ပန်းရိုးပန်းခက်၊ မုခ်တက်၊ မုခ်ဆင်း၊ မှန်ကင်းတုရင်များဖြင့်လည်းကောင်း၊ ဟောင်းနွမ်းပျက်စီးနေသည့် စေတီများနှင့် နှစ်ကျိပ်ရှစ်ဆူ၊ လေးမျက်နှာစေတီ၊ ကိုးခန်းတန်စောင်း၊ မဟာမြတ်မုနိတို့ကို တည်ဆောက်မွမ်းမံတော်မူခဲ့သည်။

အထက်စက်တော်ရာပါဒစေတီနှစ်ဆူ

သက္ကရာဇ် ၁၀၅၈ လယ်ကိုင်းမြို့မှ မယ်ဝင်၏မောင် ရှင်သုဓမ္မစာရီသည် ဤနေရာ သစ်တောင်စွန်း၊ တောင်မြိတ်စွန်း၊ တောင်မြိတ်ကျသည်။ ရေဆိုးမိုးမြင်တို့ အန္တရာယ်မကင်းနေထိုင်ခင်းလျှင် ဘုရားဖူးများ တောင်ပေါ်မှကျ၍ သေပျောက်နိုင်သည်ဖြစ်၍ ကျောက်ထုကိုဆက်ဖြတ်ပြီး ခြောက်ပေါက်စက်ဆင်၍ တောင်လယ်သို့ရွှေ့ရာ ခြေတော်ရာသည် တစ်ထွာနှင့်ရှစ်သစ်ခန့် ပဲ့ပြတ်၍ သုဓမ္မစာရီ အရှင်မျက်စိကွယ်ရသည်။

မုဆိုးဒူးထောက်စေတီ

ထိုမှ မုဆိုးတောင်ပေါ်တက်ခဲ့ကြ၏။ "မြတ်စွာဘုရားပင် ဝဋ်တော်နှင့် မကင်း" ဟူသော စကားအရ နွားဘဝမှသေလွန်ပြီး သူကြီးသားဖြစ်၍ လူလားမြောက်သော် ခွန်အားဗလနှင့် ပြည့်စုံသဖြင့် မကုလတောင်၌ မုဆိုးကြီး လုပ်တော့သည်။ မုဆိုးကြီးတောလိုက်သောတောင်ကို နောင်အခါ မုဆိုးတောင်ဟုခေါ်၏။ ထိုတောင်ရှိ ကျောက်တုံးကြီးများပေါ်၌ မုဆိုးဒူးထောက်နေရာနှင့် ခွေးခြေရာအချို့တွေ့ရသည်။ မုဆိုးဒူးထောက်သော နေရာကိုငုံ၍ စေတီတည်ထားရာ မုဆိုးဒူးထောက်စေတီဟု ခေါ်ကြသည်။

ထူးဆန်းသော ကျောက်ဘီလူး

မုဆိုးတောင်မှ ငဖဲဘက်သို့ဆင်းသော ငဖဲစောင်းတန်းတွင် မြားကျစေတီရှိ၏။ ထိုနေရာမှ ကွေ့ကောက်၍ တောင်စောင်းအတိုင်း အောက်သို့ဆင်းခဲ့ရာ တောင်အလယ်တွင် ကျောက်ဘီလူးရုပ်တစ်ခု တွေ့ရ၏။

သိကြားပုန်းတောင်

ထိုမှမတ်စောက်သောတောင်ကို ကွေ့ပတ်ကာ တက်ရပြန်၏။ ဒဟတ်တောသည် ခြောက်သွေ့နေသည်။ လေတိုက်တိုင်း ရွက်ခြောက်တို့ ကြွေလွင့်ဝေ့ဝဲနေကြ၏။ မန်းချောင်းကိုအပေါ်မှ ရေးရေးသာမြင်ရသည်။ မကြာမီ သိကြားပုန်းတောင်ပေါ်ရောက်ကြပြီး ခြေကုန်လက်ပန်း နွမ်းနယ်ကာ တုံးလုံးပက်လက်ဖြစ်ကုန်သည်။ တောင်အမြင့် ပေ ၃၀၀၀ ကျော်မြင့်သည်ဟု ဆို၏။ လေတဖြူးဖြူးနှင့် သိကြားပုန်းတောင်ဟု ခေါ်ရခြင်းမှာ သိကြားမင်းလူ့ပြည်ဆင်းကာ မုဆိုးကြီးနေသောတောင်ကို ပုန်းအောင်းကြည့်ရှုခဲ့သည်ဆို၏။

ရသေ့တောင်နှင့် ပေါ်တော်မူခြေတော်ရာ

မုဆိုးကြီးအကျွတ်တရားရကာ လေးနှင့်မြားကို စွန့်ပစ်ပြီး ရသေ့ပြုကာ ထိုတောင်၌ သီတင်းသုံးနေထိုင်သဖြင့် ရသေ့တောင်ဟု ခေါ်ကြသည်။

အလောင်းတော်ကဿပ

တောင်အားလုံးအနက် ရသေ့တောင်မှာ အမြင့်ဆုံးဖြစ်သည်။ ပေ ၃၆၅၀ မြင့်သည်ဆို၏။ တောင်ပတ်လမ်းအတိုင်း ပြန်ဆင်းခဲ့ပြီး အလောင်းတော်ကဿပတန်စောင်းကို ဝင်ကြသည်။ တန်စောင်းကိုရှေးမူမပျက် ထိန်းသိမ်းထားရှိသည်။ အလောင်းတော်ကဿပ ကျောက်ဆင်းတုတော် အရှေ့သို့ မျက်နှာမူလျက် ကောဏ္ဍည၊ ဓမ္မ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ(ပဉ္စဝဂ္ဂီ) ငါးဦးအား တရားဦးဟောနေပုံဖြစ်သည်။

ယခုအခါမန်းရွှေစက်တော်ဘုရားသည် ရာသီမရွေး မော်တော်ကားလမ်းများ၊ ခေတ်မီအဆောက်အအုံများ၊ လျှပ်စစ်မီးများ၊ တယ်လီဖုန်းများ၊ ဗြိုဟ်တုစလောင်းများ၊ ရဲစခန်း၊ ဆေးပေးခန်း၊ မန်းချောင်းရေချိုးဆိပ်နှင့် တည်းခိုဆောင်များသည် မြို့ပြသဏ္ဌာန်အတိုင်းရှိနေခြင်းတို့ကို တွေ့ရပါသည်။

ထို့ကြောင့် မန်းရွှေစက်တော်ကို ဘုရားဖူးသွားခြင်းဖြင့် တော၏အလှအပများကို ခံစားနိုင်သလို မြို့ပြ၏အလှကိုလည်း တွေ့မြင်နိုင်သည့်အပြင် ဘာဝနာတရားကိုလည်း ပွားများနိုင်ပါသည်။

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး၊

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်အတူတကွ ပူးပေါင်းနေထိုင်ရေး၊

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး၊

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး၊

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက ဥပဒေနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ရေး။

တစ်ပြည်လုံးတွင် အအေးပေါ့နေမည်

နေပြည်တော် ဖေဖော်ဝါရီ ၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြန်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျိုက္ခမီမြို့တွင် သုည ဒသမ ဝ၈ လက်မနှင့် မှော်ဘီမြို့တွင် သုည ဒသမ ဝ၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

တစ်ပြည်လုံးတွင် အအေးပေါ့နေမည်။

(၁၃၂)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အလုပ်အမှုဆောင်ဘုတ်အဖွဲ့ အစည်းအဝေး ဂျီနီဗာမြို့၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ခေါင်းဆောင်သော ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသည့် (၁၃၂)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အလုပ်အမှုဆောင်ဘုတ်အဖွဲ့ အစည်းအဝေးသို့ ဇန်နဝါရီ ၂၈ ရက်မှ ၂၉ ရက်အထိ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေး၌ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ကျန်းမာရေး စီမံချက်လုပ်ငန်းများအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဘဏ္ဍာငွေ ခွဲဝေချထားရေးဆိုင်ရာ ကိစ္စများအပေါ် အရှေ့တောင်အာရှ ဒေသနိုင်ငံများအတွင်း လက်ရှိကြုံတွေ့လျက်ရှိသော ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် လိုက်လျောညီထွေ ရန်ပုံငွေ ခွဲဝေချထားပေးနိုင်ရေး ဆိုင်ရာကိစ္စများ၊ ဆေးဝါးအတု ထုတ်လုပ်ရောင်းချမှု ကာကွယ်နှိမ်နင်းရေးနှင့် စံချိန်စံညွှန်း မပြည့်မီသော ဆေးဝါးပစ္စည်းများ ထုတ်လုပ်ရောင်းချမှု ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းများတွင် ဒေသဆိုင်ရာ နိုင်ငံများမှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ၊ လူတိုင်းကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီစေရေး နည်းဗျူဟာ/ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော စီမံချက် လုပ်ငန်းများနှင့် ဒေသဆိုင်ရာအဖွဲ့ဝင် နိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက် နိုင်မည့် ကိစ္စများ၊ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ပြုန်းတီးမှု ကာကွယ်တားဆီးရေးနှင့် နောင် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင် စီမံဆောင်ရွက်ထားရေးဆိုင်ရာ ကိစ္စများ၊ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်း ရေးဆိုင်ရာကိစ္စများ၊ ကူးစက်တတ် ခြင်းမရှိသော နာတာရှည်ရောဂါ ကာကွယ်ကုသရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်ရေးဆိုင်ရာ ကိစ္စများ၊ အရက်သောက်သုံးမှု လျှော့ချရေးနှင့် အရက်ကြောင့် နောက်ဆက်တွဲဖြစ်ပွား လာမည့် ကျန်းမာရေးဆိုင်ရာ ပြဿနာ များ၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စများ၊ အိုင်အိုဒင်းဓာတ်ချို့တဲ့မှု ကြောင့် နောက်ဆက်တွဲ ဖြစ်ပွားလာ သည့် ကျန်းမာရေးပြဿနာများ၊ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ အား ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စများ ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ဂျပန်အစိုးရက ကျောင်းဆောင်သစ် ငါးခုဆောက်လုပ်ရန် အမေရိကန်ဒေါ်လာ ၄၇၉၂၇၆ ထောက်ပံ့

နေပြည်တော် ဖေဖော်ဝါရီ ၂

ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများထောက်ပံ့ရေး အစီအစဉ်ဖြင့် ကျောင်းဆောင်အသစ်များဆောက်လုပ်နိုင်ရေး အမေရိကန်ဒေါ်လာ ၄၇၉၂၇၆ ထောက်ပံ့ပေးအပ်ရန်ဆုံးဖြတ်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Mikio NUMATA နှင့် သက်ဆိုင်ရာ ကျောင်းဆောင်သစ်ဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌများက ဇန်နဝါရီ ၃၀ ရက်တွင် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခဲ့ကြသည်။

လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့အဖြစ် ပေးအပ်ခဲ့သည့် ကျောင်းများမှာ ကယားပြည်နယ် လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မိုးကောင်းဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်းနှင့် တိုက်ကျောင်းဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ခရွဲကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် မော်လမြိုင်မြို့နယ် ဓမ္မသုခ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်းတို့ဖြစ်ကြောင်း သိရသည်။

၎င်းအထောက်အပံ့များသည် ၎င်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် ပိုမိုကောင်းမွန်သော ပညာသင်ကြားမှုအခြေအနေများကို ဖြစ်ပေါ်စေသည့်အပြင် ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း ပိုမိုတိုးတက်ခိုင်မာလာစေမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂-၂-၂၀၁၃

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၅၉. ၀၀၀	၀. ၀၀၁၁၆
ထိုင်း (ဘတ်)	၂၉. ၇၅၀၀	၀. ၀၃၃၆၁
တရုတ် (ယွမ်)	၆. ၂၃၁၆၀	၀. ၁၆၀၄၇
အိန္ဒိယ(ရူပီး)	၅၃. ၁၉၅၀	၀. ၀၁၈၈၀
မလေးရှား (ရင်းဂစ်)	၃. ၁၀၅၀၀	၀. ၃၂၂၀၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၀၅၆	၀. ၈၀၆၀၉
ဂျပန် (ယန်း)	၉၂. ၇၈၅၀	၀. ၀၁၀၇၈
တောင်ကိုရီးယား(ဝမ်)	၁၀၉၄. ၀၀	၀. ၀၀၀၉၁
ယူရို	၀. ၇၃၂၉၅	၁. ၃၆၄၃၅
ဗြိတိသျှ (ပေါင်)	၀. ၆၃၆၉၆	၁. ၅၆၉၉၅

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာမှာ ကြော်ငြာစို့

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ပိတ်ပွဲအခမ်းအနားလေ့ကျင့်

နေပြည်တော် ဖေဖော်ဝါရီ ၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် တင်ဆက်မည့်ဖျော်ဖြေရေးအစီအစဉ်များ လေ့ကျင့်မှုကို ဇန်နဝါရီ ၃၁ ရက် ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

– – – – –

နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂

Tourism ဘာသာရပ်၊ Managementဘာသာရပ်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်သင်ကြားရေးဆိုင်ရာကိစ္စများ၊ တက္ကသိုလ်များနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေး ကိစ္စများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ဩစတြီးယားနိုင်ငံ ကုန်သည်ကြီးများအသင်းဆိုင်ရာ စီးပွားရေးဝန်ကြီး H.E. Dr. Christoph Leitl ခေါင်းဆောင်သော ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ကိုယ်စားလှယ်အဖွဲ့တို့သည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ပညာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

– – – – –

လေ့လာရေးအဖွဲ့များ လွှတ်တော်များသို့ လာရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင် ၉၃ ဦးနှင့် International School of Myanmarမှ နိုင်ငံခြားသား ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၀၀ တို့သည် ယမန်နေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပနေပုံများကို လေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

ခေတ်နှင့်လျော်ညီအောင် ဆောင်ရွက်သည်ဆိုသော်လည်း ပြည်သူများမထိခိုက်စေရအောင် ဘဏ်လုပ်ငန်းရှင်များ ပို၍သတိထား ဆင်ခြင်ဆောင်ရွက်စေလို

ရှိန်(ဘဏ်ဥပဒေအကြံပေး)

ယခုအချိန်အခါသည် နိုင်ငံတော်၏ စီးပွားရေးစနစ်ကို ဒီမိုကရေစီခေတ်နှင့် လိုက်လျောညီထွေဖြစ်စေရန် ပြုပြင်ဆောင်ရွက်နေသော အချိန်ဖြစ်ပါသည်။ စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးရန်မှာလည်း နိုင်ငံတကာ၏ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်မှာ အဓိကအရေးပါသော အချက်ဖြစ်ပါသည်။ အထူးသဖြင့် ဘဏ်လုပ်ငန်းများကိုလည်း ပြင်ဆင်ဖြည့်စွက်ပြောင်းလဲပေးရန် လိုအပ်နေသည့်အတွက် နိုင်ငံတော်အစိုးရမှ ဖြေလျှော့မှုများစွာဖြင့် ပြောင်းလဲပေးခဲ့ပါသည်။

နိုင်ငံတကာရှိဘဏ်များမှာ လုပ်ငန်းမျိုးစုံကို လုပ်ကိုင်လျက်ရှိသော်လည်း မြန်မာနိုင်ငံရှိဘဏ်များမှာ ငွေလက်ခံခြင်းနှင့် ချေးငွေထုတ်ပေးခြင်းတို့ကိုသာ အဓိကထားဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် ယင်းလုပ်ငန်းများအပြင် ငွေလွှဲခြင်း၊ နိုင်ငံခြားငွေရောင်း/ဝယ်ခြင်း၊ ATM ကတ်သုံးစွဲခြင်းအပြင် ယခုအခါ နိုင်ငံခြားတိုင်းပြည်ရှိ ဘဏ်များတွင်သာ သုံးစွဲကြသော Visa, Master Card, EASI SMART Card စသည့် လုပ်ငန်းများကိုလည်း မြန်မာနိုင်ငံရှိ ဘဏ်တချို့မှ ဆောင်ရွက်၍ရပြီဖြစ်ကြောင်း သတင်းစာများတွင် ထုတ်ပြန်ကြေညာလာသည်ကို တွေ့ခဲ့ရပါသည်။

ယင်းသို့ဆောင်ရွက်၍ ရလာသည်မှာ နိုင်ငံတော်အတွင်း အလွန်ကောင်းသော အလားအလာများဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ ဘဏ်များအတွက် အလွန်ကောင်းမွန်လှပါသည်။ နိုင်ငံအတွင်းရှိ ဘဏ်တချို့သည် နိုင်ငံအနှံ့ဘဏ်ခွဲများစွာဖွင့်လှစ်နေသည်မှာလည်း ပြည်သူများအတွက် အလွန်မှ ကောင်းမွန်လှပါသည်။ တစ်ဖန် စီးပွားရေးလုပ်ငန်းတချို့မှာလည်း တစ်ဦးနှင့်တစ်ဦး စီးပွားရေးအားပြိုင်ဆိုင်မှုများပြုလုပ်နေကြသည်မှာလည်း အားရစရာကောင်းလှပါသည်။ ပြိုင်ဆိုင်မှုရှိမှလည်း တိုးတက်မှုရှိမည်ဖြစ်ပါသည်။

ယခုအခါ နိုင်ငံခြားတိုင်းပြည်များမှ ရင်းနှီးမြှုပ်နှံသူများ၊ ကုမ္ပဏီများ တစ်စတစ်စဝင်ရောက်လာနေကြရာ နိုင်ငံအတွင်းရှိ လုပ်ငန်းရှင်များမှ နိုင်ငံတကာနှင့် ဆက်သွယ်လုပ်ကိုင်မှုများတွင် အလွန်မှအတွေ့အကြုံ နည်းပါးနေပြီး ယခုအခါမှသာစတင်ပြီး ဆက်သွယ်ရေးလုပ်နေရသော အခြေအနေမျိုးဖြစ်ပါသည်။ အထူးသဖြင့် ဘဏ်လုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံခြားတိုင်းပြည်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အထူးသတိထားဆောင်ရွက်ရန် လိုအပ်လှပါသည်။

အဘယ်ကြောင့်ဆိုသော် အတွေ့အကြုံ နည်းသည့်အပြင် စီးပွားရေးလုပ်ငန်းများရရှိရန် အပြိုင်အဆိုင်ကြိုးစားကြရာတွင် ကြီးကြပ်စစ်ဆေးပေးမည့်အတွေ့အကြုံရှိသော ပုဂ္ဂိုလ်မျိုးကလည်းရှားပါးကာ ယခုလိုလုပ်ငန်းမျိုးအား ယခုမှပင် တွေ့ကြုံလုပ်ကိုင်ရပြီး သတိပြုစရာများအား မေ့လျော့ပြီး ပူးပေါင်း ဆောင်ရွက်လုပ်ကိုင်မိမည်ဆိုလျှင် နိုင်ငံအတွင်းရှိဘဏ်များမှ ထိခိုက်နစ်နာမှုများကြုံရနိုင်ပါသည်။ ယင်းသို့ဖြစ်လာပါက ပြည်တွင်းဘဏ်လုပ်ငန်းရှင်များကသာ နစ်နာဆုံးရှုံးမှုဖြစ်မည်မဟုတ်ဘဲ ယင်းဘဏ်များအားယုံကြည်စွာအပ်နှံ၍ ဆောင်ရွက်နေကြသော ပြည်သူလူထုတစ်ရပ်လုံးမှာလည်း ထိခိုက်နစ်နာမှုများကြုံတွေ့ရနိုင်ပါသည်။ အထူးသဖြင့် ငွေကြေးလုပ်ငန်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံတိုင်းပြည်တစ်ပြည်လုံး၏ အဓိကအရေးအကြီးဆုံး အသက်သွေးကြောတစ်ခုဖြစ်၍ အလွန်သတိထားပြီး ဆောင်ရွက်ရန်လိုအပ်လှပါသည်။

ထို့ကြောင့် ပြည်တွင်းဘဏ်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဘဏ်လုပ်ငန်းများ ဆောင်ရွက်ကြရာတွင် အရေးအတွက်ထက် အရည်အသွေးကို ပိုမိုဦးစားပေး ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ အထူးသဖြင့် နိုင်ငံခြား တိုင်းပြည်များနှင့် ဆက်သွယ်လုပ်ကိုင်ရာတွင် ပိုမို၍သတိချပ်ဆောင်ရွက်စေလိုပါသည်။ အဘယ်ကြောင့်ဆိုသော် သတိလက်လွတ်ဖြစ်သွားပါက မိမိအတွက်ပါဆုံးရှုံးနိုင်သလို ပြည်သူအများစုမှထိခိုက်နစ်နာနိုင်ပြီး နိုင်ငံတော်မှ ချီတက်နေသောခေတ်မီဖွံ့ဖြိုးတိုးတက်သောစနစ်သို့ လျင်မြန်စွာရောက်ရှိမှုအား နှောင့်နှေးကြန့်ကြာသွားစေနိုင်ပါသည်။

သို့ပါ၍ ခေတ်နှင့်လျော်ညီအောင် ဆောင်ရွက်သည် ဆိုသော်လည်း ပြည်သူများ မထိခိုက်စေရအောင် ဘဏ်လုပ်ငန်းရှင်များမှပို၍သတိထား ဆင်ခြင်ဆောင်ရွက်စေလိုပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို လယ်ဝေးမြို့၌ ကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် လယ်ဝေးမြို့ အင်တိုင်းသာ (၃) လမ်းနှင့် (၄) လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် ဦးကျော်မြင့်နှင့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်လွင်တို့က ကတ္တရာလမ်းသစ်အားဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီနှင့် ဧည့်သည်တော်များသည် အင်တိုင်းသာ (၃) လမ်းနှင့် (၄) လမ်း ကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် လယ်ဝေးမြို့ရှိ အင်တိုင်းသာ (၃)လမ်းနှင့် (၄) လမ်းသည် အရှည်ပေ ၂၃၆၀ နှင့် အကျယ် ၁၂ ပေ ရှိပြီး ချိုင့်ခွက်များဖြင့် ယာဉ်များသွားလာရာတွင် အန္တရာယ်ရှိသည့်အတွက် ငွေကျပ်သိန်း ၃၆၀ ခန့် အကုန်အကျခံကာ ကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်ကြောင်း၊ ရပ်ကွက်နေ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(၁၀၇)

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
လုပ်ငန်းသုံးသတင်းစာစက္ကူဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံးသတင်းစာစက္ကူများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) *Newsprint Paper (48.8 Gsm) (30") High Bright* *9775* တန်

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၂-၂၀၁၃ရက်မှ ၁၄-၂-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၂-၂၀၁၃ ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြား ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်း ရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	ပြည်တွင်း၊ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ပြန်ကြားရေးဝန်ကြီးဌာန	ထုခွဲရောင်းချရေးကော်မတီ
ရုံးအမှတ်(၇)၊နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈	ရုံးအမှတ်(၇)၊နေပြည်တော်
	ဖုန်း-၀၆၇-၄၁၂၃၂၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အတွက် ရုံးသုံးပရိဘောဂပစ္စည်း(၃၄)မျိုးအား ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၂-၂၀၁၃ ရက်မှ ၈-၂-၂၀၁၃ ရက်ထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီထိ ရုံးဖွင့်ရက်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၂-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ နေပြည်တော်သို့ လာရောက် ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစား မည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

ပစ္စည်း(၁)ဌာနစိတ်၊ အုပ်ချုပ်ထောက်ပံ့မှုဌာနခွဲ၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ နေပြည်တော်
ဖုန်း-၄၁၈၃၆၈



ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းနှင့်စစ်ဆေးရေးဌာန

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လုပ်ငန်းနှင့်စစ်ဆေးရေးဌာန(ကြေးနန်း)တွင် လက်ရှိအသုံးပြုဆောင်ရွက်လျက်ရှိသော *e-Telegram Server Windows Operation System 2003* အား *2008* သို့ အဆင့်မြှင့်တင်ခြင်း ဝန်ဆောင်မှုအား မြန်မာကျပ်ငွေဖြင့် ပေးချေဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်အား ၄-၂-၂၀၁၃ ရက်မှ စတင်၍ အောက်ဖော်ပြပါ လိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်နှင့်အချိန် - ၈-၂-၂၀၁၃ ရက် ၄း၃၀ နာရီ

လက်ထောက်အထွေထွေမန်နေဂျာရုံး
လုပ်ငန်းနှင့်စစ်ဆေးရေးဌာန(ကြေးနန်း)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၀၆၅၂

စက်မှုဝန်ကြီးဌာန
စက်မှုစီမံကိန်းဦးစီးဌာန
စက်မှုသင်တန်းကျောင်း(မြင်းခြံ) စီမံကိန်းအတွက်
စက်တပ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုစီမံကိန်းဦးစီးဌာန၊ စက်မှုသင်တန်းကျောင်း(မြင်းခြံ) စီမံကိန်းအတွက် အလုပ်ရုံများတွင် စက်တပ်ဆင်ရေး လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါ ခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၄-၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၈-၂-၂၀၁၃ ရက်၊ ၁၂း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးရုံး၊ လူ့စွမ်းအားအရင်းအမြစ်ဌာန
စက်မှုစီမံကိန်းဦးစီးဌာန
ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၁၇၃

မြို့ရွာတစ်ခွင်သာစေချင် မီးတွေမပေါ့နှင့်

ရုပ်ရှင်၌ စရိုက်အဖွဲ့ လူ့အဖွဲ့

မြေနီသစ္စာ

ထိုလူကြီး

ပိတ်ကားပေါ်တွင် လူကြီးပုံပေါ်လာသည်။ မျက်နှာသည် ပြင်းထန်သော ရာသီဥတုဒဏ်ကြောင့် အကျည်းတန် အရုပ်ဆိုးနေသည်။ လိမ်ကောက်ရှုပ်ထွေးနေသော ဆံပင်တို့က မျက်နှာပေါ်သို့ ဖားလျားကျနေသည်။ ကြာမြင့်စွာ မရိတ်ရသေးသော မုတ်ဆိတ်ကျင်စွယ်တို့ကြောင့် မျက်နှာသည် ထိတ်လန့်ကြောက်မက်ဖွယ်အသွင်ကို ဆောင်နေသည်။

အကျဉ်းထောင် အပေါက်ဝကလေးက တိုးထွက်လာသော ထိုလူကြီး၊ လူကြီး၏ လျှောက်လှမ်းလာသော ခြေလှမ်းများက ရှေ့သို့ ဦးတည်နေသည်။ လမ်းထောင့်တစ်နေရာတွင် ကလေးငယ်တစ်ယောက် ချစ်စဖွယ်ထိုင်လျက် ခိုပြာကလေးကို အစာကျွေးနေသည်။ ထောင်ထွက်ကြီး ရောက်လာပြီး ကလေးနောက်တွင် ရပ်သည်။ တစ်စုံတစ်ယောက် နောက်မှရောက်ရှိလာပြီး ရပ်လိုက်၍ ကလေးသည် ရုတ်တရက် နောက်သို့လှည့်အကြည့် ကြောက်စရာကောင်းသော ဝတ်ထည်တို့ စုတ်ပြတ်ပေတူးနေသော လူကြီးကိုမြင်လိုက်ရာမှ ကလေး လန့်ဖျပ်ထအပြေး မြေပြင်ပေါ်သို့ ကျပ်စေ့ဒင်္ဂါးပြားကလေး ကျကျန်ရစ်သည်။

ပလုတ်ပလောင်း

ထောင်ထွက်ကြီး၏ ထိတ်လန့်တုန်လှုပ်စရာ အသွင်သဏ္ဌာန်မှာ ထောင်ထွက်ကြီးလက်က ကလေးကျကျန်ရစ်သော ကျပ်စေ့ကလေးကို ကုန်းကောက်လိုက်သည်။ လူကြီးလက်ထဲမှ ကျပ်စေ့ကိုတွေကြည့် ကြည့်ရင်းကြည့်ရင်း လူကြီးမျက်ရည်ကျလာသည်။ ယင်းအခိုက် လူကြီးရှေ့မှာ ဆွံ့အနားမကြား သူတောင်းစားကြီးတစ်ဦး ရောက်လာသည်။ လက်ဟန်ခြေဟန်ဖြင့် လူကြီးထံမှ တောင်းရမ်းသည်။ ထောင်ထွက်ကြီးမျက်နှာ စူးစမ်းစစ်ဆေးဟန်ဖြင့် သူတောင်းစားကြီးကို စေ့စေ့စပ်စပ်ကြည့်သည်။ လူကြီး ကျေနပ်သွားဟန်၊ စေတနာသဒ္ဓါပေါက်သွားဟန်ဖြင့် သူတောင်းစားကြီးအား ကျပ်စေ့ကို လှမ်းပေးသည်။ သူတောင်းစားကြီးက ရိုကျိုးစွာပင် လူကြီးကို အရိုအသေပေးရင်းထွက်ခွာအသွား ယင်းတွင် ခိုပြာကလေး စားလျက်တန်းလန်းက မြေပေါ်တွင် ကျန်ရစ်ခဲ့သော ပြောင်းဖူးစေ့တို့ကို ထိုလူကြီးကောက်ပြီး ပလုတ်ပလောင်း ဝါးစားနေ၏။

ငြိမ်းချမ်းနယ်မြေ

ဤပြကွက်တွင် အဓိကဇာတ်ဆောင် ထောင်ထွက်ကြီးသည် အသွင်သဏ္ဌာန်အရ ကြောက်လန့်စရာ၊ စက်ဆုပ်စရာ ကောင်းနေ၏။ သို့သော် သူသည် ဆာလောင် မွတ်သိပ်နေပါလျက် ငွေတစ်ကျပ်ကောက်ရပါလျက် စားစရာဝယ်စားလျှင် ဖြစ်နိုင်ပါလျက် ဝယ်မစားဘဲ သူ့ထက်ဒုက္ခရောက်နေသူ ဆွံ့အနားမကြား အဘိုးကြီးကို ငွေတစ်ကျပ်ပေး၍ ခိုပြာကလေးမစားဘဲ ကျန်ရစ်နေသော မြေပေါ်က ပြောင်းဖူးစေ့တို့ကို ကောက်ပြီး ပလုတ်ပလောင်းစား၏။

ယင်းသည်ထောင်ထွက်ကြီး၏ မြင့်မြတ်သောစရိုက်၊ အနစ်နာခံတတ်သောသဘောကို ပေါ်လွင်စေသည်။ ကျပ်စေ့ကိုကိုင်ရင်း သူ့မြင်၍ ကလေးထွက်ပြေးသွားသည်ကို သတိရလျက် မျက်ရည်ကျလာသည်မှာလည်း နူးညံ့သော သူ့နှလုံးသားကို သူ့အပြုအမူက ထင်ဟပ်စေ၏။ ငြိမ်းချမ်းမှု၏ သရုပ်ပြခိုပြာကလေး၊ အပြစ်မဲ့ခြင်း၏ သရုပ်ပြကလေးငယ်၊ ငြိမ်းချမ်း၍သာ အပြစ်မှုမရှိသာနေရာတွင် ထောင်ထွက်ကြီးရောက်လာ၍ ငြိမ်းချမ်းနယ်မြေ ဖရိုဖရဲဖြစ်သွားပုံသည် ဖြစ်တတ်သည့်သဘောပင်။ ပြင်ပအပြင် (form)နှင့် အတွင်းသရုပ် (Content)တို့ ခြားနားပုံကို ထောင်ထွက်ကြီး၏ စရိုက်က ခွဲခြမ်းစိတ်ဖြာပြသည်။

နည်းဗျူဟာ

ဤတွင် ငြိမ်းချမ်းသော နယ်မြေမှ ထောင်ထွက်ကြီး၏ စရိုက်မှန်ကို ဖျတ်ခနဲဖျတ်ခနဲ ချက်ချင်းဖော်ထုတ်လိုက်ခြင်း ဖြစ်သည်။ ရုပ်ရှင်အနုပညာ၏ မာယာဖြစ်သည်။ ပရိသတ်ကို လှည့်စားခြင်းဖြင့် ကျေနပ်မှုပေးခြင်းမည်၏။ ပရိသတ်ကျေနပ်မည်။ ပရိသတ်စွဲသွားမည်။ ရုပ်ရှင်၏ ဂုဏ်အင်စွမ်းအင်နည်းဗျူဟာပင်။

ပန်းတိုင်သို့

ရုပ်ရှင်သည် အရုပ်ဖြင့်၊ အမြင်ဖြင့် ရှင်သန်အောင် တင်ပြရသော အနုပညာဖြစ်သည်။ အဆိုးသဘော အနေအထားမှ အကျိုးသဘောအနေအထားသို့ ရောက်အောင် ရုပ်ရှင်က ဖန်တီးခေါ်ဆောင်နိုင်သည်။ လုပ်ချင်လာမည်သာဆိုက ရုပ်ရှင်သည် ဘာမဆို လုပ်ပြနိုင်၍ လုပ်ပိုင်ခွင့်လည်း ရထားကြ၏။ ရုပ်ရှင်ကို လိုတရအနုပညာဟု တင်စားခေါ်ဝေါ်လျှင် ရ၏။ ဤလိုတရရုပ်ရှင်အနုပညာကို လက်ဝယ်ပိုင်ဆိုင် ထားသူများသည် ရုပ်ရှင်ပညာရှင်များ ဖြစ်ကြ၏။ သူတို့သည် လူထုအား ပျော်ရွှင်ချမ်းမြေ့မှုကို ကြိုက်သလို ကြိုက်သလောက် ပေးစွမ်းနိုင်ကြ၏။ အာဂပဥ္စလက်ပညာရှင်များပင်။

ကြိုးပမ်းလျက်

ရုပ်ရှင်သည် ပြည်သူအတွက်ဟူသောမူဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသည် ပြည်သူလူထုအား ဖျော်ဖြေမှုနှင့် အသိပညာပေးမှုတို့ကို မျှဝေခံစားသွားနိုင်ကြရန် ကြိုးပမ်းအားထုတ်လျက်ရှိနေပေသည်။

လေးလေးစားစား

ယင်းကြောင့် ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များသည်စရိုက်အဖွဲ့၊ လူ့အဖွဲ့တို့ဖြင့် ငြိမ်းအေးချမ်းမြေ့သော ဘဝအလှတရားတို့ကို ပြည်သူလူထုအား ဖန်တီးပြသ ကမ်းလင့်ဝေငှသွားကြပါရန် လေးလေးစားစား တိုက်တွန်းလိုက်ရကြောင်းပါခင်ဗျား။

ဆီလီနာဂိုမက်ဇ်နဲ့ ပတ်သက်တာတွေကို သီချင်းရေးစပ်ထားတဲ့ ဂျက်စတင်ဘီဘာ



ဆယ်ကျော်သက် ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာက ၎င်း၏ ချစ်သူ ဆီလီနာဂိုမက်ဇ်နှင့် ပတ်သက်သည့် အသည်းကွဲဝေဒနာများကို သံစဉ်များ အဖြစ်ပြောင်းလဲကာ Believe Acoustic တေးအယ်လ်ဘမ်ကို ဇန်နဝါရီ ၂၉ ရက်က ထုတ်လုပ်ခဲ့ပြီး ယင်းအယ်လ်ဘမ်ထဲမှ Nothing Like Us သီချင်းသည် ဆီလီနာဂိုမက်ဇ်နှင့် ပတ်သက်သည့် ခံစားချက်အစစ်အမှန်များဖြစ် ကြောင်း ပြောကြားခဲ့သည်။

မိမိတို့ချစ်သူနှစ်ဦးနှင့်ပတ်သက်ပြီး ကောလာဟလများစွာ ထွက်ပေါ်ခဲ့ကြောင်း၊ မိမိသည် နေ့စဉ်နေ့တိုင်း ဆီလီနာ၏ ဖုန်းကို အမြဲတမ်းလိုလို ခေါ်နေခဲ့ပြီး သူမက လုံးဝဖုန်းမကိုင်ခဲ့ကြောင်း စသည့် သတင်းများ ထွက်ပေါ်ခဲ့သော်လည်း မိမိသည် ယင်းကဲ့သို့ အပြုအမူမျိုး ပြုလုပ်ခဲ့ခြင်း မရှိကြောင်း၊ ၎င်းတို့အားလုံးမှာ ကောလာဟလများ ဖြစ်ပါကြောင်း ဘေးလ်ဘုတ်မဂ္ဂဇင်း၏ အင်တာဗျူး တစ်ခုတွင် ဘီဘာက ပွင့်လင်းစွာ ဖြေကြားသွားခဲ့သည်။

ဘီဘာက ဆီလီနာဂိုမက်ဇ်နှင့် ဆက်ဆံရေးမှာ ယုံကြည်စိတ်ချရသော အရင်းနှီးဆုံး မိတ်ဆွေများ အသွင်ဖြင့် ဆက်လက်တည်ရှိနေခဲ့ကြောင်း၊ သို့သော် အတင်းအဖျင်း သတင်းများကို ရေးသားနေကြသော ဘလော့ဂ်ဂါများသည် ၎င်းတို့စုံတွဲ အကြောင်းများကို လိုက်လံရေးသား နေဆဲဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ဖြိုးစန္ဒာမြင့်

ရန်ကုန်မြို့တွင်း

တိုက်ပျက် အုတ်ကျိုး တောင်မြေကြီး လိုသလောက်ရမည်။ စက်ယန္တရားများဖြင့် မြေတူးသည်။

ဖုန်း-၀၉၅၀၀၃၁၂၅

ပြင်ဆင်ဖတ်ရှုပါရန်

၁-၂-၂၀၁၃ ရက်ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ (၁၄) ပါ ရှေ့နေ ဒေါ်ဖြိုးပြည့်စုံ၏ ကန့်ကွက်နိုင်ကြောင်းကြေညာပါ ဗဟန်းမြို့နယ်၊ တိုက်အမှတ်(၃၁)အစား သင်္ဃန်းကျွန်းမြို့နယ် တိုက်အမှတ်(၃)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရောင်းမည်

FUSO FITHTER 6.D15 TURBO 95 MODEL BOX 21'- ၅ခ/--- ၈တန်ခွဲ တန်းကြီးပေါက် လက်ရှိ အသား၊ ငါး နယ်စပ်ပို့နေသည်) သိန်း(၂၂၀) ညှိနှိုင်းဈေး

ဖုန်း-၆၁၁၃၀၅၊ ၀၉၅၁၆၉၇၃၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၆၈၉)၊ မြေကွက်တည်နေရာအမှတ် (၆၈၉)၊ နဝရတ်လမ်း၊ ၄၄ ရပ်ကွက်၊ ဒဂုံမြောက် (ဦးစောမူးခူ) (AD-006181) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစောမူးခူ ကွယ်လွန်သဖြင့် ဒေါ်နော်ဝီနိုးနာသိုင်း [၁၂/အစန(နိုင်) ၀၂၅၀၈၇]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၀)၊ မြေကွက်အမှတ်(၁၁၈၅)၊ မြေကွက်တည်နေရာအမှတ် (၁၁၈၅)၊ (၉၀) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဒေါ်အေးအေးကြည်(ခ)တန်ရှတ်ဟွီး အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်အေးအေးကြည်(ခ)တန်ရှတ်ဟွီးထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၀၇၄/(၁၀-၁၀-၂၀၁၁) ဖြင့် ပါဝါရသူ ဦးထွန်းထွန်းဝင်းမှ နှစ်(၆၀) ဂရန် အထူးကိုယ်စားလှယ်လွှဲစာပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အားကစား

ထိုင်းပရီမီယာလိဂ်ကလပ် တယ်ရိုဆာဆနာအသင်း ခြေစမ်းပွဲလာရောက်ကစားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၁၃ MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ပွဲစဉ်(၅)ဖြစ်သည့် ဖေဖော်ဝါရီ ၉၊ ၁၀ ရက်ပွဲစဉ်များ အပြီးတွင် ခေတ္တရပ်နားမည်ဖြစ်သော်လည်း မြန်မာဘောလုံးပရိသတ်များ အနေဖြင့် ဘောလုံးပွဲများ အဆက်မပြတ် ကြည့်ရှုခွင့်ရရှိမည်ဖြစ်ပြီး ထိုင်းပရီမီယာလိဂ်ကလပ် ဘီအီးစီ တယ်ရိုဆာဆနာအသင်းသည် ဖေဖော်ဝါရီ ဒုတိယပတ်တွင် မြန်မာနိုင်ငံသို့ လာရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

တယ်ရိုဆာဆနာအသင်းသည် MNLကလပ်အသင်း သုံးသင်းနှင့် ခြေစမ်းကစားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက်တွင် ရတနာပုံအသင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် ဧရာဝတီယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။ ဘီအီးစီ တယ်ရိုဆာဆနာအသင်းသည် ထိုင်းပရီမီယာလိဂ်၏ ထိပ်သီးအသင်းတစ်သင်းဖြစ်ပြီးရန်ကုန်ယူနိုက်တက်အသင်းနှင့် မိတ်ဖက်ပြုလုပ်ထားသည့်အသင်းလည်း ဖြစ်သည်။ ထို့ပြင် ရတနာပုံအသင်း၏ နည်းစနစ်ဒါရိုက်တာ မစ္စတာရောဘတ်က အထွေထွေမန်နေဂျာအဖြစ် ဆောင်ရွက်နေသည့် အသင်းဖြစ်ကြောင်းလည်း သိရသည်။

တယ်ရိုဆာဆနာအသင်းသည် ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းကလည်း ခြေစမ်းပွဲလာရောက်ကစားခဲ့ဖူးပြီး ဧရာဝတီအသင်းကို ငါးဂိုး-တစ်ဂိုး၊ ရတနာပုံနှင့် ရန်ကုန်တို့ကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် သုံးပွဲစလုံး အနိုင်ရရှိခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်

ထိုင်းပရီမီယာလိဂ်ကလပ် ဘီအီးစီ တယ်ရိုဆာဆနာအသင်းနှင့် ခြေစမ်းပွဲကစားမည့် ရတနာပုံအသင်း။

နယ်သာလန်၏ အီတလီနှင့် ခြေစမ်းမည့် ကစားသမားစာရင်း၌ ရှနိုက်ဒါနှင့် ရော်ဘင်ကိုချန်လှပ်ကာ ဗန်ပါစီနှင့် ဟန်တယ်လာကို ဦးစားပေးရွေးချယ်ခဲ့

နယ်သာလန်အသင်းသည် ဖေဖော်ဝါရီ ၆ ရက်တွင် အမ်မာစဒမ်၌ ယှဉ်ပြိုင်ကစားမည့် အီတလီနှင့် ခြေစမ်းပွဲအတွက် ကစားသမား ၂၀ စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ယင်းကစားသမား ၂၀ စာရင်းတွင် ဝက်စ်လေရှနိုက်ဒါနှင့် ဘိုင်ယန်မြူးနစ်အသင်းမှ အာဂျန်ရော်ဘင်တို့ ပါဝင်ခဲ့ခြင်းမရှိခဲ့ပေ။

နယ်သာလန်အသင်းအတွက် ခေါ်ယူခြင်းမခံခဲ့ရသည့် ကစားသမားများမှာ စတီကီလန်ဘတ်၊ ဝက်စ်လေရှနိုက်ဒါ၊ ရာဖေးလ်ဗန်ဒါဗက်နှင့် အာဂျန်ရော်ဘင်တို့ဖြစ်သည်။

လက်ရှိ နယ်သာလန်အသင်းနည်းပြချုပ် လူးဝစ်ဗန်ဂါးလ်၏ အီတလီအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲအတွက် ရွေးချယ်ထားသည့် ကစားသမားများမှာလည်း ဝါရင့်ကစားသမားများနှင့် အတွေ့အကြုံရင့်ကျက်သည့် ကစားသမားများပင် ဖြစ်သည်။

နယ်သာလန်နည်းပြသည် ပရီမီယာလိဂ်တွင် အကောင်းဆုံးခြေစွမ်းရရှိနေသော တိုက်စစ်မှူးဗန်ပါစီနှင့် ဘွန်ဒက်လီဂါတွင် အကောင်းဆုံးဟုဆိုနိုင်သည့် တိုက်စစ်မှူးဟန်တယ်လာတို့ကို အဓိကတိုက်စစ်မှူးများအဖြစ် ခေါ်ယူထားသည်။ နည်းပြလူးဝစ်ဗန်ဂါးလ် ရွေးချယ်ထားသောကစားသမားများမှာ **ဂိုး-ဗာမီယာ၊မိုက်ကယ်ဗွန်း၊ တင်ခရူး၊ နောက်တန်း**-ဒယ်လေဘလိုင်း၊ ရွှန်ဗလာ၊ ဂျန်မက်၊ မာတင်အင်ဒီ၊ မက်သီဆန်၊ ရီကာဒိုဗန်ရင်း၊ စတီဖင်ဒီဗရီ၊ **ကွင်းလယ်**-ကလပ်စီ၊ ဗန်ဂျင်ကယ်၊ ဂွါန်နသန်ဒီဂတ်မန်၊ အဒမ်မာဟာ၊ ကီဗင်စထရုမန်၊ **ရှေ့တန်း**-ဟန်တယ်လာ၊ ဒါ့ကွတ်၊ အိုလာဂွါန်၊ ရော်ဘင်ဗန်ပါစီနှင့် ဂျာရီမိန်းလမ်း(စ်)တို့ဖြစ်သည်။

ဂျူပင်တပ်စ်သို့ ရောက်ရှိသွားခဲ့သော အပြောင်းအလဲများသည့် တိုက်စစ်မှူးအနယ်ကာ

နိုင်လင်းကြည်

ဘောလုံးသမားဘဝတစ်လျှောက်တွင် အသင်းအပြောင်းအရွှေ့များစွာကို လုပ်ဆောင်သူဟုဆိုရလောက်အောင် အပြောင်းအလဲများလှသော တိုက်စစ်မှူး နီကိုလက်အနယ်ကာသည် တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်း၌ ကစားနေရာမှ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်းသို့ ကနဦးသက်တမ်းခြောက်လစာချုပ်ဖြင့် အီတလီဘောလုံးလောကသို့ ပထမဆုံးပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူးအနယ်ကာသည် ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ပြီးခဲ့သည့် သီတင်းပတ်က တူရင်မြို့၌ ကျန်းမာရေးဆေးစစ်မှုများပြုလုပ်ခဲ့ပြီး လက်ရှိတွင် ခြောက်လစာချုပ်ဖြင့် ချုပ်ဆိုခဲ့သော်လည်း နောက်ထပ်တစ်နှစ်ထပ်တိုးကစားနိုင်မည့် အခွင့်အရေးတစ်ရပ်လည်းရရှိမည်ဖြစ်သည်။

အနယ်ကာသည် ၂၀၁၂ ခုနှစ် နှစ်စပိုင်းတွင် ချယ်လ်ဆီးမှ ရှန်ဟိုင်းရှင်ဟွာအသင်းသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

တိုက်စစ်မှူးအနယ်ကာ၏ ကစားသမားဘဝဖြတ်သန်းမှု

စဉ်	အသင်းအမည်	ခုနှစ်	ပြောင်းရွှေ့ကြေး(ပေါင်)
၁	ပီအက်စ်ဂျီ	၁၉၉၆ - ၉၇	-
၂	အာဆင်နယ်	၁၉၉၇ - ၉၉	၀.၅ သန်း
၃	ရီးယဲလ်မက်ဒရစ်	၁၉၉၉ - ၀၀	၂၂.၃ သန်း
၄	ပီအက်စ်ဂျီ	၂၀၀၀ - ၀၂	၂၂ သန်း
၅	လီဗာပူး	၂၀၀၁ - ၀၂	အငှား
၆	မန်စီးတီး	၂၀၀၂ - ၀၅	၁၂ သန်း
၇	ဖီနာဘာချီ	၂၀၀၅ - ၀၆	၇ သန်း
၈	ဘော်လ်တန်	၂၀၀၆ - ၀၈	၈ သန်း
၉	ချယ်လ်ဆီး	၂၀၀၈ - ၁၂	၁၅ သန်း
၁၀	ရှန်ဟိုင်းရှင်ဟွာ	၂၀၁၂ - ၁၃	-





အမည်ပြောင်း

အဖ ဦးအောင်မြတ်စိုး၏ သမီး မသွန်းနေခြည်စိုးအား ယနေ့မှစ၍ မသင်းသီရိစံဟု ပြောင်းလဲခေါ်ပါရန်။

မသင်းသီရိစံ



စာတည်းမှူးထံရောက်လာသော ပေးစာများ

ပြုပြင်ပြောင်းလဲရေးဆောင်ရွက်လျက်ရှိသော ယနေ့အချိန်အခါတွင် ပြည်သူများ၏လိုအပ်ချက်များကို ဦးစားပေး အကောင်အထည်ဖော်လျက်ရှိနေသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ စာတည်းမှူးထံရောက်လာသည့် ပေးစာများမှာ ပြည်သူများကြား နိစ္စဓူဝတွေ့ကြုံနေရသည့် အခက်အခဲများကို သတင်းစာမှတစ်ဆင့် သိရှိဖြေရှင်းပေးနိုင်ရန် ဖော်ပြပေးနေခြင်းဖြစ်သလို အများနှင့်ဆိုင်သော ကိစ္စရပ်များကို အများစုပေါင်းဖြေရှင်းခြင်းဖြင့် သန့်ရှင်းသာယာသော ပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်လာမည်ဖြစ်သည်။

ယခုတစ်ပတ် စာတည်းမှူးထံရောက်ရှိလာသော ပေးစာများကို ဖော်ပြရလျှင်-

စပါးစက်မှအမှုန်အမွှားများ ကျန်းမာရေးထိခိုက်

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက် နယ်မြေ (၉) စံကားဝါလမ်းနှင့် ဦးစောမောင်လမ်းထောင့်ရှိ စပါးစက်မှ အမှုန်အမွှားများ ပတ်ဝန်းကျင်သို့ ပျံ့လွင့်လျက်ရှိရာ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးထိခိုက်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်နေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် ပေးပို့လာသောစာ။

ရပ်ကွက်အတွင်းက ဝက်မွေးမြူမှု ရှင်းလင်းပေးရန်

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ် (၆) လမ်းအလယ်ရှိ နေအိမ်နှစ်အိမ်တွင် စည်းကမ်းမဲ့စွာ ဝက်များကို စီးပွားဖြစ်မွေးမြူထားရာ ဝက်ခြံမှ အညစ်အကြေးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ညဘက်ဆူညံသံများ ထွက်ပေါ်ခြင်းများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ၊ သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်နေပါသဖြင့် ရပ်ကွက်အတွင်းမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြလာသောစာ။

ရထားလမ်းနှင့်ကားလမ်းဘေးရှိ ပျံကျဈေးသည်များ ပြောင်းရွှေ့ပေး

မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်ရပ်ကွက် ဝေဟင်လမ်းနှင့် မင်္ဂလာဒုံမြို့နယ် အနန်းပင်ရပ်ကွက် ဘုရင့်နောင်လမ်း ဆက်စပ်လျက်ရှိသော ရထားသံလမ်းအနီး၌ ပျံကျဈေးတဲများ ဆောက်လုပ်ရောင်းချနေပါသဖြင့် ပြည်သူများ ကား၊ ရထားအန္တရာယ်ကင်းဝေးရေး နီးစပ်ရာ ဈေးများသို့ ပြောင်းရွှေ့ရောင်းချစေရေး စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

လူနေရပ်ကွက်အတွင်းက ပလတ်စတစ်စက်ရုံ

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ နေအိမ်တစ်အိမ်တွင် ပလတ်စတစ်ကျိုချက်ခြင်းလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ဆူညံသံများ၊ အနံ့ဆိုးများနှင့် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရပါသဖြင့် လိုအပ်သလို ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလာသောစာ။

ခွေးလေခွေးလွင့်များ ဖယ်ရှားပေးပါ

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း (တောင်)ရပ်ကွက် မဟာဘောဂလမ်း၊ ရတနာလမ်း၊ ပဒေသာလမ်း၊ ပြည်လမ်းနှင့် ဓမ္မစေတီလမ်းထောင့်တို့တွင် ခွေးလေခွေးလွင့်များ သောင်းကျန်းနေပြီး လမ်းသွား လမ်းလာများအား အနှောင့်အယှက်ပေးခြင်း၊ တစ်ကောင်နှင့်တစ်ကောင် ကိုက်ခဲနေခြင်းနှင့် ခွေးကိုက်မည့် အန္တရာယ်၊ ခွေးရူးရောဂါအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

ကျူးကျော်ပျံကျဈေးအား ဖျက်သိမ်းပေး

ရန်ကုန်မြို့ တာမွေမြို့နယ် အရိုးကုန်းလမ်းပေါ်တွင် ရောင်းချနေသော ကျူးကျော်လမ်းဘေးပျံကျဈေးကြောင့် လမ်းများပျက်စီးခြင်း၊ အမှိုက်သရိုက်များ ပြန့်ကျဲနေခြင်း၊ သွားလာရန်ခက်ခဲခြင်းများ ဖြစ်ပေါ်နေပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလာသောစာ။

ကျူးကျော်အဆောက်အအုံများ ဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံ (၂၆)ရပ်ကွက် အောင်ဇေယျအိမ်ရာဝင်းရှိ မြေညီတိုက်ခန်းများသည် အပြိုင်အဆိုင် လူနေဆိုင်ခန်းများ အခိုင်အမာဆောက်လုပ်ခြင်းကြောင့် လမ်းသွားလမ်းလာခက်ခဲခြင်း၊ နွေရာသီရောက်လာ၍ မီးဘေးစိုးရိမ်ရခြင်းတို့ကြောင့် အဆိုပါကျူးကျော်အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြလာသောစာ။

တရားမဝင်ဆိုင်ခန်းနှင့် လူနေအိမ်များ ရှင်းလင်းပေးစေလို

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းပဲတန်းရပ်ကွက် ရုံးကြီးလမ်းရှိ ဌာနဆိုင်ရာရုံးများ မျက်နှာစာတွင် တောင်ကျရေမြောင်းပေါ်ပိတ်လျက် တရားမဝင်ဆိုင်ခန်းနှင့် လူနေအိမ်များ ဆောက်လုပ်နေထိုင်သဖြင့် ရေမြောင်းပိတ်ဆို့ခြင်း၊ အနံ့ဆိုးများထွက်ပေါ်ခြင်းနှင့် ပတ်ဝန်းကျင် အမြင်မတင့်တယ်ခြင်းများကြောင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြလာသောစာများပင် ဖြစ်သည်။

တရားမဝင်ကျွန်းနှင့် ပျဉ်းကတိုးသစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ တရားမဝင်သစ် ဖမ်းဆီးရေးအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက်တွင် ကံမမြို့နယ် မဒေးကြီးပြင် အကွက်(၁၀၀)အတွင်း နေရာသုံးခုနှင့် မဒေးတိုးချဲ့ကြိုးဝိုင်း အကွက်အမှတ် (၉)တို့မှ တရားမဝင်ကျွန်းသစ်/ ခွဲသား/တိုင် ၁၆ ဒသမ ၉၉၇၈ တန်၊ ဇန်နဝါရီ ၂၆ ရက်တွင် မဒေးတိုးချဲ့ ကြိုးဝိုင်းအကွက် အမှတ် (၇၊၈၊၁၀၊ ၁၁၊၁၂)အတွင်း နေရာငါးခုမှ တရား မဝင် ကျွန်းသစ်/ ခွဲသား/တိုင် ၁၄ ဒသမ ၁၄၉၄ တန်နှင့် ပျဉ်းကတိုးသစ်/တိုင် ၂ ဒသမ ၁၄၉၆ တန် စုစုပေါင်း ၃၃ ဒသမ ၂၉၆၈ တန်တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇန်နဝါရီ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများသည် တိုက်ကြီးမြို့နယ် ပျဉ်းမကုန်းကျေးရွာအုပ်စု တဘူးဝကျေးရွာ စာသင်ကျောင်း အနောက်ဘက် ဥက္ကံချောင်းဘေး၌တရားမဝင် ကျွန်းသစ်လုံး/ တိုင်/ ရောင်ခြမ်း/ ခွဲသား ၁၂ ဒသမ ၉၀၀၆ တန်၊ ပျဉ်းကတိုး သစ်လုံး/ ရောင်ခြမ်း/ခွဲသား သုည ဒသမ ၉၂၆၂ တန် စုစုပေါင်း ၁၃ ဒသမ ၈၂၆၈ တန်ကို ဖမ်းဆီးရမိပြီး သစ်ပိုင် ရှင်မှာ ဦးတင်ဇော်လတ် ရွှေပြည်သာ မြို့နယ် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မင်္ဂလာနှစ်ပတ်လည်ဆုမွန်လွှာ

* မင်္ဂလာအစစ်နှင်း. . . .
အကြင်နာ--မြစ်နှစ်စင်း
* အပြစ်ကင်းစွာပ. . . .
ချစ်ခြင်းတွေ လှိုင်းခတ်လို့
ပိုင်းဖြတ်မရတဲ့ -- ပေါင်းစည်းခြင်း။

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်မှာ ကျရောက်တဲ့ ဦးသိန်းထွေး (GM-Hotel Shwe Pyi Taw) - ဒေါ်သီရိချယ်တို့ရဲ့ မင်္ဂလာနှစ်ပတ်လည်နေ့မြတ်မှသည် ရာစုပေါင်းများစွာတိုင် အမှတ်တရအလီလီ ဆင်ယင်ထုဆစ်နိုင်ပါစေ---။

ဟိုတယ်ရွှေပြည်တော်ဝန်ထမ်းများ

ရွှေရတုမင်္ဂလာဆုတောင်း

ဖေဖော်ဝါရီလ (၃) ရက်မှာ ရွှေရတု မင်္ဂလာတိုင်ခဲ့လေပြီ---

ချစ်ဒယ်ဒီ ဦးမောင်မောင်တိုး နှင့် ချစ်မာမီ ဒေါ်မေမေခင်တို့ရဲ့ ကျော်ဖြတ်ခဲ့တဲ့နှစ် (၅၀) မင်္ဂလာခရီးမှသည် နှစ်ပေါင်းများစွာတိုင် သား၊ သမီး၊ မြေးများနှင့်အတူ--- ပျော်ရွှင်ချမ်းမြေ့စွာ လောကီ၊ လောကုတ္တရာနှစ်ဖြာအကျိုး သယ်ပိုးနိုင်ပါစေ--

ချစ်သားကြီး - ကျော်သူတိုး- သိဂ်ဦး
ချစ်သားငယ် - သက်လွင်တိုး- လွင်လွင်ကျော်
ချစ်မြေးများ - မင်းချမ်းဝဏ်၊ ဆုမြတ်စန္ဒီ၊ ဝေယံမွန်း
ဝိုင်းဝိုင်းဖြူစင်၊ စွမ်းထက်တိုး

Myanmar Voyages မိသားစု









မန္တလေးကြော်ငြာနှင့်သတင်း

လယ်ယာသုံးစက်ကိရိယာ တောင်သူပညာပေးပြပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂

စက်မှုလယ်ယာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး မန္တလေးနှင့် ပြင်ဦးလွင်ခရိုင်လယ်ယာသုံး စက်ကိရိယာ တောင်သူပညာပေးပြပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဆိုနာလီကာ ထွန်စက်ကြီးနှင့် လက်တွန်းထွန်စက်၊ လက်ကိုင်ရှည် လက်တွန်းထွန်စက် ဝယ်ယူခဲ့သည့် တောင်သူလေးဦးအား စက်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများက ပြပွဲတွင် ခင်းကျင်းပြသထားသော လယ်ယာသုံးပစ္စည်းများကို လှည့်လည်လေ့လာခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

တောင်သူများအနေဖြင့် လယ်ယာသုံးစက်ပစ္စည်းများကို လက်ငင်းစနစ်(သို့)အရစ်ကျစနစ်ဖြင့် စက်မှုလယ်ယာဦးစီးဌာနတွင် ဝယ်ယူနိုင်ပြီး ဝယ်ယူပြီးသည့် စက်ပစ္စည်းများ စနစ်တကျ ကိုင်တွယ်မောင်းနှင်တတ်စေရန်၊ ထိန်းသိမ်းတတ်စေရန်နှင့် ကိုယ်တိုင်ပြုပြင်တတ်စေရန် သင်တန်းများကို ကျေးရွာအရောက်လိုက်လံသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ တောင်သူများ အသုံးပြုလျက်ရှိသော လယ်ယာသုံးပစ္စည်းများ အသုံးပြုရာတွင် အခက်အခဲရှိခြင်းနှင့် ပျက်စီးမှုများရှိပါက စက်မှုလယ်ယာဦးစီးဌာနသို့ အကူအညီတောင်းခံပါက တောင်သူများသို့ အခမဲ့ ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝေဖြိုးအောင်)

အမည်ပြောင်း

နောင်ချိုမြို့ အထက ပထမတန်းမှ မောင်ဟိန်းထက်ပိုင်အား ယနေ့မှစ၍ မောင်ဟိန်းထက်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းထက်ကျော်**

ဂျပန်နိုင်ငံမှ ၇၈၅ သိန်းလှူဒါန်း

မလှိုင် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကံကြီးရွာ အမက ကျောင်း၌ ကလေးများ ပညာပါရမီဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်မှုဖြင့် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်နိုင်ရန် ဂျပန်နိုင်ငံက အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ (G.G.A) သံရုံးက မြန်မာငွေကျပ် ၇၈၅ သိန်းကို ဇန်နဝါရီ ၁၀ ရက် ညနေ ၃ နာရီ၌ ကံကြီး အမက ကျောင်းကော်မတီ ဥက္ကဋ္ဌ ဦးကျော်ခွေးထံတွင် လှူဒါန်းခဲ့သည်။ ယခုအခါ ကျောင်းသား ကျောင်းသူ ၁၈၀ ဆံ့ ကျောင်းဆောင်ကြီးကို ဆောက်လုပ်လျက်ရှိကြောင်း ကံကြီးရွာ အမက ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ရွှေထံမှ သိရသည်။

(ကျော်ကျော်-မလှိုင်)

မုံရွာမြို့၌ ရွှေတောင်မေတ္တာလူမှုကူညီရေးအသင်း ဖွင့်လှစ်

မုံရွာ ဖေဖော်ဝါရီ ၂

ရွှေတောင်မေတ္တာလူမှုကူညီရေးအသင်းကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက အသင်းတည်ရှိရာ မုံရွာမြို့ မုံရွာတောင်ရပ်ကွက်ရှိ ပြည်လုံးချမ်းသာကျောင်းတိုက်၌ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ အဆိုပါအသင်းကို ရပ်ဝေးရပ်နီးမှ အများကောင်းမှုစုပေါင်းလှူဒါန်းမှုဖြင့် တည်ထောင်ထားခြင်းဖြစ်ပြီး လူမျိုး၊ ဘာသာမရွေး လူမှုရေးအကူအညီများ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အသင်းအနေနဲ့ အချိန်ပိုင်းဆေးကုခန်းဖွင့်လှစ်ပြီး အခမဲ့ကုသပေးခြင်း၊ သွေးလှူဒါန်းခြင်း၊ အောက်ဆီဂျင်ဘူး အခမဲ့ ငှားရမ်းခြင်း၊ လူနာတင်ယာဉ်နဲ့ ဘက်စုံသုံးယာဉ်တွေ ငှားရမ်းပေးခြင်းနဲ့ သာရေး၊ နာရေး အသုံးအဆောင်ပစ္စည်းများ အခမဲ့ ငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမှာပါ" ဟု အသင်းအမှုဆောင် ဦးကျော်မျိုးမင်းက ပြောကြားသည်။

အဆိုပါအသင်းသို့ လူမှုရေးအကူအညီများ တောင်းခံလိုပါက (သို့မဟုတ်) လှူဒါန်းလိုပါက ဖုန်း- ၀၉-၂၁၃၂၃၆၄၊ ၀၉-၄၉၂၇၀၈၀ နှင့် ၀၉-၄၀၀၄၀၇၀၄၄ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ရန်ကြီးအောင်)

ကွန်ကရစ်တံတား အဆင့်မြင့်တည်ဆောက်ရေး

ပဲခူး ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ကြီးချောင်းတံတားအား လက်ရှိဘေလီတံတားအဆင့်မှ ကွန်ကရစ် တံတားအဖြစ် တံတားပေအရှည် ၂၇၀၊ မြေပြင်မှ အမြင့် ၄ ပေ တည်ဆောက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားခဲ့သည်။

အထူးစီမံကိန်းမှ အင်ဂျင်နီယာမှူးအဖွဲ့နှင့် မြို့မိမြို့ဖ မြို့နေပြည်သူတို့သည် မြို့စည်ပင်သာယာရေးနှင့် မြို့နေပြည်သူလူထု လူမှုဘဝစီးပွားဖွံ့ဖြိုးတိုးတက်ဆောင်ရွက်သွားရန် ညှိနှိုင်းဆွေးနွေးကြသည်။

ကျောက်ကြီးမြို့လယ် လက်ရှိဘေလီတံတား**(ဝဲပုံ)**ကို ဇန်နဝါရီ ၁၆ ရက်မှ စတင်ဖျက်သိမ်းခဲ့ရာ ယခုအခါ အပြီးသတ်ဖျက်သိမ်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်ဟု သိရသည်။ **(မဝေမာသီ)**

မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြှိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြှိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန

အမည်ပြောင်း

ဦးမိုးဇော်လတ်[၁/မကန(နိုင်)၀၆၀၈၄၈]၏သား သံတွဲမြို့၊ အထက(၁)၊ န၀မတန်း (ဂ)မှ မောင်ကျော်စွာမိုးဇော်အား ယနေ့မှစ၍ မောင်ဟိန်းထက်ဇော်ဟု ခေါ်ပါရန်။

မောင်ဟိန်းထက်ဇော်

အမည်ပြောင်း

ဦးမိုးဇော်လတ်[၁/မကန(နိုင်)၀၆၀၈၄၈]၏သား သံတွဲမြို့၊ အလက(၁)၊ စတုတ္ထတန်းမှ မောင်ဇာနည်မိုးဇော်အား ယနေ့မှစ၍ မောင်ရဲရင့်ဇာနည်ဟု ခေါ်ပါရန်။

မောင်ရဲရင့်ဇာနည်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၉ယ/၈၃၁၂၃၊ အမျိုးအမည် Kenbo ၁၂၅ အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်သူရဇော် မှတ်ပုံတင်အမှတ်[၁၄/ရကန(နိုင်)၀၉၅၅၃၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၂၄ယ/၃၉၅၄၆၊ အမျိုးအမည် HAOBO 110အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်စန်းမြင့် မှတ်ပုံတင်အမှတ် [၅/မမတ(နိုင်)၀၀၉၉၀၃]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

အမွေဆက်ခံခွင့်သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

မိတ္ထီလာခရိုင်ရုံး

၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁

ကွယ်လွန်သူ ဦးအေးမြင့်ကျန်ရစ်သောပစ္စည်းများနှင့်မိသားစုပင်စင်ကိစ္စ

ဒေါ်မဲလုံး **လျှောက်ထားသူ**

[၉/၀တန(နိုင်) ၀၄၄၇၃၂] တောင်သူ၊

နဘဲကန်ကျေးရွာ၊ ဝမ်းတွင်းမြို့၊ မန္တလေးတိုင်းဒေသကြီး။

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ နဘဲကန်ကျေးရွာနေ ဒေါ်မဲလုံးက ကွယ်လွန်သူ ဦးအေးမြင့်၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သည်ဟူ၍ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ နဘဲကန်ကျေးရွာနေ ၎င်းကွယ်လွန်သူ ဦးအေးမြင့်မှ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန်၊ သက်သေခံ လက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးအေးမြင့်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၃ခုနှစ်၊ မတ်လ ၁ရက် (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ရက်)နံနက် ၁၀ နာရီတွင် လာရောက်ရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်မဲလုံး၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးလွင်)
ခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးထွန်းဇော်[၉/မလန(နိုင်)၁၂၃၂၁၂] ပိုင်ဆိုင်သော မိုဘိုင်းဖုန်းအမှတ်(၀၉-၄၃၀၉၉၀၈၈) နှင့် ပတ်သက်သည့် စာရွက်စာတမ်း(မူရင်း)များ ၂၈-၁-၂၀၁၃ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။ **ဖုန်း-၀၉-၄၃၀၉၉၀၈၈**

အမည်ပြောင်း

ဦးမိုးဇော်လတ်[၁/မကန(နိုင်) ၀၆၀၈၄၈]၏သမီး သံတွဲမြို့၊ အလက(၁) သူငယ်တန်းမှ မသဥ္ဇာမိုးဇော်အား ယနေ့မှစ၍ မဆုသဥ္ဇာလတ်ဟုခေါ်ပါရန်။ **မဆုသဥ္ဇာလတ်**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈င/၇၃၅၉၊ အမျိုးအမည် Gantawin (GTW-J-01)အမျိုးအစား Jeep (4x2)(L)ယာဉ်လက်ဝယ်ရှိသူအမည်ဒေါ်အေးသန္တာကျော် မှတ်ပုံတင်အမှတ် [၁၄/အမန(နိုင်)၀၉၄၈၇၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၉ယ/၂၇၁၂၈၊ အမျိုးအမည် Zong Shen 110အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးထွန်းလင်းဦး မှတ်ပုံတင်အမှတ် [၉/အမရ(နိုင်)၁၃၉၃၀၇]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၁၈ယ/၇၅၅၄၇၊ အမျိုးအမည် Kenbo 125အမျိုးအစား M/Cယာဉ်လက်ဝယ်ရှိသူအမည် ဦးပေါ်ဦး မှတ်ပုံတင်အမှတ် [၉/ခမစ(နိုင်)၀၁၀၄၃၇]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၂ယ/၂၄၁၄၉၊ အမျိုးအမည် Zong Shen 110 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးမျိုးမင်းသက် မှတ်ပုံတင်အမှတ်[၅/ငဇန(နိုင်)၀၆၉၆၁၈]မှ ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေး)တောင်ပိုင်း
မန္တလေးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ် (၈၅၆)၊ ဦးပိုင်အမှတ်(၁) ဦးပွားခုံးကျော် အရှေ့ဘက်ကြား၊ FUJE စတိုးအနောက်ဘက်လမ်းကြား မောင်လှိုင်အမည်ပေါက်ဘိုးဘမြေကွက်အား ဦးတင်မောင်လှိုင်၊ မှတ်ပုံတင်အမှတ် [၉/မရတ (နိုင်)၀၇၇၄၆၈] က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၁၇ယ/၉၆၉၁၈၊ အမျိုးအမည် Sun Bo 125အမျိုးအစား M/Cယာဉ်လက်ဝယ်ရှိသူအမည် ဦးညွန့်ဝင်း မှတ်ပုံတင်အမှတ် [၉/မခန(နိုင်)၁၁၃၈၃၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၁၂ယ/၁၃၉၂၀၊ Yamaha Fino 115 ယာဉ်လက်ဝယ်ရှိသူအမည် ဦးရန်နိုင်စိုး မှတ်ပုံတင်အမှတ်[၉/အမဇ(နိုင်) ၁၀၁၄၆၅၉] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မှန်တန်းရပ်ကွက်၊ တိုးချဲ့(၁)ရပ်ကွက်နေ ဦးငြိမ်းမောင်၏ဇနီး ဒေါ်တင်မာဌေး [၉/အမရ(နိုင်)၁၀၉၁၉၇]သည် ၂၈-၁-၂၀၁၃ ရက်တွင် ခင်ပွန်းသည်၏ ခွင့်ပြုချက်မရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအားလုံးမိသားစုနှင့်ပတ်သက်ခြင်းမရှိကြောင်း ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးသွားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးငြိမ်းမောင်[၉/မလန(နိုင်)၀၆၅၃၅၃]

သစ်မွှေးတစ်ပင်လုံးအသုံးဝင်ပုံ(သို့မဟုတ်) ထိုင်းသစ်မွှေးအဆီထုတ်လုပ်ခြင်းတန်ဖိုးသိကောင်းစရာ

နိုင်နိုင်ထွန်း (ကျုံဒိုး)

မြန်မာနိုင်ငံ သစ်မွှေးလုပ်ငန်းရှင်များအသင်းညီလာခံကို ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်က UMFCCI ခန်းမ၌ကျင်းပရာ တက်ရောက်လေ့လာခွင့်ရခဲ့ပါသည်။ ထိုအခမ်းအနားတွင် ထိုင်းနိုင်ငံ မဲဆောက်မြို့ ကီနမ်(စ်)ကုမ္ပဏီမှ သစ်မွှေးအဆီနှင့်ဆေးထိုးပညာရှင် ကိုသန်းထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် သစ်မွှေးအဆီထုတ်လုပ်ခြင်းနဲ့ အကျိုးအမြတ်ရလဒ်လေးကို တစ်စိတ်လောက်ရှင်းပြပေးပါ။

ဖြေ။ ။ဟုတ်ကဲ့ ပထမဦးဆုံးအနေနဲ့ သစ်မွှေးအဆီထုတ်လုပ်ခြင်းနဲ့ အဆီခဲထုတ်လုပ်ခြင်းတန်ဖိုးကို သိကောင်းစရာအဖြစ် အရင်ရှင်းပြပါမယ်။ ပထမဦးဆုံးအနေနဲ့ သစ်မွှေးဆီထုတ်လုပ်ခြင်းကို ရှင်းပြပါမယ်။ သစ်မွှေးဆီထုတ်လုပ်ရာမှာ သစ်မွှေးပင်ကို သစ်မွှေးဆီအဖြစ်လှုံ့ဆော်ပေးနိုင်သော ဆေး၏စွမ်းအားဟာ အဓိကကျပါတယ်။ သစ်မွှေးဆီထုတ်ယူရန် သစ်ပင်ရဲ့ပင်စည်ကိုသာ အသုံးချရလို့ သစ်ပင်ကို ဖြတ်တောက်ပြီးတာနဲ့ အစိုကိုပင် အလေးချိန်ဖြင့် ဝယ်ယူရပါတယ်။ သစ်ပင်အစိုကိုဝယ်ယူပြီးအခြောက်လှန်း အမှုန့်ကြိတ်အဆီထုတ်ရန် အသင့်ဖြစ်သည့်အချိန်မှာ ၅၅ ရာခိုင်နှုန်းအထိ လျော့ကျသွားမှာဖြစ်ပါတယ်။ ၁၅ ကီလိုဂရမ်ဆံ့ ပေါင်းအိုး (၁၄၅)ကီလိုဂရမ်တစ်လုံးဟာ တစ်ကြိမ်ကို ၁၅ ကီလိုဂရမ်နဲ့ တစ်ကြိမ်လျှင် ၁၀ ရက်ကြာအောင် ချက်ရပြီး တစ်လမှာ သုံးကြိမ်ချက်နိုင်ပါတယ်။ ၁၅ ကီလိုဂရမ် အဆီထုတ်ပေါင်းအိုးတစ်လုံးမှာ တစ်ကြိမ်လျှင် သစ်မွှေးဆီ (30 .CC)ထုတ်ယူနိုင်ပြီး တစ်လလျှင် (90 . CC)ရှိနိုင်ပါတယ်။ အကောင်းစားသစ်မွှေးဆီ AA အဆင့် 1. CC ဟာ ထိုင်းဘတ်ငွေ 300တန်ဖိုးရှိပါတယ်။ တစ်ဒေါ်လာလျှင် 4350 မှ 4500-5000ဘတ်ငွေဖြင့်ရောင်းချနိုင်ပါတယ်။ ပေါင်းအိုးတစ်လုံးထုတ်လုပ်မှုအားဟာ 7.2 ဒေါ်လာဖြစ်လို့ ရရှိမှုဘတ်ငွေတန်ဖိုးဟာ 31050 ဖြစ်ပါတယ်။ သစ်မွှေးဆီချက်လုပ်ရန် သစ်မွှေးပင်အစို (၁)ကီလိုဂရမ်မှာဘတ်ငွေ (၁၀၀)ဘတ်ဖြင့် အိုးတစ်လုံးအတွက် တစ်လစာကို (၁၀၀) ကီလိုဂရမ်အသုံးပြုရပြီး ကျသင့်ငွေမှာ ဘတ်ငွေ(၁၀၀၀၀၀)ဖြစ်ပါတယ်။

မေး။ ။ သစ်စည်း(ဝါ)သစ်မွှေးအဆီခဲထုတ်လုပ်ခြင်းကို ရှင်းပြပေးပါ။

ဖြေ။ ။သစ်မွှေးအဆီထုတ်လုပ်မှုဟာ သစ်မွှေးအရာတွင်(အစ်ကွာ ရာရီးယား) အမျိုးအစားအားလုံး ထုတ်လုပ်နိုင်ပါတယ်။ မြန်မာနိုင်ငံကထွက်တဲ့ ယခု လက်ရှိမြစ်ကြီးနားမျိုးရင်း(မာလာဆမ်းစစ်)ဟာ အမွှေးရနံ့အလွန်ကောင်းပြီး သစ်စည်းဖြစ်တည်မှုအားကောင်းပါတယ်။ သစ်စည်းတုံးအဆီခဲထုတ်ယူရာမှာ အကောင်းဆုံးဖြစ်ပြီး ဈေးကွက်ကောင်းရတဲ့အပြင် လူကြိုက်အလွန်များတာကြောင့် ရေပန်းစားလျက်ရှိပါတယ်။ သစ်စည်းတုံးထုတ်လုပ်မှုဟာ ခြောက်နှစ်အရွယ် သစ်မွှေးပင်တစ်ပင်ကို သစ်စည်းသစ်မွှေးခေါက် ၃ ကီလိုဂရမ်မှ ၅ ကီလိုဂရမ်ထိရရှိနိုင်ပါတယ်။ သစ်မွှေးလှုံ့ဆော်ဆေးထိုးပြီး လပေါင်းများစွာထားခြင်း(ဝါ)ဆေးထိုးပြီးတစ်နှစ် (သို့မဟုတ်)နှစ်နှစ်ကြာထားလျှင် အဆီကျစ်လျစ်မှုအားကောင်းပြီး အရောင်အသွေးများလည်း ပြောင်းလဲကွာခြားခြင်းကို ပိုမိုတွေ့ရှိရမှာပါ။ လှုံ့ဆော်ဆေးသွင်းပြီး ဖြတ်ယူတဲ့နေ့အထိ ထိုသစ်မွှေးတုံးရဲ့ သမိုင်းကြောင်းရက်စွဲများကို ထိုအဆီအခဲအချောထည်ပေါ်မှာ ဖော်ပြရေးထိုး ပေးထားခြင်းဖြင့် အဲဒီသစ်ရဲ့ဂုဏ်ကို ပေါ်လွင်စေပါတယ်။

မေး။ ။ သစ်မွှေးဆေးထိုးရာမှာ ASS နည်းနဲ့ ဆေးထိုးတာကိုသိလိုပါတယ်။

ဖြေ။ ။ ASS နည်းအရသွင်းတဲ့ဆေးရည်ဟာ အပင်၊ အသီးတို့မှရတဲ့ ဇီဝအက်စစ် (organic acid)ပါဝင်သည့်ဆေးရည်ဟာ သစ်မွှေးပင်အတွင်းသားကလာပ်စည်း(cell)များက စုပ်ယူမှုအားကောင်းရန် လှုံ့ဆော်ပါတယ်။ ဆေးသွင်းတဲ့ အပေါက်နေရာတစ်ဝိုက်သာမက ပင်စည်အကိုင်းအခက်အမြစ်ပါမကျန် အနှစ်အဆီတည်နိုင်အောင် စုပ်ယူတဲ့အပြင် ဆေးသွင်းပြီး ၁၀ လမှ သုံးနှစ်အတွင်း သစ်မွှေးအဆီအဆင့် A-Bကို တစ်ပင်လျှင်ပျမ်းမျှ ၃ ကီလိုမှ ၁၀ ကီလိုအထိ ထုတ်ယူနိုင်ပါတယ်။

မေး။ ။ တစ်ဆက်တည်း သစ်မွှေးတစ်ပင်လုံးအသုံးဝင်ပုံလေး ရှင်းပြပေးပါ။

ဖြေ။ ။ သစ်မွှေးပင်အသုံးဝင်တာကို နိုင်ငံတော်တော်များများသိကြပါတယ်။ သစ်မွှေးပန်းခြောက်၊ သီးခြောက်၊ အရွက်တို့ကို လက်ဖက်ခြောက်အနေနဲ့ ဆေးဝါးဖော်စပ်ပြီး သစ်မွှေးအဆီကိုတော့ ခေါင်းကိုက်၊ မူးဝေ၊ ဝက်ရူးပြန်၊ အကြော၊ ကြွက်သားနာကျင်မှု၊ နှလုံးရောဂါ၊ အစာအိမ်ရောဂါ၊ ကင်ဆာရောဂါ အမျိုးမျိုးတို့အတွက် ဆေးဝါးဖော်စပ်ပြီး HIV - AIDS ရောဂါများအတွက် ဆေးပညာရှင်များက လေ့လာဆန်းစစ်ကုသလျက်ရှိတယ်လို့ သိရပါတယ်။

အရစ်ကျစနစ်ဖြင့်ဝယ်သည့်လယ်ယာသုံးစက်ကိရိယာများ တောင်သူများထံလွှဲပြောင်းပေးအပ်

မိတ္ထီလာ ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် လယ်ယာသုံးစက်ကိရိယာတောင်သူပညာပေးပြပွဲနှင့် အရစ်ကျစနစ်ဖြင့်ဝယ်ယူသည့် လယ်ယာသုံးစက်ကိရိယာများ၊ တောင်သူများထံလွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က မိတ္ထီလာခရိုင်စက်မှုလယ်ယာဦးစီးဌာနရုံးတွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

၎င်းနောက် ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးသိန်းထွန်းစံက "လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနေသည့်ကာလတွင် လယ်ယာလုပ်ငန်းကြီးတစ်ခုဖြစ်သည့် လယ်ယာသုံးစက်ကိရိယာများ အသုံးချထွန်ယက်စိုက်ပျိုးနိုင်မှသာလျှင် အချိန်နှင့်လူအား ရင်းနှီးသုံးစွဲမှု သက်သာပြီး နိုင်ငံတော်ရဲ့အဓိက ကုန်ထုတ်လုပ်ငန်းကြီးတစ်ခုဖြစ်သည့် လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး တောင်သူများ၏လူမှုစီးပွားဘဝ လိုက်ပါဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း၊ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲနိုင်ရန် ဝင်ငွေနည်းပါးသည့် တောင်သူများအား စက်မှုလယ်ယာဦးစီးဌာနမှ အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း" ရှင်းလင်းပြောကြားပြီး ဒေါင်ဖန်းလက်တွန်းထွန်စက်တစ်စီး၊ ဒေါင်ဖန်း လက်ကိုင်ရှည်လက်တွန်းထွန်စက် ခုနစ်စီးအား အရစ်ကျစနစ်ဖြင့် ဝယ်ယူသည့် ငွေ့အိုင်ကျေးရွာမှ တောင်သူများကိုယ်စား တောင်သူတစ်ဦးထံ စက်ကိရိယာများနှင့် ပတ်သက်သည့် စာရွက်စာတမ်းကို ခရိုင်အုပ်ချုပ်ရေးမှူးမှ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ပညာပေးပြပွဲတွင် ပြသထားသည့် လယ်ယာသုံးစက်ကိရိယာများကို တောင်သူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြောင်း သိရသည်။

(ဝဲပုံ) (၅၇၉)

ဥတုရာသီ တောက်ပုံမိုဂ်

တစ်ဦးတည်းဖြစ်ကြောင်း
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၁/စတန(နိုင်)၀၃၉၆၃၇]ကိုင်ဆောင်သူ ဦးစိုးမောင်နှင့် ဦးလှမောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးစိုးမောင်(ခ)ဦးလှမောင်

အင်္ဂလိပ်စာအထူးသီးသန့်သင်ကြားပေးသည်
IELTS, Proficiency Class, IGCSE
Home Visit Available
Ph:09-73122780, 09-73114960

တိုက်အိမ်ရောင်းမည်
20' x 40' နှစ်ထပ်တိုက်၊ သုခလမ်း(မင်းလမ်းနှင့်ကျောချင်းကပ်)၊ စမ်းချောင်းမြို့နယ်၊ အာရုံတော်ဝင်အနီး(ညိုနိုင်းဈေး)
Ph:045-30192

အထူးဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃)ဖြင့် သုခစုစံအလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ **သုစမ္မသီဂီ ဒေါ်ဥမ္မာမြင့်(Ms.Hanni Oo)**အား သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မသီဂီ**ဘွဲ့တံဆိပ်တော် ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သာသနာအကျိုးများ ယခုထပ်တိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကိုအောင်မြတ်သူ၊ ကိုစိန်လင်း aroma(Zulu Studio) Wedding Dress, Video & Photo Studio
aroma(Hair & Beauty Spa)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃)ဖြင့် Original Group Co.,Ltd. ၏ ဒါရိုက်တာဖြစ်သော **ဒေါ်ချိုသာခင်(ခ)မဘုံ**အား သာသနာတော်ဆိုင်ရာ **သုဓမ္မသီဂီ**ဘွဲ့တံဆိပ်တော် ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သာသနာအကျိုးများ ယခုထပ်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကိုအောင်မြတ်သူ၊ ကိုစိန်လင်း aroma(Zulu Studio) Wedding Dress, Video & Photo Studio
aroma(Hair & Beauty Spa)

Congratulation ထွန်းကိုကို

(14-1-2013) ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင်ကျင်းပခဲ့သော Asia New Star Model Contest ပြိုင်ပွဲကြီးတွင် Asia New Star Model Award ဆုနှင့် SEOKYEONG University tital ဆုတို့ကိုတစ်ပြိုင်တည်း မြန်မာနိုင်ငံအတွက် ကိုယ်စားပြုရရှိခဲ့သော **ထွန်းကိုကို**အား ဝမ်းမြောက်ဂုဏ်ယူပါသည်။ ပဲခူးသားတစ်ယောက်ဖြစ်သည့်အပြင် အထက(၃) ပဲခူးကျောင်းသားဟောင်းတစ်ယောက်ဖြစ်သောကြောင့် တစ်ကျောင်းတည်းသားချင်းညီအစ်ကိုဖြစ်သောကြောင့် ထပ်ဆင့်ပို၍ဝမ်းသာပါကြောင်းနှင့် အနာဂတ်အနုပညာလမ်းကြောင်းတွင် ထွန်းတောက်သောအနုပညာကြယ်တစ်ခုဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကိုအောင်မြတ်သူ၊ ကိုစိန်လင်း aroma(Zulu Studio) Wedding Dress, Video & Photo Studio
aroma(Hair & Beauty Spa)

အခန်းဆက်ဝတ္ထု

နွေကဗျာဦး

တက္ကသိုလ် ဘုန်းနိုင်

(ယမန်နေ့မှအဆက်)

ဦးမြတ်မင်းက လေးပင်စွာ ခေါင်းခါသည်။

"အဲဒါတွေကိုလဲ မေ့ပစ်လိုက်ပါ၊ မောင်ရင်က လက်ထပ်ချင်ဦးတော့၊ ဦးသမီးကို မောင်ရင်နဲ့ မပေးစားနိုင်ဘူး"

"ဦးရယ်၊ ကျွန်တော့်အပေါ် ဘာမကြိုက်ပါသလဲ၊ ကျွန်တော့်မိဘမျိုးရိုးကိုလဲ ဦးသိပြီးပါပြီ၊ ကျွန်တော်က မိန်းကလေးတစ်ယောက်ကို အပျော်ကြံတတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး၊ အခု ကျွန်တော်ဆရာဝန်ဘက်လိုက်တာ ဟာလဲ နှုနှုငယ်ခိုင်းလို့ပါ"

ဦးမြတ်မင်းက သူ့ကို တစ်ချက်မျက်မှောင်ကြုတ်ကြည့်သည်။

"ဘာ . . . နှုနှုငယ်က မောင်ရင့်ကို ဆရာဝန်ဘက် လိုက်ခိုင်းတယ်"

"ဟုတ်ပါတယ်၊ နှုနှုငယ်က သူ့မှာ ရောဂါရှိတယ်တဲ့၊ ဘာရောဂါမှန်း ကျွန်တော်မသိဘူး၊ သိဖို့လဲ မလိုပါဘူး၊ ရောဂါရှိရှိ မရှိရှိ နှုနှုငယ်ကို ကျွန်တော် ချစ်တာဟာချစ်တာပဲ"

ဦးမြတ်မင်းသည် ဘာကြောင့်မသိ၊ ခေါင်းတစ်ချက်ငိုက်ကျသွား၏။ ဖန်ခွက်တွင်းမှ အရက်ကိုကုန်အောင် မော့ချလိုက်၏။ ထို့နောက် ပုလင်းကိုဖွင့်ကာ အရက်ထပ်ငှဲ၏။ ဦးမြင်မင်း၏ လက်များတုန်ယင်နေကြောင်း နှင်းငွေ့ သတိပြုမိ၏။

ဦးမြတ်မင်းက အရက်ခွက်ကိုင်ရင်း မေး၏။

"မောင်ရင် အသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ် ပြည့်ခါနီးပါပြီ"

ဦးမြတ်မင်းက ပြုံးသည်။ ထိုအပြုံး၏ အဓိပ္ပာယ်ကို နှင်းငွေ့ မကောက်တတ်။

"အသက်နှစ်ဆယ်ဆိုတာ ငယ်ငယ်လေး ရှိသေးတယ်၊ ဒီအရွယ်ဟာအင်မတန် ပျော်ဖို့ကောင်းတဲ့အရွယ်၊ နောင်ကို ဘယ်တော့မှ ပြန်ရတော့မှာ မဟုတ်တဲ့ အင်မတန် ပျော်ဖို့ကောင်းတဲ့အရွယ်၊ မမိုက်ပါနဲ့ လူကလေးရယ်၊ ကိုယ့်ဒုက္ခကိုလဲကိုယ်မရှာချင်ပါနဲ့၊ တစ်သက်ပြင်မရမယ့် အိမ်ထောင်ရေးကိစ္စမျိုးကိုလဲ ဒီအရွယ်မှာမစဉ်းစားပါနဲ့ဦး"

"ဦးရဲ့ဆုံးမစကားကို ကျွန်တော်လေးစားပါတယ်၊ ဒါပေမယ့် နှုနှုငယ်ကို ကျွန်တော် ချစ်မိပြီးပြီ၊ ဦးကျေနပ်မယ်ဆိုရင် ဖေဖေနဲ့ မေမေကိုပြောပြပြီး ကျွန်တော် လာစေ့စပ်ပေးခိုင်းပါ့မယ်၊ ကျွန်တော့်ကို ယုံပါ"

"မောင်ရင့်ကို မယုံလို့ မဟုတ်ပါဘူး၊ ဒီကိစ္စဟာ ယုံတာ မယုံတာနဲ့ မဆိုင်ဘူး၊ ဦး ပြောခဲ့ပြီးပါရောလား၊ ဦးသမီးကို ဦး မောင်ရင်နဲ့ မပေးစားနိုင်ဘူး၊ ဘယ်သူနဲ့မှလဲ မပေးစားနိုင်ဘူး၊ ဒီတော့ ဒုတိယအကြိမ် ထပ်တောင်းပန်မယ်၊ မောင်နှင်းငွေ့ ဒီရွာက အမြန်ပြန်သွားပါ၊ နှုနှုငယ်ကိုလဲ မေ့ပစ်လိုက်ပါ၊ မောင်ရင့်ဘဝမှာ မောင်ရင်စိတ်ချမ်းချမ်းသာသာနေပါ"

"ကိုယ်ချစ်တဲ့သူကို စွန့်ခွာသွားပြီး ဘယ်လိုလုပ်ကျွန်တော် စိတ်ချမ်းချမ်းသာသာ နေရမလဲ၊ စောစောက ဦးက ပြောတယ်၊ ကျွန်တော့်အရွယ်ဟာ အင်မတန်ပျော်ဖို့ကောင်းတဲ့အရွယ်တဲ့၊ ဒါပေမယ့် ဒီအခွင့်အရေးကို စကတည်းကကျွန်တော်မရခဲ့ပါဘူး၊ နှုနှုငယ်ကို စချစ်မိကတည်းက မရခဲ့တော့ပါဘူး၊ နှစ်နှစ်ကျော်ပါပြီ ဦးရယ်၊ ဘယ်သူမပြု မိမိမှုပါပဲ၊ တစ်ခုတော့ရှိတယ်၊ အခုအချိန်အထိ မျှော်လင့်ချက်နဲ့သာ ကျွန်တော် ကြံဖန်ပျော်နေရတယ်၊ အခု ဦးက အဲဒီမျှော်လင့်ချက်ကိုပါ ဖျက်ခိုင်းနေတယ်"

ဦးမြတ်မင်း ခေါင်းကျိုးကျသွား၏။ သို့ရာတွင် ခဏသာ ဖြစ်၏။

ဦးမြတ်မင်းသည် စားပွဲကို လက်ဝါးကြီးဖြင့် တအားပုတ်လိုက်သည်။ လူကလည်း မာန်ဖီသော ကျားကြီးပမာ နေရာမှ ထလိုက်၏။

"တော်တော့ မောင်ရင် . . . မောင်ရင့်ကို ငါ ကောင်းကောင်း လက်ခံစကားပြောမိတာ မှားပြီ၊ အကျိုးအကြောင်းပြောရင် လက်ခံပြီး ရှောင်သွားမယ်ထင်တယ်၊ မောင်ရင်က ဆက်ခေါင်းမာနေတယ်၊ ဒီတော့ နောက်ဆုံးပြောမယ်၊ မင်းဒီရွာက အမြန်ဆုံးပြန်သွားပါ၊ နှုနှုငယ်နဲ့လဲ ဘယ်တော့မှလာမဆက်ပါနဲ့၊ ကြားလား"

နှင်းငွေ့ကလည်း နေရာမှထလိုက်၏။ ဦမြတ်မင်းကို ရဲရဲရင်ဆိုင်ပြီး ဖြေ၏။

"ဦးဟာ စောစောက မေတ္တာတရားအပြည့်နဲ့ ကျွန်တော့်ကို စကားပြောနေတယ်။ ကျွန်တော်ကလဲ လေးစားစွာနဲ့ ကျွန်တော့်ဆန္ဒကို တင်ပြခဲ့တယ်။ ကျွန်တော့်မှာ အမှားဘာရှိသလဲ၊ အခု ဦးက အကြောင်းမဲ့ ဒေါသကြီးတယ်၊ ကျွန်တော်စိတ်မဆိုးပါဘူး၊ ဦးမေးတာကိုလဲ ကျွန်တော်ဖြေပါ့မယ်၊ ကျွန်တော် ဒီရွာက ပြန်သွားပါ့မယ်၊ ဒါပေမယ့် ဒီရွာကိုပြန်လာဦးမယ်၊ သမီးဆိုတဲ့ အားနွဲ့တဲ့ မိန်းကလေးတစ်ဦးကို ဦးဟာဘာကြောင့် ရာဇဝတ်သားလို အကျဉ်းချထားတယ်ဆိုတာကိုလဲ စုံစမ်းဦးမယ်၊ နှုနှုငယ်တော့ ဘာမှ မဖြစ်ပါစေနဲ့ ဦး၊ နှုနှုငယ်တစ်ခုခုဖြစ်သွားရင် ဦးဟာရာဇဝတ်ကောင်ပဲ၊ ဦးအားကိုးတဲ့ ဆရာခါတို့ ဆရာထိန်တို့ကိုလဲ ကျွန်တော်ဂရုမစိုက်ဘူး၊ ဦးကို ကျွန်တော်ကိုယ်တိုင် လာလက်စားချေမယ်၊ သိပြီလား"

ဝုန်းခနဲခုန်ကာ ဦးမြတ်မင်းသည် နှင်းငွေ့ရှေ့ရောက်လာသည်။ သူ့လက်များက နှင်းငွေ့၏လည်ပင်းကို ဆုပ်ညှစ်သတ်တော့မည့်အတိုင်းရှိနေ၏။

"ဘာ မင်းက ငါ့ကို ရာဇဝတ်ကောင်လို့ခေါ်တယ် ဟုတ်လား၊ ရာဇဝတ်ကောင်လို့"

နှင်းငွေ့သည် ကိုယ်ကိုမလှုပ်မိအောင် သတိထားသည်။ အံကြိတ်လျက်ကလည်း ဦးမြတ်မင်းကို စူးစိုက်ကြည့်နေ၏။

ဦးမြတ်မင်း၏မျက်နှာကြီးမှာ ရှုံ့သွပ်နေသူ၏ မျက်နှာမျိုးဖြစ်၏။ လူသတ်တော့မည့် ရာဇဝတ်ကောင်၏ မျက်နှာမျိုးဖြစ်၏။

နှင်းငွေ့သည် မိမိလက်တွင်း ဘာလက်နက်မျှမရှိသည်ကို သိ၏။ သို့ရာတွင် ဘောလုံးကန်ရာ၌ ရွယ်တူချင်း အရှုံးပေးရလောက်အောင် ပြင်းသောသူ့ညာခြေထောက်ကိုမူ အားကိုးထား၏။

အခြေအနေသည် ထင်သကဲ့သို့ ဖြစ်မလာ။

ဦးမြတ်မင်းသည် နောက်ဆုတ်သွား၏။ စားပွဲကြီးကို ပတ်ပြီး သူ့ကုလားထိုင်ကြီး၌ ပြန်ထိုင်၏။ တုန်ယင်သော လက်များနှင့် ဖန်ခွက်ကိုကိုင်ပြီး ဖန်ခွက်အတွင်းရှိ အရက်တို့ကို တစ်ဆက်တည်းကုန်အောင်မော့ချလိုက်၏။

ဦးမြတ်မင်း၏ သဏ္ဌာန်တွင် ဒေါသမရှိပြီ၊ ခက်မာခြင်းလည်းကုန်ပြီ၊ သူ့ရုပ်ရည်မှာ အားကုန်သွားသော လူမမာကဲ့သို့ ဖြူရော်နွမ်းဟိုက်နေ၏။

မောဟိုက်တုန်ယင်စွာလည်း ပြော၏။

"ဦး မှားသွားတယ် မောင်နှင်းငွေ့၊ ဦးတောင်းပန်တယ်၊ မောင်ရင့်ကို ဦးအရှုံးပေးပြီ"

နှင်းငွေ့ကလည်း ပြန်ထိုင်၏။

"ကျွန်တော်လည်း မှားသွားပါတယ် ဦး၊ ကျွန်တော်လည်း တောင်းပန်ပါတယ်"

ဦးမြတ်မင်းက လက်ကာပြသည်။ ထို့နောက် အရက်ပုလင်းကို တုန်ယင်စွာလှမ်းယူမည် ပြင်၏။

နှင်းငွေ့က အရက်ပုလင်းကို အရင်ယူပြီး အဘိုးကြီး၏ဖန်ခွက်တွင်း ငှဲ့ပေး၏။

"သိုင်းခရု မောင်နှင်းငွေ့၊ သိုင်းခရု"

ဦးမြတ်မင်းသည် ရေမရောသော အရက်ကိုမရှုံ့မမဲ့ဘဲ ခုံမင်စွာတစ်ကျိုက်မော့ချလိုက်၏။

"ကိုင်း . . . မောင်နှင်းငွေ့၊ ဦးကို ဘာဆက်ပြောချင်သေးသလဲ"

"ပြောတော့ပြောချင်တယ် ဦးရယ်၊ ဒါပေမယ့် အခု ကျွန်တော်မပြောရက်တော့ဘူး"

"ပြောပါ ပြောပါ၊ အင်း . . . တစ်ကြိမ်ကဦးလည်း ဒီလိုပဲဇွတ်ပြောခဲ့တာပဲ"

"ခင်ဗျာ"

"ပြောပါ ဦးနားထောင်နေတယ်"

"ဦးခွင့်ပြုရင် ကျွန်တော်ပြောပါ့မယ်၊ ကျွန်တော့်အတွက် ဦးဒီလောက်စိတ်ဒုက္ခရောက်သွားတာ ကျွန်တော် မမြင်ရက်ပါဘူး၊ နှုနှုငယ်ကို မေ့တန်ရင် ကျွန်တော် မေ့ပစ်လိုက်ပါ့မယ်၊ တစ်ခုပဲဖြေပါ ဦးရယ်၊ ကျွန်တော်က ဘာလို့နှုနှုငယ်ကို မေ့ပစ်ရမှာလဲ၊ လုံလောက်တဲ့အဖြေ ကိုသာပေးပါဦး၊ ဦးကို ဖခင်ပမာရှိခိုးပြီး ကျွန်တော်တောင်းပန်ပါတယ်"

ဦးမြတ်မင်းက သူ့ကိုပြန်ကြည့်သည်။ မျက်လုံးများမှာ မစူးရှသော်လည်း အရောင်လဲ့နေသည်။

ဦးမြတ်မင်းသည် နေရာမှထ၏။ အိတ်တွင်းမှ သော့တွဲတစ်ခုကိုလည်း ထုတ်ယူလိုက်၏။

"လာ လိုက်ခဲ့ လူကလေး"

နှင်းငွေ့သည် ဦးမြတ်မင်းနောက်လိုက်ခဲ့၏။

အခန်းကြီး၏ တစ်ဖက်နံရံ၌ တံခါးမကြီးတစ်ချပ်ရှိသည်။

ဦးမြတ်မင်းက လက်ပြထားသောကြောင့် နှင်းငွေ့သည် မလှမ်းမကမ်း၌ ရပ်နေရ၏။

ဦးမြတ်မင်းသည် တံခါးမကြီးကို သော့လှည့်ဖွင့်လိုက်၏။ အခန်းတွင်းသို့ လှမ်းကြည့်ပြီးမှ နှင်းငွေ့ကိုခေါ်သည်။

နှင်းငွေ့ အနီးရောက်သွားသောအခါ ဦးမြတ်မင်းကဆို၏။

"ကဲ. . . ကြည့်၊ အဲဒါဟာ ဦးရဲ့ အဖြေပဲ"

ဒုတိယအခန်းတွင်း၌ မီးအိမ်ငယ်တစ်ခုသာ ရှိသောကြောင့် အလင်းရောင်ကအားနည်းသည်။ ပိုလင်းရာ အခန်းမှ လာခဲ့သောကြောင့် ရုတ်တရက်သော် နှင်းငွေ့သည် ဘာမျှသဲသဲကွဲကွဲ မမြင်။

နားတွင်း၌မူ အသံတစ်ခုကို အရင်ကြားရ၏။ ညည်းညည်းညူညူ တေးဆိုသံပင်တည်း။

မျက်လုံးများက သဲကွဲလာသောအခါ မြင်ရသည်ကို နှင်းငွေ့ မယုံမိ။

သံတိုင်များ ကာထားသည့် အချုပ်ခန်းကဲ့သို့သော အခန်းငယ်တစ်ခန်းကို တွေ့ရ၏။

ညည်းညူတေးဆိုသံသည် အချုပ်ခန်းတွင်းမှ လာသည်။

အသံသည် တိုး၏။ သို့ရာတွင် စကားလုံးများက ပီသသည်။ ညည်းညူနေပုံမှာ စိတ်ပါလက်ပါရှိလျက် လွမ်းဖွယ်လည်း ရှိ၏။

"ငါ့ကိုလွယ် အမယ်ကြီးနှင့် ဘကြီးဖျက်လို့၊ အိမ်လေးထောင့်မှာ ဆူးတွေချလျက်၊ ဖျက်နဲ့ငယ်မှစေ့စုံ၊ လှေကားခုံမှာ ဂဠုန်မောင့်ကြောင့် စောင့်တော့တယ်"

အချုပ်ခန်းတွင်းမှ သဏ္ဌာန်ကိုလည်း နှင်းငွေ့မြင်ရပြီ။

ဘေးတိုက်ပေးလျက် ထိုင်နေသော မိန်းမတစ်ဦး၏ သဏ္ဌာန်ဖြစ်၏။

ဖားလျားချထားသော ဆံပင်တို့က တစ်ကိုယ်လုံးကို ဖုံးနေ၏။ ဆံပင်တို့ ဖုံးနေသည်မှာ တော်တော့သည်။ အကြောင်းမှာ ထိုမိန်းမ၏ ကိုယ်အောက်ပိုင်း၌ အဝတ်မပါ၊ ဗလာနတ္ထိ။

ထိုမိန်းမသည် တေးကိုညည်းရင်း လက်နှစ်ဖက်ကို နတ်ဝင်သည်သို့ မြှောက်ကာစိတ်ဝင်စားစွာ ကနေ၏။

နှင်းငွေ့နှင့် ဦးမြတ်မင်းသည် အခန်းတွင်းသို့ ဝင်လိုက်ကြ၏။

သူတို့ ခြေသံကြောင့်လော မသိ၊ တေးသံပျောက်သွား၏။ လှုပ်ရှားမှုလည်း ရပ်သွားသည်။

ဆံပင်ဖုံးသောမျက်နှာသည် သူတို့ ဘက်သို့လှည့်လာ၏။

နှင်းငွေ့သည် လွှတ်ခနဲ ယောင်အော်မိမတတ် ဖြစ်သွားသည်။

မျက်နှာသည် ကျောက်ရုပ်သို့ သေနေ၏။ မျက်လုံးများကမူ ပြူးကျယ်စူးရှနေ၏။ ပါးစပ်ဟထားသောကြောင့် ဝါ၍ ရှည်ကျဲသော သွားများကို မြင်ရ၏။

ဦးမြတ်မင်းသည် အချုပ်ခန်း သံတိုင်းအနီး ကပ်သွားပြီး အသံပြု၏။

(ဆက်လက်ဖော်ပြပါမည်)

> "ဦးရဲ့ ဆုံးမစကားကို ကျွန်တော်လေးစားပါတယ်၊ ဒါပေမယ့် နှုနှုငယ်ကို ကျွန်တော် ချစ်မိပြီးပြီ၊ ဦးကျေနပ်မယ်ဆိုရင် ဖေဖေနဲ့မေမေကိုပြောပြပြီး ကျွန်တော်လာစေ့စပ်ပေးခိုင်းပါ့မယ်၊ ကျွန်တော့်ကို ယုံပါ"



ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်

ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ရန်ကုန်၏ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃-၃-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၁၂-၃-၂၀၁၃ ရက်(အင်္ဂါနေ့) နံနက်ပိုင်းတွင်လည်းကောင်း ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါသင်တန်းများ၏ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဤတက္ကသိုလ်တွင် လျှောက်ထားရမည်။

၁။ ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)(၁၂/၂၀၀၉)သင်တန်း ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူ။
၂။ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့(၁၂/၂၀၁၁)သင်တန်း ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။
၃။ ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ(၁၂/၂၀၁၁)သင်တန်း ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။
၄။ ဆေးပညာသင်ကြားရေးဒီပလိုမာ(၂/၂၀၁၂)သင်တန်း ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး(၁၅၀၀၀/-)ကျပ်နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် အဝေးရောက် ဘွဲ့နှင်းသဘင်ကြေး(၁၀၀၀၀/-)ကျပ်ကို ပေးသွင်းရမည်။ သတ်မှတ်ထားသော လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက်လွန်ခဲ့သည့် သုံးလအတွင်း ရိုက်ကူးထားသော (တစ်လက်မခွဲ × နှစ်လက်မ) အရွယ်ရောင်စုံဓာတ်ပုံ(၅)ပုံနှင့်အတူ ၂၇-၂-၂၀၁၃ ရက် နောက်ဆုံးထား၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မော်ကွန်းထိန်းထံ လျှောက်ထားနိုင်သည်။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းကို မပျက်မကွက်တက်ရောက်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် မော်ကွန်းထိန်းရုံးခန်း(ဖုန်း-၀၁-၃၉၅၂၀၉)၊ စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာနစု (ဖုန်း-၀၁-၃၉၅၂၁၁၊ ၃၉၅၂၁၃)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကြည်ကြည်မင်း
မော်ကွန်းထိန်း
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အောက်ဖော်ပြပါ စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများကို Turn Key Tender (နိုင်ငံခြားငွေ)ဖြင့် တင်ဒါခေါ်ဝယ်ယူလိုပါသည်-

(၁) ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ကျောက်ဖြူ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း။
(၂) ၂၃၀ ကေဗွီ ကျောက်ဖြူ GT- ကျောက်ဖြူ ဓာတ်အားလိုင်း(၇)မိုင် တည်ဆောက်ခြင်း။
(၃) ၂၃၀ ကေဗွီ ကျောက်ဖြူ GT ဓာတ်အားခွဲရုံတွင် ၆၆ ကေဗွီ ကျောက်ဖြူမြို့ Switch Bay (၁) ခု တိုးချဲ့ တည်ဆောက်ခြင်း။

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၂-၃-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၀၀၃၉၁၊ ၄၁၀၂၈၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(အယ်-၁၈/၆၁)၊ မြေကွက်အမှတ်(၆၅၄+၆၅၅)၊ ဦးမျိုးမြင့်စိန်(MDN-၀၂၁၆၇၇)အမည်ပေါက် မြေကွက်အတွက် ပြန်လည်အစားထိုးချထားပေးသည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၁/၂)၊ မြေကွက်အမှတ်(၃၂+၃၃)၏ မြေချစလစ် ပျောက်ဆုံးသွားပါသဖြင့် ဝယ်ယူထားသူ ဦးပေါက်ချမ်း(KLG-၀၁၇၃၃၂)အမည်ဖြင့် မြေချပါမစ် ပြုလုပ်ပေးပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန် ပြုလုပ်ပေးရန်တွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၉၈၄၊ အကျယ်အဝန်း(၀. ၀၅၉)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉၈၄)၊ ပျဉ်းမမြိုင်လမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော အဆောက်အအုံနှင့် ယင်းတွင်တပ်ဆင်ထားသော ရေမီး၊ မီတာ၊ ပါဝါမီတာအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူထံမှ တရားဝင်မှတ်ပုံတင်စာချုပ်များနှင့် အဆင့်ဆင့်ဝယ်ယူထားသူတို့ထံမှ မှတ်ပုံတင်စာချုပ်အမှတ်-၅၆၀၃/၁၂ ဖြင့် ဝယ်ယူထားသူ ဒေါ်ဝေဝေဦး[၁၂/ဗဟန(နိုင်)၀၈၂၀၁၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်းများ)ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၂၂)
အမှတ်-၁၂၁၊ ဒု-ထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉ ၅၁၆၉၁၅၉၊ ၀၁-၂၂၅၆၉၄၊ ၀၉-၇၃၀၄၅၆၈၇

တိုးမြှင့်ပင်စင်လစာ

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အငြိမ်းစားဝန်ထမ်းများအား တိုးမြှင့်ပင်စင်ခံစားခွင့်ရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိရာ ဆောင်ရွက်ရန် ကျန်ရှိသော အငြိမ်းစားများသည် ၃၆၃/၄၂၁၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်) အုပ်ချုပ်ရေးဌာနခွဲသို့ အမြန်ဆုံးလာရောက် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ဝါးဘလောက်သောက် တိုက်နယ်ဆေးရုံကို တိုးချဲ့ဆောက်လုပ်မည်ဖြစ်ပါသည်။ လက်ရှိဝါးဘလောက်သောက် တိုက်နယ်ဆေးရုံ(ခွဲစိတ်ခန်းမှအပ) မျက်မြင် အခြေအနေအတိုင်းကို ဖျက်သိမ်းရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၄-၂-၂၀၁၃
တင်ဒါပိတ်မည့်ရက် - ၈-၂-၂၀၁၃
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး
အမှတ်(၅၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၄၂၇၉၊ ၅၅၆၀၅၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ဝါးဘလောက်သောက် တိုက်နယ်ဆေးရုံကို တိုးချဲ့ဆောက်လုပ်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၆-၂-၂၀၁၃
တင်ဒါပိတ်မည့်ရက် - ၁၃-၂-၂၀၁၃
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး
အမှတ်(၅၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၄၂၇၉၊ ၅၅၆၀၅၁

စက်မှုဝန်ကြီးဌာနမှ ထုတ်ဝေဖြန့်ဖြူးသည့် ကနောင်ဂျာနယ်အား အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အဆိုပြုလွှာခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ထုတ်ဝေခဲ့သော ကနောင်ဂျာနယ်အား ယခုလက်ရှိ အခြေအနေထက် ပိုမိုကောင်းမွန်ပြည့်စုံသော ဂျာနယ်တစ်စောင်အဖြစ် ထုတ်ဝေဖြန့်ဖြူးမှုကို အကျိုးတူပူးပေါင်းဆောင်ရွက်လိုပါသဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။
၂။ အဆိုပြုလွှာတင်သွင်းနိုင်ရေးအတွက် အဆိုပြုလွှာပုံစံများအား ဝယ်ယူရောင်းချမှုကြီးကြပ်ရေးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ပြီး အဆိုပြုလွှာများအား ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)သို့ ၂၅-၂-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထားပေးသွင်းရမည် ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ကနောင်ဂျာနယ်တိုက် ဖုန်း-၀၁-၃၇၇၃၁၈၊ စက်မှုဝန်ကြီးဌာန ဝယ်ယူ/ရောင်းချမှုကြီးကြပ်ရေးဌာန ဖုန်း-၀၆၇- ၄၀၈၁၉၆၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန ဖုန်း ၀၆၇- ၄၀၈၁၂၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စက်မှုဝန်ကြီးဌာန



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ လူနေရပ်ကွက် အမှတ်-ဗမာအေး၊ မြေကွက်အမှတ်-၁၀၇၊ အကျယ်အဝန်း-၂၅ပေ × ပေ၅၀ နှင့် မြေပို ၂၅၀ စတုရန်းပေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၀၇၊ မင်းနန္ဒာလမ်း၊ ဗမာအေးရပ်ကွက်ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဟန်ကြည်[၁၂/ဒပန(နိုင်)၀၃၁၃၇၆]ကိုင်ဆောင်သူ အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ယင်းပစ္စည်းနှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပွင့်(ခ)ဒေါ်မေပြည့်စုံ
အထက်တန်းရှေ့နေ(စဉ်-၂၈၁၈၃)
အမှတ်-၅၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉ ၅၁၂၅၇၉၅၊ ၀၉ ၅၀၅၃၄၂၄

သာဓုအနုမောဒနာ ခေါ်ဆိုအပ်ပါသည်

ဗိုလ်တောင်တောရကျောင်းတိုက် ဆရာတော် **ဦးသုဒဿနဘိဝံသ**အား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃)ဖြင့် ချီးမြှင့်အပ်နှင်းသော **"အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်"**ရရှိခြင်းအတွက် တပည့်ဒါယကာ၊ ဒါယိကာမများမှ ဝမ်းမြောက်သာဓုအနုမောဒနာ ခေါ်ဆိုအပ်ပါသည်။

ဆရာတော်၏ ဒါယကာ၊ ဒါယိကာမများ
ဦးစိန်ကင်း-ဒေါ်အင်ကြူ
ဒေါ်သိန်းသိန်းဝင်း
ဦးသိန်းနိုင်-ဒေါ်အေးအေးချို
ဦးစိုးမိုး-ဒေါ်မြတ်မြတ်စိန်

ဖေဖော်ဝါရီသားအဖအတွက် မွေးနေ့ဆုမွန်

ချစ်ခင်ပွန်း/ချစ်ဖေဖေ **ဗိုလ်မှူးသိန်းဝင်း(ငြိမ်း)**နှင့် ချစ်သားငယ်/ချစ်မောင်လေး **ဗိုလ်ရဲရင့်သိန်း** M.B.,B.S(DSMA)တို့၏ ၃-၂-၂၀၁၃ ရက်နှင့် ၂၈-၂-၂၀၁၃ ရက်တွင် ကျရောက်သည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နှစ်(၁၂၀)တိုင်လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးစီးပွား ဖြစ်ထွန်းလျက် ချစ်သားငယ်သည်လည်း တတ်သိလိမ္မာ ထူးချွန်ထက်မြက်သော သားလှရတနာ သမားဇာနည်ဖြစ်ပါစေကြောင်း ထပ်ဆင့်ဆုမွန်ခြွေလျက်။

ချစ်ဇနီး/ချစ်မေမေ-ဗိုလ်မှူးဒေါ်သီသီဇင်
ချစ်သမီး/ချစ်မမ-ဒေါက်တာမြတ်မွန်ဇင်သိန်း M.B.,B.S(YGN)

မွေးနေ့မင်္ဂလာဆုတောင်း

၃-၂-၂၀၁၃ ရက်တွင် ကျရောက်သော ချစ်မြေးလေး **"အောင်ဘုန်းဆက်"**(ANDY)၏ (၅)နှစ်မြောက်မွေးနေ့မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် ပညာတတ်အလိမ္မာသားလေးဖြစ်ပါစေ။ ပြီးပြည့်စုံသောဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

မြေးလေးကိုချစ်သော

ဘိုးဘိုး - ဦးမြင့်သိန်း
ဘွားဘွား - ဒေါ်ခင်မြင့်ဝေ
- ကယ်ကယ်

အလက(၇)လှိုင် ကျောင်းသား/သူဟောင်းများ၏ ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲ

[ယခင် အမက(၈)လှိုင်] ယခု အလက(၇)လှိုင်ကျောင်းသား/သူဟောင်းများ၏ ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၁၂-၂-၂၀၁၃ ရက်(အင်္ဂါနေ့) ပြည်ထောင်စုနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆရာကြီး/ ဆရာမကြီးများနှင့် ကျောင်းသား/သူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အခမ်းအနားဖြစ်မြောက် အောင်မြင်ရေးအတွက် အလှူငွေများကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

ကိုစိုးထွန်းဝင်း ဖုန်း-၀၉-၇၃၂၄၈၃၇၁	မမြင့်မြင့်မော်(ဝါးတရာ) ဖုန်း-၀၉-၄၂၁၁၂၉၁၈၀
ကိုသက်အောင် ဖုန်း-၀၉-၄၂၁၀၅၃၁၈၁	မဇင်မင်းခ ဖုန်း-၀၉-၇၃၀၂၅၇၅၈
ကိုအောင်ဆန်းဦး ဖုန်း-၀၉-၄၂၀၀၉၆၉၈၄	မလှဲ့လှဲ့ဝင်း ဖုန်း-၀၉-၄၂၁၀၃၆၉၇၇
ကိုသိန်းဌေး(ဝါးတရာ) ဖုန်း-၀၉-၄၂၁၁၂၇၄၀၈	မနှင်းဝတ်ရည် ဖုန်း-၀၉-၄၂၁၀၇၄၄၅၂

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ဖုန်းတစ်လုံးရှိလား ? အဲ---ဒါဆို---

ပွဲခရပြီ၊ ပွဲခထုံးစံအတိုင်းပေးမည့်သူ ၁၀၀ ရှိတယ်။ ပိုက်ဆံ (ပွဲခ) ရရင်တော့ ဝယ်၊ ရောင်းလုပ်တော့ပေါ့၊ အရပ်ပွဲစားကြီးတွေရဲ့ ဖုန်းကိုဆက်လိုက်တော့ ရှေ့နေကြီးတွေရှိတယ်။ GP၊ SP ကိစ္စ တိုင်ပင်လို့ ရသူတွေပါတယ်။ ဒါမှ အားမရသေးဘူး အိမ်၊ မြေ ကုမ္ပဏီတွေနဲ့မှ အရောင်းအဝယ် စတိုင်ကျကျလုပ်ချင်ရင် ကုမ္ပဏီ ၇၅ ခု ပါပါတယ်။

Ph: 0973200600 **မြန်မာအိမ်ပွဲစားဂျာနယ် (တစ်စောင် ၅၀၀)**

ဖြည့်စွက်ခေါ်ဆိုပါရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၇/အရှေ့)ရပ်ကွက်၊ ရောဝဏ်လမ်း၊ အမှတ်(၅၅)နေ ဦးမောင်မောင်ကျော်၏သား မောင်မင်းမောင်မောင်[၁၂/သကတ(နိုင်)၁၈၃၀၇၂] အား မောင်ဘုန်းထက်သူဟု ဖြည့်စွက်ခေါ်ပေးပါရန်။

မောင်မင်းမောင်မောင်(ခ)မောင်ဘုန်းထက်သူ

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဝါဝါဦး၏ နိုင်ငံကူးလက်မှတ် အမှတ် 939174 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph:0943091538**

သွေးသည်အသက်


စီးပွားရေးလုပ်ငန်းများအတွက်
လက်လွှတ်မခံသင့်သော ရင်းနှီးမြှုပ်နှံမှု
သိဂိရတနာ
လက်လီလက်ကား ရောင်းဝယ်ရေးနှင့်
အဝေးပြေး ကုန်တင်ယာဉ် ရပ်နားစခန်း
(မြောက်ဥက္ကလာပ)
(၆)လမ်းသွား သုခမ္မာလမ်းမကြီးနဲ့ အမှတ်(၃)လမ်းမကြီး ဆုံရာမှာ တည်ရှိပြီး အောင်မင်္ဂလာအဝေးပြေးဂိတ်ကို ဆယ်မိနစ်ပဲ လမ်းလျှောက်သွားရတဲ့ နေရာမှာရှိလို့ သွားရေးလာရေး လွယ်ကူတယ်
မော်တော်ဆိုင်ကယ်နှင့်စက်ဘီးအပိုပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်း၊
တာယာ၊ ဘက်ထရီ၊ အင်ဂျင်ဝိုင်၊ လယ်ယာသုံးစက်ကိရိယာ၊
အိမ်ဆောက်ပစ္စည်း၊ အိမ်အလှဆင်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းတွေ
တစ်နေရာတည်းမှာ ရနိုင်တဲ့ဈေးကြီးမှာ
ငွေပေးငွေယူကိစ္စ လွယ်ကူစေဖို့ ဘဏ်တွေလည်းပါတယ်။
ဈေး..လိုမှာ
လာခဲ့ကြ
ထိုင်းနိုင်ငံက ဆွဲတဲ့ဒီဇိုင်းနဲ့
၂၀ပေ × ၄၅ပေ × (၂) ထပ်နဲ့
၁၄ပေ × ၄၅ပေ × (၂)ထပ်
အဆောက်အဦးတွေဆောက်မှာ .....ရှယ်ပဲ
Good!
နယ်ကုန်သည်တွေအတွက် အခန်း ၁၅၀ ပါတဲ့ ဟိုတယ်
၂လုံးလည်း ရှိမယ်၊ စားသောက်ဆိုင်တွေလဲ ပါမယ်
ပေ(၄၀) ကွန်တိန်နာ
ယာဉ်အထိ ကုန်တင်
ကုန်ချ လုပ်နိုင်တဲ့
ယာဉ်ရပ်နားဖို့ နေရာတွေ
ပါတယ်။
ယာဉ်အစီးရေ ၂၀၀၀
လောက် ရပ်နားနိုင်တာကွ
ဈေးကြီးထဲမှာ နှစ်လမ်း
မောင်းက (၃၆) ပေ၊
တစ်လမ်းမောင်းက(၁၈)ပေ
ကျယ်လို့ လွယ်ကူစွာ
ဝင်ထွက်နိုင်တယ်။
Developed by
၂၄၅၊ တာဝါရာလမ်း၊ မြေနီကုန်း၊
စမ်းချောင်း
01 516533~6
01 524963, 526928

ရွှေပြည်ဟိန်းကုသိုလ်ပြုစိမ်းဆေးခန်း (၈) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပပါမည်။

အကောင်းဆုံးသောဆုလာဘ်ဖြစ်သည့် ကျန်းမာခြင်းကိုပေးလိုသည်မှာ ရွှေပြည်ဟိန်း၏ ... ရွှေပြည်ဟိန်းကုသိုလ်ပြုစိမ်းဆေးခန်း၏ (၈)နှစ်မြောက်နှင့် ... (၂) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား တွင် ... ဖေဖော်ဝါရီလ(၁၂)ရက်(ဗြဟ္မာသ္သတေးနေ့) နံနက်(၉)နာရီ တွင် ... ရွှေပြည်ဟိန်းကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေပြည်ဟိန်းကျောင်း ... ဖုန်း - ...

၁၉၇၈ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ဘူမိဗေဒ ကျောင်းသားဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများတွေ့ဆုံပွဲဖိတ်ကြားခြင်း

အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	- ၁၇-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)
အချိန်	- ညနေ ၅း၃၀နာရီ
နေရာ	- M-3 Restaurant

ဦးမြထူး၊ ဦးကျော်ထူး	- ၅၅၈၄၆၁	ဦးတင်ဦး	- ၅၂၆၂၃၁
ဦးနေဝင်း	- ၂၉၅၁၀၃	ဦးဇေယျ	- ၀၉ ၄၃၁၅၈၂၀၉
ဦးအောင်မြင့်ကျော်	- ၃၇၄၆၄၂	ဦးအောင်မြ	- ၀၉၅၁၀၆၆၃၁
ဦးမြင့်ဖုန်း	- ၂၂၂၆၁၃	ဦးဇေမျိုးလှိုင်	- ၀၉ ၅၁၃၄၄၆၄
ဦးဟံငြိမ်း	- ၀၉ ၇၃၁၄၄၈၀၈	ဦးအောင်ကြိုင်	- ၀၉ ၅၀၀၂၉၇၄
ဦးမင်းအောင်	- ၀၉ ၅၀၅၅၅၅၂	ဦးသောင်းလွင်	- ၀၉ ၈၆၅၁၀၉၃
ဒေါက်တာလှဋ္ဌေး	- ၀၉ ၅၀၉၂၆၁၆	ဦးစည်အောင်	- ၀၉ ၅၀၁၉၁၄၀
ဦးယောလှိုင်	- ၀၉ ၅၁၆၃၁၈၇	ဦးဦးဘစံ	- ၀၉ ၅၁၀၃၈၀၆

(ပညာရည်ချွန်ဆုချီးမြှင့်ရန်အတွက် ၂၀၁၂ ခုနှစ် ၁၀တန်းအောင် သား/သားသမီးများ အမည်ပေးပို့ပါ။)

ဦးဇော်မြင့် B.A (Korean) Y.U.F.L

ကိုယ်တိုင်ဦးစီးသင်ကြားသော

"ကိုရီးယားဘာသာ" အထူးပြုသင်တန်းကျောင်း

E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံတန်းခွဲသစ်များ ဖွင့်လှစ်နေပါသည်။ လစဉ်တန်းခွဲသစ်များရှိပါသည်။ (အလုပ်ချိန်ပြင်ပ သင်တန်းများလည်း ဖွင့်လှစ်ပါမည်။)

အမှတ်(၆၈)၊ အခန်း(A4)၊ ၄လွှာ (၂)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊ ၀၉-၄၃၀၉၇၅၁၇

အက်ဆေး လှည်းတန်း ၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/တိုးချဲ့၊ မြေကွက်အမှတ် ၂၄၆၊ မြေကွက်တည်နေရာအမှတ်-၂၄၆၊ အနော်ရထာလမ်း၊ (၁) ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ (ဦးခင်ဝင်း S/OKA -070489)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်ဝင်းထံမှ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်-၅၈၁၄/ ၂၀၀၇ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသောင်းမြင့် [၁၂/တမန (နိုင်)၀၁၃၈၄၆]က ဂရန်မူရင်း ကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်း ဝန်ခံချက်တင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅CG မြေကွက်အမှတ်-၁၁၂၆၊ မြေကွက်တည်နေရာအမှတ်(၁၁)၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ (ဦးရွှေအုံး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရွှေအုံး ကွယ်လွန်သဖြင့် ဒေါ်သန်းရွှေ [၁၂/ဗဟန(နိုင်)၀၆၃၅၄၃]က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄FG၊ မြေကွက်အမှတ်-၅၆၅၊ မြေကွက်တည်နေရာအမှတ်-၅၆၅၊ ရွှေဝါလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (ဦးလှဝင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှဝင်း ကွယ်လွန်သဖြင့် ၁။ ဒေါ်လှမြိုင် [၁၂/တမန(နိုင်)၀၅၉၆၅၀] ၂။ ဦးဇော်ဦး[၁၂/တမန(နိုင်)၀၀၁၄၉၄] ၃။ ဦးဇော်ဝင်း [၁၂/တမန(နိုင်)၀၀၁၄၉၅]တို့က ဇနီးနှင့်သားများ တော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အာဓိက

Ph: 01 - 379385

ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ (၂၄)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီလ ၁၀ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ နံနက် ၉နာရီမှ မွန်းလွဲ ၂နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ဆရာတော်နှင့်အတူ လာရောက်လှူဒါန်းနိုင်ပါသည်။

34000/-

26000/-

01-512443, 09-73017656

ယတြာဆရာမ

ဖြစ်ချင်တာတွေ မဖြစ်သေးဘူးဆိုရင် မဖြစ်ချင်တာတွေ ဖြစ်နေတယ်ဆိုရင် အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါသည်။

(ကိုယ်ရေးလုံခြုံမှုကိုအာမခံပါသည်။)

ဖုန်း-၀၉-၅၀၇၅၈၂၇

(၁၉)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်ဆုတောင်းလွှာ

ဖေဖေ **Capt နိုင်အောင်**(Mariner Shipping)-မေမေ **ဒေါ်အေးအေးဝင်း**တို့၏ ၃-၂-၂၀၁၃ရက်တွင် ကျရောက်သော (၁၉)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်မှသည် သက်ဆုံးတိုင် ပျော်ရွှင်စွာရှေ့လက်တွဲပြီး ချစ်သားသမီးများနှင့်အတူ ဘဝခရီးလမ်းကို ချမ်းမြေ့ပျော်ရွှင်စွာ လျှောက်လှမ်းသွားနိုင်ပါစေကြောင်း မင်္ဂလာဆုမွန်တောင်းအပ်ပါသည်။

သားကြီး - မောင်နိုင်ထွန်းအောင်(1st MB ဆေးတက္ကသိုလ်-၁)

သမီး - မချောစုသော်တာ(Grade-9 အထက-၃၊ ဒဂုံ)

သားငယ် - မောင်သက်ထွန်းအောင်(Grade-4 အထက(၃)ဒဂုံ)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃ဘီ၊ မြေကွက်အမှတ်- ၅၇၇/၁-၂ စီ မြေဧရိယာ ၀. ၀၅၂ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၆(က) မြေညီထပ်၊ နတ်မောက်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက် ဦးကိုကိုကြီး [၁၂/တမန(နိုင်)၀၈၀၉၃၉]၏ အမွေဆက်ခံသူ သားသမီးများဖြစ်သော ၁။ ဒေါ်သန်းသန်း ၂။ ဦးဆန်နီ(ခ) ဦးအောင်သင်း ၃။ ဒေါ်ခင်လှဝေ ၄။ ဒေါ်သင်းသင်းယု ၅။ ဦးဝင်းလွင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေညီထပ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးအပိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးမြင့်သိန်း
တရားလွှတ်တော်ရှေ့နေ
အမှတ်-၅၆၃၊ MAC Tower ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၄၆၃/ခ၊ မြေကွက်တည်နေရာအမှတ်-၄၆၃/ခ၊ မဟာမြိုင်လမ်း၊ ရွှေပြည်သာမြို့နယ် ဦးအာမန်အဒူလာ + မောင်သန်ချောင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် (ဦးအာမန်အဒူလာ+မောင်သန်ချောင်း)ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးစမ်း[၁၂/ရပသ(နိုင်)၀၀၁၂၄၈]မှ ပါမစ်မူရင်း ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ဌာနဆိုင်ရာ ဝန်ခံချက် တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ် ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

Golden Myanmar Airlines Public Co.,Ltd.(GMA)
Vacancy Announcement (Local Only)

1. Internal Auditor(Female) -1 post

Qualification Requirements:

-B. Com.,CPA,CAT,ACCA (Professional Level)
-Minimum working experience must be 5 years experience in auditing and accounting Field (Experience in the airline industry would be preferred)
-Management skills and ability to work independently as an Internal Auditor
-Computer proficiency (Accounting software,MS Excel, MS Word, MS PowerPoint,Email and internet)
-Fluent in spoken and written English

2. Share Section Assistant Manager(Female/Male) 1-Post

Qualification Requirements:

-MBA,B.Com,DEP,DS
-Minimum working experience must be 3 years experience in Financing and Business Management.
-Theoretical Knowledge in Stock Share Market,Myanmar Exchange Rate Regime System,Current Rules & Regulations & Regulations of Myanmar Taxation and Myanmar Company Act and Investment Law
-Must have Analytical Thinking skill,statistical skill and knowledge in Financial Aspects Rules & Regulations
-Competent in Social dealing especially with respective Government Organizations
-Work independently with self-disciplined skill and work under pressure
-Computer proficiency (Accounting software,MS Excel,MS word,MS PowerPoint,Email and internet)
-Fluent in spoken and written English

3.Receptionist

Qualification Requirements:

-University Graduate
-Computer proficiency (MS Excel,MS Word,MS PowerPoint,Email and internet)
-Must have good Telephone Conversation Skill,communication skill and interpersonal skill
-Fluent in spoken and written English
-Must have pleasant posture,good manner and attitude

4. Office Vehicle Driver-3 Posts

Qualification Requirements:

-High School Level
-Minimum 5 years of driving experience in Car License
-Can Speak Basic English level
-Must have good behavior and attitude

5.Passenger Services Executive/Officer Assistant (Female/Male)-7 Posts(Yangon/Mandalay)

Qualification Requirements:

-University Graduate
-Fluent in spoken and written English (Preferable to speak in other Languages)
-2 year minimum experience (Preferable to experiences in Airlines Industry)
-Possess advanced level of aviation training,a strong working knowledge of airport schedules and infrastructure
-Must have good personality for organizational and interpersonal skills,problem solving and communicationskills
-Must have positive attitude and friendly manner and team-work skill
-Computer proficiency (MS Excel,MS Word,MS PowerPoint,Email and internet)
-Must be able to work shift duty (including night shift),flexible working hours and under pressure

6. Aviation Security Officer-2 Posts (Only for Mandalay Residents)

Qualification Requirements:

-Must be University Graduate
-Must have pleasant posture,good manner & attitude,good health condition
-Must have good interpersonal and communication skills
-Knowledge in Aviation Security Awareness (Experience in the Intelligence and Security Job would be preferred)

All interested and qualified candidates are invited to submit applications with
-Detail and complete curriculum vitae with two passport size photos
-Copy of NRC card,Labour Registration copy
-Certificate of graduation,copy of License,census copy,recommendation from Township & Police

Only short listed candidates will be informed.
Kindly indicate on the back of the envelope:sender's name,address and contact telephone number,and at the bottom left hand corner on the front of the envelope, mark you're applying position.
All application must be received not later than 9 February 2013 at 5:00 PM at GMA office address below;-
5th Floor,Saya San Plaza,Corner of New University Avenue and Saya San Road,
Bahan Township,Yangon.phone:+95 1 401484,95 9 73256929

နတ်တလင်းအသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး

၁။ အသင်း၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အခြားထူးချွန်ဆုပေးပွဲများကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/သားများမြို့နယ်သူ/သားများ၊ သက်ကြီးအပူဇော်ခံပုဂ္ဂိုလ်များ၊ ဆုရကျောင်းသူ၊ ကျောင်းသားများမပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ၁၀-၂-၂၀၁၃ ရက်(တနင်္ဂနွေနေ့)
အချိန် ။ ။ နံနက် ၉ နာရီ
နေရာ ။ ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခမ်းမှာရုံ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး)

အလုပ်အမှုဆောင်အဖွဲ့
နတ်တလင်းအသင်း(ရန်ကုန်)

ငွေရတုမင်္ဂလာဆုတောင်း

အစ်ကိုဦးမောင်မောင်မြင့်(ခေတ္တ-Macau)မမဒေါ်တင်တင်မြင့်(ခေတ္တ-Macau)တို့၏ ၃-၂-၂၀၁၃ ရက်တွင် ကျရောက်သည့်ငွေရတု မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်စွာနေထိုင်လျက် သာသနာအကျိုး ဆက်လက်သယ်ပိုးနိုင်ပါစေရန် ဆုမွန်ကောင်းများပို့သလိုက်ပါသည်။

ညီမ - **ဦးသန်းထိုက်-စန်းစန်းအေး**
- **မာမာဝင်း (Y.C.D.C)**

ချစ်တူ - **ထက်ပိုင်ဟိန်း-B.E (EE) (MMU)**
ချစ်တူမ - **သိမ့်ဆွေဇင် X**

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ၂၄၄/က ပခုက္ကူလမ်းမှ မဇင်မာဦး၏ဖခင် ဦးတင့်(ခ)ဦးမောင်တင့်မှာ တစ်ဦးတည်းဖြစ်ပါသည်။

ဝယ်လိုသည်

န၊ ပ၊ ဗ၊ ဘ၊ လ၊ အပ်ကားကားအပ်ပြီး စလစ်၊ လေလံအပ်ကား။

ဖုန်း-၀၉၄၄၈၀၀၇၃၇၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြေကွက်အမှတ်(၆၀၉)၊ မြေကွက်တည်နေရာအမှတ်(၅)အောင်မင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ (ဦးတင်) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်(စီမံချက်ဂရန်)မြေအား အမည်ပေါက် ဦးတင် ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၆၆၆၁/၂၆-၁၁-၂၀၁၂ဖြင့် ပိုင်ဆိုင်ခဲ့သူဒေါ်ရဲမေကြည်နှင့် ဒေါ်မြင့်မြင့်စန်း(၂)ဦးအနက် ဒေါ်မြင့်မြင့်စန်းမှာ ထပ်မံကွယ်လွန်သွားပါသဖြင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးထိန်ဝင်း[၁၂/ကမရ(နိုင်)၀၀၉၁၆၉]က ဒေါ်ရဲမေကြည်[၁၂/ကမရ(နိုင်)၀၀၉၁၅၉]နှင့်ပူးတွဲ၍ ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(1) ယာဉ်မောင်းဝန်ထမ်း **ကျား(၂၀)ဦး**

အခြေခံပညာအထက်တန်းဆင့် အနည်းဆုံးရှိရမည်။ အသက်(၄၀)နှစ်အောက်ဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်(ဃ) သို့မဟုတ် (င)ရှိရမည်။ ယာဉ်မောင်းအတွေ့အကြုံရှိပြီး ယာဉ်မောင်းကျွမ်းကျင်သူ ဖြစ်ရမည်။

(2) ရောင်း/မောင်းဝန်ထမ်း **ကျား(၂၀)ဦး**

တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး အသက်(၃၂)နှစ်အောက် ဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်(ခ) သို့မဟုတ် (ဃ)ရှိရမည်။ ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။ Selling Skill နှင့် Market Distribution အတွေ့အကြုံရှိသူ ဦးစားပေးမည်။

(3) Sales Promoter **ကျား(၂၀)ဦး**

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး အသက်(၂၅)နှစ်အောက် ဖြစ်ရမည်။

(4) Sales Supervisor **ကျား(၅)ဦး**

တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။ Distribution & Marketing အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိပြီး Leadership Skill နှင့် စီမံခန့်ခွဲနိုင်သည့် အရည်အချင်းရှိရမည်။

(5) Sales Executive **ကျား(၃)ဦး**

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၅)နှစ်အောက်၊ Distribution & Marketing အတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိပြီး၊ Leadership Skill နှင့် စီမံခန့်ခွဲနိုင်သည့် အရည်အချင်းရှိရမည်။ ဈေးကွက်လေ့လာသုံးသပ်နိုင်သည့် အရည်အချင်းရှိရမည်။

(6) Store Keeper(Assistant) **မ(၂)ဦး**

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။ အတွေ့အကြုံရှိသူ ဦးစားပေးမည်။ (လှိုင်သာယာစက်မှုဇုန်တွင် တာဝန်ထမ်းဆောင်ရန်အတွက်ဖြစ်သည်။)

အမှတ်စဉ်အားလုံးအတွက် သွက်လက်တက်ကြွ၍ အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။ အမှတ်စဉ်(၁ မှ ၅ အထိ)သည် နယ်ခရီးသွားနိုင်ရမည်။ (အကျိုးခံစားခွင့်ကောင်းမည်။)

အထက်ပါရာထူး စိတ်ဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ (၆)လအတွင်းဓာတ်ပုံ(၃)ပုံ၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာမိတ္တူများနှင့်တကွ အောက်ပါလိပ်စာသို့ နှစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်-၅၂၀၊ အခန်း-၇၀၁၊ ၇လွှာ၊ Excel Treasure Tower
ကမ္ဘာအေးစေတီလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/မြောက်)၊ မြေကွက်အမှတ်(၂၇၅/ခ)၊ မြေကွက်တည်နေရာ(၂၇၅/ခ)၊ ထူပါရုံ(၂၁)လမ်း၊ (၂/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကျော်သန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင်ဦးကျော်သန်း၊ မိခင်ဒေါ်သန်းနှင့်အစ်ကို၊ မောင်ဖြစ်သူဦးခင်မောင်ဝင်းတို့ ကွယ်လွန်သဖြင့် ဒေါ်နုနုရင်[၁၂/သကတ(နိုင်)၁၀၅၁၄၃]၊ ဦးခင်မောင်ညွန့်[၁၂/သကတ(နိုင်)၀၁၂၃၄၇]၊ ဒေါ်စန်းစန်းနု[၁၂/သကတ(နိုင်)၁၀၇၁၁၆]တို့က သားသမီးများနှင့် မောင်နှမများတော်စပ်ကြောင်းကျမ်းကိုန်လွှာနှင့် သေစာရင်းများ၊ တိုင်းကျန်းမာရေးဦးစီးဌာနပြန်စာ၊ ရပ်ကွက်နှင့်မြို့နယ်၊ ထွေ/အုပ်ထောက်ခံစာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆F၁၁၊ မြေကွက်အမှတ်-V-၁၆၈၊ မြေကွက်တည်နေရာ-၂၄၊ ဦးဖိုးထူးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးတင်မောင် အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်မောင်နှင့်ဇနီးဒေါ်ခင်မြင့်တို့ ကွယ်လွန်သဖြင့် ၁။ဦးသိန်းအောင်[၁၂/စခန(နိုင်)၀၁၇၄၁၇]၊ ၂။ဦးတင်ဝင်း[၁၂/ကမတ(နိုင်)၀၄၃၅၄၇]၊ ၃။ဒေါ်တင်တင်အေး[၁၂/ကမတ(နိုင်)၀၀၅၁၈၀]၊ ၄။ဒေါ်တင်တင်လှ[၁၂/ကမတ(နိုင်)၀၀၄၅၄၅]၊ ၅။ဒေါ်ခင်ခင်ပွား[၁၂/စခန(နိုင်)၀၃၆၆၈၉]၊ ၆။ဒေါ်တင်တင်မြ[၁၂/လမတ(နိုင်)၀၁၇၄၂၇]၊ ၇။ဒေါ်တင်တင်ထွေး[၁၂/ကမတ(နိုင်)၀၀၄၅၄၂]တို့က သားသမီးများတော်စပ်ကြောင်း၊ ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်လောဆုံ[၉/မရတ(ပြု)၀၀၀၀၀၁]နှင့် ဒေါ်သီသီဟန်[၁/ကမန(နိုင်)၀၀၁၇၄၈] တို့သိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးဟူဆာနာမွတ်[၁၂/လမန(နိုင်)၀၀၃၉၅၀] ရောင်းချပိုင်ခွင့်ရှိသည့် ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ်(၇၄၇)၊ မြေအကျယ်ပေ(၄၀ × ၆၀)ရှိ ဂရန်မြေကွက်ကို ဒေါ်လောဆုံမှ ၁၄-၁-၂၀၁၂ ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်အရ ဝယ်ယူခဲ့ပြီးနောက် ဒေါ်လောဆုံ၏ညွှန်ပြချက်အရ ဒေါ်သီသီဟန်အမည်ဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၁၀-၅-၂၀၁၂ ရက်စွဲပါ အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ်-၂၄၄၉/၁၂ အရ ရောင်းချသူမှ အရောင်းအဝယ်စာချုပ်ပြုလုပ်ပေးခဲ့ပြီး ဖြစ်ပါသည်။

သို့ရာတွင် ၁၄-၁-၂၀၁၂ ရက် ကတိစာချုပ်ပါအတိုင်း ရောင်းချသူမှ ဒေါ်လောဆုံအား ယုံကြည်အပ်နှံထားသည့် ငွေကျပ်သိန်း(၂၀)နှင့် ဒဂုံတောင်(၁၀၄)ရပ်ကွက်ရှိ မြေကွက်အမှတ်(၁၆၈၃/က+၁၆၈၆/ခ)မြေကွက်နှစ်ကွက်၏ မြေချပါမစ်မူရင်းများအပြင် အထွေထွေကုန်ကျစရိတ်များကို ပြန်လည်ပေးအပ်ရန် ပျက်ကွက်နေပါသည်။

သို့ဖြစ်ပါ၍ ဒေါ်လောဆုံမှ အထက်ပါအတိုင်း ပြန်လည်ပေးအပ်ရန်ရှိသည်များကို ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်အမှုသည်ထံသို့လည်းကောင်း၊ ကျွန်ုပ်ထံသို့လည်းကောင်း ဆက်သွယ်၍လာရောက်ပေးအပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးအပ်လာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်နန့်ရှူဂေးခလိန် (LL.B)(Advocate) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၃၅)
အမှတ်(၁၀၃)၊ သဒ္ဒါရုံလမ်း၊ (၇၇)ရပ်ကွက်၊ ဒဂုံမြို့သစ်၊ (မြောက်ပိုင်း)မြို့နယ်
Ph:095139411

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အိမ်အမှတ်(၅၂/က)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်(၂၄၆)၊ ဧရိယာ(၀. ၀၂၈)ဧကခန့် (အလျား×အနံ) (၂၅ပေ × ၅၀ပေ) အကျယ်အဝန်း၏ တစ်စိတ်တစ်ဒေသဖြစ်သော ခေါင်းရင်းဘက်ခြမ်း၏ (အလျား×အနံ) (၁၂$\frac{1}{2}$ပေ × ၅၀ ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၂/က)ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ပျဉ်ထောင်၊ အုတ်ညှပ်(၂)ထပ်အိမ် အဆောက်အအုံတစ်လုံးအပါအဝင် ယင်းမြေကွက်အဆောက်အအုံတို့နှင့် ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ထားသော (ဦးအုန်းရွှေ)ကွယ်လွန်သွားသည့်အတွက် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ကြည်[၁၂/ ဒပန (နိုင်)၀၂၆၈၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းဇော်သိန်း[၁၂/သကတ(နိုင်)၁၄၅၀၆၁]မှ ၁-၁-၂၀၁၀ ရက်တွင် ဥပဒေနှင့်အညီ လက်ရောက်လက်ခံဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့အား ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လျှဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ခြံစည်းရိုးကာခြင်းတို့ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်လှိုင်(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၃၂၆၂၃)
အမှတ်(၁၃၂)ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၀၅၃၈၆၂၊ ၀၉-၄၂၀၁၆၂၄၈၁

မောင်ရွှေခေတ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၅၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၅၇/ခ)၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးသိန်းမောင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းမောင် (ဇနီး)ဒေါ်ယဉ်ကြည်(သား) ဦးကျော်လင်း(လူပျိုကြီး)တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်ခင်မျိုးဝေ[၁၂/ဥကတ(နိုင်)၀၆၇၉၁၅]၊ ဦးမျိုးတင့်(S/OKA-007752)၊ ဦးခင်ဇော်[၁၂/ဥကတ(နိုင်)၁၂၂၆၅၈]၊ ဒေါ်မြင့်မြင့်သိန်း[၁၂/ဥကတ(နိုင်)၀၀၆၂၄၉]၊ ဒေါ်ယဉ်ယဉ်သိန်း[၁၂/ဥကတ(နိုင်)၀၀၆၁၆၈]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Beauty Salon, KTV, Restaurant & Internet Cafe

ဝန်ထမ်းအလိုရှိသည်

၁။ Assistant Manager — မ (၂)ဦး
၂။ Supervisor — မ (၂)ဦး
၇။ Waiter
၁၃။ အဆိုရှင်

ဖုန်း - 385848, 09 73058699

လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း ဒါယကာကြီး
ဦးစိုးမင်း (၉၄)နှစ်
(တွင်းမရွာ၊ မြိုင်မြို့နယ်)

ကျေးဇူးရှင် ဖေဖေ ကျွန်တော်တို့ကို ခွဲခွာသွားတာ (၅)နှစ်ထဲရောက်သွားပြီ။ တစ်နေ့မှ မေ့မရပါ။ ဖေဖေ့အတွက် ရည်စူးရည်မှန်းပြီး ပြုလုပ်သမျှသော ကောင်းမှုကုသိုလ်အစုစုတို့ကို မြင့်မြတ်သော ဘုံဘဝမှသာဓုခေါ် ဆိုနိုင်ပါစေ. . .

သား - ဗိုလ်ကြီးသန်းဆွေ(ငြိမ်း)ကကလုံ-ဒေါ်ခင်စန်းရီ(အထကပြ၊ အထက-၅၊ မရမ်းကုန်း)
ခွဲတကက ကျော်ဆွေ-မရီရီဝင်း(လနစ)
(ဦးကျော်ဝင်းထိန်)-ဒေါ်စန်းစန်းအေး(တွင်းမ)
သမီး - (ဦးမြင့်အေး)-ဒေါ်ခင်မာရီ(တွင်းမ)
ဒေါ်ခင်မာလာ [ကျောင်းအုပ်ဆရာမကြီး၊ အထက(ခွဲ)၊ လင်းကတော၊ မြိုင်မြို့နယ်]
ဒေါ်ခင်မာမာ(အထပြ အထက-ကိုင်းတောမ၊ မြိုင်မြို့နယ်)
ဒေါ်ခင်ခင်[(အလပြ)၊ အထက(ခွဲ)တွင်းမ၊ မြိုင်မြို့နယ်]
မြေးများ - မအိအိမွန်(ခ)အိဇေမြတ် BE, Civil(ခေတ္တ-စင်ကာပူ)
ဗိုလ်ကြီးလှိုင်မင်းထက်၊ မောင်ပြည့်ဝထွန်း၊ မောင်သူရစိုး
မောင်စည်သူထွန်း၊ မဟေမန်နှင်းဖြူ၊ မောင်မျိုးကျော်ကျော်၊
မငြိမ်းဟေမန်ဆောင်း။

ဒေါ်သီတာဦး
LCCI I,II ဥလပြတ်နှင့် ၂လပြတ်
(A) Sat - Sun 9 - 12 am
(B) Mon to Thur 12 :30 - 3 pm
Feb 1 to 14 20% Dis
Ph: 09 73059553 ; 5178297

Course in driving skills for all adults.
ကောင်းဝေ
KAUNG WAI

(၇)နှစ်ပြည့်အလွမ်း

ဒုတိယဗိုလ်မှူးကြီး သိန်းထွဋ်
OTS(66)

သားထွဋ် ဖေဖေ၊ မေမေတို့မိသားစုတွေနှင့် ၃-၂-၂၀၀၆ ရက်က ခွဲခွာသွားခဲ့တာ ၃-၂-၂၀၁၃ ရက်တွင် (၇)နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်နေ့မှ မေ့မရအောင် လွမ်းဆွတ်တမ်းတရပါတယ်။ မိသားစုမှ အမြဲမပြတ်လျှုဒါန်းမှုပြုခဲ့သမျှ ကောင်းမှုကုသိုလ်များကို ကောင်းရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ သားရေ---

ဖေဖေ၊ မေမေ၊ ကိုကြီး၊ အစ်မကြီး၊ ညီ-ကိုငွေး-ဇနီး၊ ကိုဇင်၊ စိုးအေးနိုင်သိန်း၊ သက်စုသိန်း

ကျေးဇူးအထူးတင်ရှိခြင်း

၂၉-၁-၂၀၁၃ ရက်တွင် ကွယ်လွန်ခဲ့ပါသော ဒေါ်ထွေးကြည်(ချောင်းဆုံ) အသက်(၈၆)နှစ် ဈာပနတွင် အဘက်ဘက်မှ အကူအညီအမျိုးမျိုးပေးခဲ့သော မိတ်ဆွေသင်္ဂဟများ၊ ကွယ်လွန်သူအားရည်စူး၍ လှူဖွယ်ပစ္စည်းအမျိုးမျိုးကို ပေးပို့လှူဒါန်းခဲ့ကြသော အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ အားလည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ သတင်းစာများ၌လည်းကောင်း၊ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြောင်းနှင့် နှစ်သိမ့်အားပေးကြပါသော ဆရာသမားများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး ဦးကျော်မြင့် (၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃၄/၃၆)၊ (၂)လမ်းနေ (ဦးရွှေရ-ဒေါ်လှယဉ်)တို့၏ သား၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၆၇၉)၊ မဟာဗန္ဓုလလမ်း၊ တတိယထပ်နေ ဒေါ်ကြည်အောင်[ကုန်သွယ်ရေး(၅)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန-ငြိမ်း]၏ ခင်ပွန်း၊ ဦးကျော်ထွန်းအောင်-ဒေါ်နန်းခမ်းပေါင်၊ ဒေါ်နွယ်နီအောင် တို့၏ ချစ်လှစွာသောဖခင်သည် ၁-၂-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဘညွန့်ဦး (၇၄)နှစ်

ဒု-ညွှန်မှူး၊ ထွေအုပ်(ငြိမ်း)
(ပလက်ဝ/စစ်တွေ)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (စီ/၅၁)၊ ပိတောက်ဝါ(၈)လမ်း၊ F.M.I City နေ (ဦးရွှေသာလှ-ဒေါ်မကျော့နု) တို့၏သား၊ စစ်တွေမြို့၊ ပြည်တော်သာ ရပ်ကွက်၊ (၁၈/၈)နေ ဦးမောင်စိန်-(ဒေါ်တင်လှ)တို့၏ သားသမက်၊ (ဒေါ်နီနီခင်)၏ခင်ပွန်း၊ ဦးအောင်ကျော်ညွန့်-ဒေါ်စံပယ်မော်၊ ဒေါက်တာအောင်ဇော်ညွန့် (စစ်တွေဆေးရုံ)-ဒေါ်တင်တင်မိုး၊ဦးကျော်နိုင်လှ-ဒေါ်ခိုင်သန္တာညွန့်၊ (မခိုင်သူဇာညွန့်)၊ ဦးအောင်ကိုညွန့်-ဒေါ်ဖြူဖြူတင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁-၂-၂၀၁၃ (သောကြာနေ့) နံနက် ၁း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၂-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝါရင့်ကျွမ်းကျင်ဆရာမျိုးကိုယ်တိုင် သင်ကြားမည့် Auto CAD,
Building Design , 3Dsmax , Interior Design သင်တန်း ဖွင့်မည်
PROMOTION
Building Design

ရွှေရာသီဗျာ ရေကူးသင်တန်း
ကန်တော်ကြီးရေကူးကန်နှင့် အပန်းဖြေစခန်း
(March)
☎ – 554266 , 553931

ပေပေဝန္နာ - မျိုးမြတ်သူ
အမြန်မြန်လာပါ
မျိုးမြတ်သူ

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း ဦးမောင်မောင်လွင်(ခ) ယူစွတ်ခန်း (၈၁)နှစ်

စာရင်းကိုင်အုပ်(ငြိမ်း)၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဒေသအဖွဲ့-ပြည်

ကနောင်မြို့နေ (ဦးဘခင်-ဒေါ်တင်တင်)၏ သားကြီး၊ ပေါင်းတည်မြို့နေ (ဦးအီစမိုင်အင်-ဒေါ်အမာ)တို့၏ သားသမက်၊ မချိုမာလွင်၊ ကိုအောင်အောင်လွင်-မမြတ်နွယ်၊ မခိုင်မာလွင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ထက်မြက်ထွန်း (နဝမတန်း)၊ မောင်သီဟသွင် (ဆဋ္ဌမတန်း)တို့၏ ချစ်လှစွာသောအဘိုး၊ (ဒေါ်သောင်းကြည်)၊ ဒေါ်ရန်တို့၏မောင်၊ ဦးခင်မောင်သိန်း-ဒေါ်ခင်ဝင်းကြည်၊ ဦးခင်မောင်မောင်-ဒေါ်ခင်မိမိခိုင်တို့၏ အစ်ကို၊ ပြည်မြို့၊ အမှတ် (၂၄)၊ ကုန်သည်လမ်း၊ ခရေစတိုးနေ ဒေါ်အမာကြူ၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်မောင်လွင်(ခ) ယူစွတ်ခန်း (စာရင်းကိုင်အုပ်-ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒေသအဖွဲ့၊ ပြည်မြို့) သည် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁-၂-၂၀၁၃ (သောကြာနေ့) အစ္စရ်နမာဇ်အပြီး ညနေ ၅ နာရီတွင် အေးငြိမ်းရာမွတ်စလင်ဥယျာဉ်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း အလ်ဟာဂျ်အိဗ်ရာဟီးမ် အိစ်မာအီးလ်အာရိဖ်(ခ) အီဘူးလားလ် (၇၅)နှစ်

(စူရတီစွန္နီဂျူမ္မာဗလီကြီး၏ဂေါပက)
(ပိတောက်မြိုင်ကဖီး)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း(အလယ်)၊ အမှတ် (၂၃၄)နေ (အလ်ဟာဂျ် အိစ်မာအီးလ် အိဗ်ရာဟီးမ်အာရိဖ်-ဒေါ်ဆာရာဘီဘီ E အိစ်မာအီးလ်)တို့၏သား၊ ဟာဂျီမ ဒေါ်ဖရီဒဟ်ဘီဘီအာဇမ်အိစ်မာအီးလ်၏ ချစ်လှစွာသောခင်ပွန်း၊ ဟာဂျီမ ဒေါ်ခဒီဂျဟ်ဘီ အာရိဖ်-မော်လဝီဟာဖိဇ်အစ္စ မာအီးလ်ဘားမ်၊ ဟာဂျီမ ဒေါ်ဖာသွေ မဟ်ဘီအာရိဖ်၊ ဟာဂျီမ ဒေါ်ဆာရာဘီ - အက်ဟာဂျ်ဟာဖိဇ်ဟာရှင်မ်ဘားမ်၊ အလ်ဟာဂျဟ်ဟာဖေဇွဟ်ဟာဂျရဟ်ဘီရိဖ်၊ အလ်ဟာဂျ်မော်လဝီဟာဖိဇ်ကာရီမုဟမ္မဒ်အာရိဖ်(အဆ်အဒီ)(ရွှေပိတောက်)၊ အလ်ဟာဂျ်ဟာဖိဇ်အိစ်မာအီးလ်အာ ရိဖ်တို့၏ ဖခင်၊ အာမေနဟ်ဘီ၊ မုဟမ္မဒ် အိဗ်ရာဟီးမ်တို့၏ အဘိုးသည် ၃၁-၁-၂၀၁၃(ကြာသပတေးနေ့) ည ၉း၁၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁-၂-၂၀၁၃(သောကြာနေ့) ဂျုမ္မဟ်နမားဇ်အပြီး စူရတီစွန္နီ ဂျူမ္မာဗလီကြီး၌ ဂျနာဇဟ်နမားဇ်ဖတ်ပြီး ရေဝေးစွန္နီဥယျာဉ်တော်၌ ဒါဖွာနာပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်ချိုချိုဦး(သဲအင်းယောဂီ) အသက်(၆၇)နှစ်

အမှတ်(၆၅)၊ သုံးလွှာ(A)၊ သမိန်ဗရမ်းလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးတင်-ဒေါ်အေး)တို့၏သမီး၊ (ဦးသန်းညွန့်-ဒေါ်ခင်ထား)တို့၏သမီးချွေးမ၊ (ဦးသန်းဝင်း)၏ ဇနီး၊ ဦးအောင်ခင်ဇော်-ဒေါ်ဥမ္မာငွေ၊ ဦးမောင်မောင်-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးကျော်နိုင်-ဒေါ်ရီချိုဝင်း၊ ဦးတင်အောင်ကျော်တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မသဉ္ဇာမျိုးကျော်၊ မောင်ပြည့်ပိုင်ဇော်၊ မနေခြည်ကျော်၊ မဟေမာန်ထွန်း၊ မောင်ဟိဏ်းပြည့်ဇော်တို့၏ အဘွား ဒေါ်ချိုချိုဦးသည် ၃၁-၁-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါသည်

တိုက်အမှတ်(၁၃၂)၊ မြေညီထပ်၊ ခေါင်းရင်းခန်း၊ ချယ်ရီလမ်း၊ အမှတ်(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ တိုက်ခန်းကို လက်ရှိတရားဝင်အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသူ ဒေါ်ဝင်းလဲ့ခိုင်[၁၂/လမန(နိုင်)၁၃၇၀၁၀]ထံမှ လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဒေါ်ဝင်းလဲ့ခိုင်သို့ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ပါတိုက်ခန်းကို ဥပဒေနှင့်အညီ စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်အေးမြင့်ရီ(စဥ်-၃၁၀၅၄)	**ဦးသိန်းညွန့်**
B.Sc,D.A,H.G.P, R.L.D.B.L,D.M.L,D.I.L	**B.A,H.G.P, R.L, D.B.L, D.M.L, D.I.L**
ဒေါ်ချောချောအေး LL.B (စဥ်-၂၇၄၆၇)	**တရားလွှတ်တော်ရှေ့နေ(စဥ်-၃၅၆၁)**
ဒေါ်ဝါဝါစံ LL.B (စဥ်-၂၇၈၆၀)	**အမှတ်(၁၅၃)၊ ပထပ်(ဝဲ)၊ ဆိပ်ကမ်းသာလမ်း၊**
အထက်တန်းရှေ့နေများ	**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
ဖုန်း-၀၉၇၃၀၈၅၀၉၀၊ ၀၉၅၀၅၃၁၀၇	**ဖုန်း-၀၉၅၀၀၁၈၃၇၊ ၀၉၄၂၁၀၁၅၂၅၅**

ဦးလန်ကွန်း (၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊တိုက်ကြီးမြို့၊ မြို့လယ်လမ်း၊ ဈေးရပ်ကွက်၊ အမှတ် (၆၁)နေ ဦးမောင်ခင်-ဒေါ်အင်တို့၏ သား၊ ဒေါ်ကင်တီ၏ခင်ပွန်း၊ ဒေါ်ငွေငွေဝင်း၊ ဦးစိန်ဝင်း-ဒေါ်သန်းသန်းညွန့်၊ ကိုသက်နိုင်ဝင်း-မနီနီဝင်း၊ ကိုဝင်းအောင်ထွန်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုက်ကြီးမြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

သွေးသည်အသက်

ဒေါက်တာညီညီကြိုင် အသက်(၅၆)နှစ်

ညောင်ရွှေမြို့နယ်၊ နန်းသီတာနေ (ဦးဗိုလ်ကြိုင်)-ဒေါ်တင်စိန်တို့၏သား၊ ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်ကွက်နေ (ဦးချစ်မြ)-ဒေါ်ခင်ညွန့်တို့၏ သားသမက်၊ ဒေါက်တာမြင့်မြင့်သန်း၏ ခင်ပွန်း၊ မောင်မြင့်မိုရ်ညီညီ(ပ-အမ်ဘီ၊ ဆေးတက္ကသိုလ်၊ မန္တလေး) ၏ ဖခင်၊ (ဗိုလ်မှူးကြည်ဝင်း)- ဒေါ်နုနုကြိုင်၊ ဒေါက်တာသန်းဝင်း-ဒေါက်တာညိုညိုကြိုင်၊ ဦးကျော်-ဒေါ်ဖြူဖြူကြိုင်တို့၏မောင်၊ (ဦးကိုကိုကြိုင်)-ဒေါက်တာသီတာအေးတို့၏ညီ ဒေါက်တာညီညီကြိုင်သည် ၂၆-၁-၂၀၁၃ရက်တွင် ပျော်ဘွယ်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၃ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း ဟာဂျီဦးကာစင်(မ်)(ခ)ဦးဖေခင် အသက်(၆၄)နှစ်

မင်္ဂလာစက္ကူရောင်းဝယ်ရေး၊
ဆန်းဖလားဝါးဟိုတယ်၊
ဆန်းဖလားဝါးဧည့်ရိပ်သာ

ရန်ကုန်မြို့နေ (ဦးပု)- ဒေါ်ကျင်မှုံ တို့၏သား၊ (ဦးမောင်မောင်-ဒေါ်တင်ရွှေ) တို့၏ သားသမက်၊ ရန်ကုန်မြို့အမှတ်(၂၄၄)၊ ပထမထပ်၊ (၃၅)လမ်း(အပေါ်)နေ ဟာဂျီမ ဒေါ်လှလှဝင်း၏ခင်ပွန်း၊ ဟာဂျီယူနွစ်(ခ) ဦးခင်မောင်ဝင်း-ဟာဂျီမ ဒေါ်ခင်သော်တာ၊ ဟာဂျီဦးသန်းထွန်း-ဟာဂျီမ ဒေါ်ခင်သီတာဝင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုး ဟာဂျီ ဦးကာစင်(မ်)(ခ)ဦးဖေခင်သည် ၃၁-၁-၂၀၁၃ရက် ညနေ ၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁-၂-၂၀၁၃ ရက် မွန်းလွဲပိုင်းတွင် ဂျူမုအဟ်နမားဇ်အပြီး ဘင်္ဂါလီဗလီ၌ ဂျနာဇဟ်နမာဇ်ဖတ်၍ ရေဝေးကဗရ်စတာန်တွင် ဒဖ်နာပြုလုပ်ပြီးဖြစ်ပါသည်။ မဂ်ဖီရသ်အတွက် ဒုအာပြုပေးပါရန်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်တင်ဦး
အသက်(၉၀)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားလုပ်ငန်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်သိန်း-ဒေါ်စန်းစန်းရီ တို့၏မိခင် ဒေါ်တင်တင်ဦးသည် ၂၆-၁-၂၀၁၃ ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ
မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

(၁)နှစ်ပြည့်အလွမ်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးသန်း(ငွေကိုင်၊ မင်းဘူးမြို့) (၈၁)နှစ်

၂-၂-၂၀၁၃ ရက်တွင် တစ်နှစ်ပြည့်ပြီဖြစ်ပါသည်။ သားသမီးတို့ ပြုခဲ့သည့် ကောင်းမှုကုသိုလ်အစုစုကို သာဓုခေါ်ပါဖေဖေ. . . အမျှ- အမျှ- အမျှ။

ကျန်ရစ်သူမိသားစုနှင့်
သား ဗိုလ်ကြီးချမ်းငြိမ်းထွန်း

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သီတာဝင်း (၅၄)နှစ်
(အထက်တန်းပြဆရာမ၊ အထက-၄၊ တာမွေ)

တာမွေမြို့နယ်၊ အမှတ်(၃၂)၊ ဒဂုံသီရိလမ်းနေ ဗိုလ်မှူးအောင်အောင်ကြီး(ငြိမ်း)၏ဇနီး၊ ကိုရဲသီဟ-မလဲ့လဲ့မူ(ခေတ္တ-UK)တို့၏မိခင် မသီတာသည် ၃၁-၁-၂၀၁၃ ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရဲမှူးကြီးဝင်းနိုင်ထွန်း-ဒေါ်ကက်စီ မိသားစု

ဦးထင်အောင် (၇၂)နှစ်
အလပြ-(ငြိမ်း)၊ ပုသိမ်

ပုသိမ်မြို့၊ ယိုးဒယားကုန်းလမ်း၊ အမှတ်(၄၄)နေ ဦးချစ်တင်-(ဒေါ်ကျင်မြိုင်)တို့၏ သားကြီး၊ ဒေါ်ခင်အုန်းမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဟုန်စိန်-ဒေါ်ခင်မမ၊ ဦးထွန်းအောင်ကျော်-ဒေါ်မြမြသိန်းတို့၏ အစ်ကိုကြီး၊ မောင်အောင်ထွဋ်-ဒေါက်တာလဲ့ရည်သင်းတို့၏ ကျေးဇူးရှင်ဖခင် ဦးထင်အောင်သည် ၁-၂-၂၀၁၃ ရက်တွင် ရန်ကုန်မြို့ ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
ဗိုလ်ကြီးမြင့်သောင်း(ငြိမ်း) (၆၇)နှစ်
ကြည်း-၁၂၄၂၈
ဗိုလ်သင်တန်းအမှတ်စဉ်-(၄၄)

ဇီးကုန်းမြို့နေ (ဆရာကြီးဦးအောင်ထွန်း-ဆရာမကြီးဒေါ်ညွှန့်)တို့၏ သား၊ အင်းစိန်မြို့နယ်နေ (ဦးစောဘရှင်-ဆရာမကြီးဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ ဗိုလ်ကြီးဒေါ်လှလှညွှန့်(ငြိမ်း)၏ ခင်ပွန်း၊ မန္တလေးမြို့နေ ဆရာကြီးဦးကံညွှန့်-(ဒေါ်စိန်မြ)တို့၏ ညီ၊ မန္တလေးမြို့နေ ဦးသန်းငွေ-ဒေါက်တာဒေါ်မြမြချို၊ ဦးကျော်စိုးအောင်-ဒေါ်ကေသီအောင်၊ ကျောက်တန်းမြို့၊ ရွှေကုန်းရပ်နေ ဦးကြည်စိုး-ဒေါ်မြင့်မြင့်ဆွေတို့၏အစ်ကိုကြီး ဗိုလ်ကြီးမြင့်သောင်း(ငြိမ်း)သည် ၁-၂-၂၀၁၃(သောကြာနေ့) ည ၈း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၃ရက်တွင် ပါဒကြီးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးကျော်စိုး တကက(ငြိမ်း) (၅၄)နှစ်
(တပ်မတော်-ရေ)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ်(၃၀)၊ သုံးလွှာ(ဘီ)နေ (ဦးလှမောင်-ဒေါ်တင်မြ)တို့၏သားလတ်၊ ဒေါ်နီနီကျော်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဝင်းမြတ်သော်(ပထမနှစ်၊ သင်္ချာ)၊ မချိုမီမီကျော်(အဌမတန်း-ဘီ၊ အထက ၄၊ ပုဇွန်တောင်)တို့၏ မွေးသဖခင် ဦးကျော်စိုးသည် ၁-၂-၂၀၁၃(သောကြာ နေ့) ည ၈နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၁၅နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ချိုချိုလှိုင် (၄၇)နှစ်
ကထိက၊ ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ အမှတ်(ခ/၆)၊ ဘုရင့်နောင်လမ်းနေ ဦးစိန်လှိုင်(MOGE-ငြိမ်း)-ဒေါ်သန်းလှတို့၏ချစ်လှစွာသောသမီး၊ ဒေါ်ငွေငွေလှိုင်၏ညီမ၊ ဒေါ်ထွန်းထွန်းလှိုင်-ဦးထွန်းလင်း၊ ဦးအောင်အောင်နိုင်(ခ) ဦးမင်းခန့်-ဒေါ်စိုးဝင့်မွန်၊ ဒေါ်သီတာလှိုင်-ဦးညီလွင်အောင်တို့၏အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ် ဒေါ်ချိုချိုလှိုင်သည် ၂-၂-၂၀၁၃ ရက် မွန်းလွဲ ၁၂း၄၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းထွန်း
အသက်(၇၁)နှစ်
(တောင်ငူအသင်းဥက္ကဌ)
(ဘုရင့်နောင်သက်န်းတိုက်)

ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၃၅)၊ အခန်း(၃)နေ ဒေါ်မြင့်မြင့်ရီ၏ခင်ပွန်း၊ မောင်မျိုးကျော်သူ (B.Sc, Phi;)၊ မောင်မျိုးစည်သူ၊ မမျိုးသဇင်ထွန်း (B.Sc, Cam;)၊ ဗိုလ်လောင်းထွန်းတေဇာလင်း (တပ်မတော်နည်းပညာတက္ကသိုလ်)တို့၏ ဖခင် ဦးထွန်းထွန်းသည် ၂-၂-၂၀၁၃ရက် နံနက် ၆း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၃(သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ကြိုင်(ခ)ဒေါ်အုန်းကြိုင်
(သရက်)
(နေပြည်တော်)
အသက်(၇၃)နှစ်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့ နယ်၊ ဖောင်းကအိုင်ကျေးရွာနေ (ဦးမောင်ကြီး-ဒေါ်ဖွားရင်)တို့၏သမီး၊ သရက်မြို့နယ်၊ ဖောင်းကအိုင်ကျေးရွာနေ ဦးဝင်းမောင်-ဒေါ်ဖြူဖြူတို့၏ အစ်မ၊ (ဦးမျိုးအောင်)၏ ဇနီး၊ ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းနေ အရာခံဗိုလ်(ငြိမ်း) ဦးသန်းဝင်း-ဒေါ်ခင်လှ၊ ဦးမြင့်ငွေ-ဒေါ်စုစုဝင်း၊ ခိုလန်မြို့နေ အရာခံဗိုလ် အောင်ကြီး-ဒေါ်ဝင်းဝင်းမော်(ခ) ဒေါ် စန္ဒာ၊ နေပြည်တော်နေ ဒုအရာခံဗိုလ် မြင့်သန်းငွေ-ဒေါ်နီနီဝင်းတို့၏မိခင်သည် ၂-၂-၂၀၁၃(စနေနေ့) ညနေ ၅း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

မဟေမာဆွေ
အသက်(၃၉)နှစ်

ပုသိမ်မြို့နှင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သုခမိန်လမ်း၊ အမှတ်(၁၅)နေ ဦးညွှန့်ဆွေ-ဒေါ်ခင်လှလှနွယ်တို့၏သမီးကြီး၊ ဒေါက်တာဇော်မျိုးဆွေ-မဆုမြတ် သံလွင်အောင်၊ ဒေါက်တာဖြိုးမင်းဆွေတို့၏ အစ်မ၊ မဆုပြည့်ဝေလျှန်၊ မောင်သုတ ဝေယံတို့၏အဒေါ်၊ ဗိုလ်မှူးကျော်သူရ (ကလေးအထူးကုပါရဂူ၊ အမှတ်-၂ တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီး၊ နေပြည်တော်)၏ချစ်လှစွာသော ဇနီး၊ မသူသူလင်းလဲ့၏မိခင်သည် ၁-၂-၂၀၁၃ရက် နံနက် ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၃ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
မဟေမာဆွေ
အသက်(၃၉)နှစ်

ဒေါက်တာဇော်မျိုးဆွေ-မဆုမြတ်သံလွင်အောင်တို့၏ အစ်မ မဟေမာဆွေသည် ၁-၂-၂၀၁၃(သောကြာနေ့) နံနက် ၂း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Myanmar Trillion Group Co., Ltd. ဝန်ထမ်းများ

ဦးခင်မောင် (၇၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့နယ်၊ ဒိုသရစ်နေ (ဦးထွန်းလှ-ဒေါ်ပိုက်)တို့၏ သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်/နောက် ရပ်ကွက်၊ အနောက်ဗဟိုရ်လမ်း၊ အမှတ်(၁၃)နေ ဒေါ်ရီ၏ခင်ပွန်း၊ ဦးတင်ဦး၊ ဒေါ်ဝင်းမာရီ-ဦးသောင်းဆွေမြင့်၊ ဒေါ်ဥမ္မာကြည်-ဦးကျော်ကျော်၊ ဒေါ်မာလာကြည်-ဦးသက်ကိုကို၊ ဒေါ်နီလာဆွေ-ဦးကျော်လွင်တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုး ဦးခင်မောင်သည် ၂-၂-၂၀၁၃ (စနေနေ့) နံနက် ၃း၁၅ နာရီတွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
ဦးကျင်မောင် အသက်(၇၀)
မြန်မာ့မီးရထား၊
အင်ဂျင်နီယာမှူး(ငြိမ်း)

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ပေါက်ကုန်းကြီးကျေးရွာနေ (ဦးရွှေရ-ဒေါ်စိန်တင်)တို့၏သား၊ (ဦးလှအောင်-ဒေါ်လှစီ)တို့၏ သားသမက်၊ အမှတ်(၈)၊ ဦးညိုခြံ၊ သီရိဟေမာလမ်း၊ ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်အေးကြိုင်၏ခင်ပွန်း၊ မစန်းစန်းဦး၊ ဦးကျော်ထွန်း-ဒေါ်အေးအေးမာ၊ ကိုသက်ဝင်းဇော်၊ ကိုနိုင်ထွန်းအောင်-မဝင်းဝင်းမာ၊ ကိုထွန်းမင်းလတ်-မတိုးတိုးမာတို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးကျင်မောင်သည် ၂-၂-၂၀၁၃ ရက် နံနက် ၂ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ယဉ်ယဉ်အေး (၆၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥဇ္ဇနာ(၃)လမ်း၊ အမှတ်(၈/၂၆၃)နေ ဦးသိမ်းဝင်း(တရားလွှတ်တော် ရှေ့နေ)၏ ဇနီး၊ ဦးကျော်ထင်အောင်-ဒေါ်ယွန်းနန္ဒာကိုတို့၏မွေးသမိခင် ဒေါ်ယဉ်ယဉ်အေးသည် ၂-၂-၂၀၁၃ရက် နံနက် ၈း၁၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သင်းသင်းမော် (၄၉)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ်(၉၁)နေ ဦးမောင်ဝင်း-ဒေါ်ချစ်စိန်တို့၏ သမီး၊ (ဦးငွေအောင်-ဒေါ်အုံးလေး)တို့၏ သမီးချွေးမ၊ ဦးယဉ်ငွေ(ဒု-လက်ထောက်အကောက်ခွန်မှူး)၏ ချစ်လှစွာသောဇနီး၊ မောင်ချစ်ကိုကိုဝင်း-မအိဖြူဖွေး၊ မောင်သက်ပိုင်ထူးတို့၏မွေးသမိခင်၊ မောင်မြင့်မိုရ်ထက်၏ ချစ်လှစွာသောအဘွားသည် ၁-၂-၂၀၁၃ (သောကြာနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးဘငွေ(ခ)
ကက်နက်အောင်စိန်(ခ)
မိုဟာမက်ကာစင် (၆၆)နှစ်
(ဆေးကရက်ဟတ်ကျောင်းသားဟောင်း)
B.Sc (Geology) 1970
DAG Minig
ဘူမိဗေဒအကြံပေး
(**ELECTURM**) ကုမ္ပဏီ

ရန်ကုန်မြို့၊ အမှတ်(၄၅၁)၊ သိမ်ဖြူလမ်းနေ (ဦးအလီ-ဒေါ်အုံးစိန်)တို့၏ သား၊ ဦးဘရွှေ(မြန်မာ့အလင်း-ငြိမ်း)၏ ညီ၊ ကိုမြသန်း၊ မခင်စောရီတို့၏အစ်ကို၊ (၄၄/၅၂၀)၊ ရွှေစင်(၇)လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်ဇာနည်အောင် (YESB၊ ငြိမ်း)၊ (Yangon Crown Cable Co., Ltd.)၏ ခင်ပွန်း၊ မပိုင်းပိုင်းဝေ (DUBAI)၊ မမွန်မြတ်မေ (DUBAI)၊ မောင်စိုးစံဇေတို့၏ ဖခင် သည် ၂၉-၁-၂၀၁၃ ရက် ည ၁၀း၅၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၀-၁-၂၀၁၃ ရက် နံနက် ၁၁း၁၅ နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးစိုးဝင်း(ရွှေညောင်)
အသက်(၅၇)နှစ်
(**M.P.P.E**-ငြိမ်း)

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၂၉၂)နေ (ဦးသောင်းရွှေ-ဒေါ်တင်ရွှေ)တို့၏သား၊ (ဦးသာအောင်-ဒေါ်ကံကြည်)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်ဝင်း၏ မောင်၊ ဦးဝင်းအောင်-ဒေါ်လှလှဝင်း၊ ဦးဝင်းတင်-ဒေါ်သီသီဆွေ၊ ဒေါ်နွဲ့နွဲ့ဝင်းတို့၏အစ်ကို၊ ကိုအောင်မျိုးဝင်း-မစန္ဒာငွေး၊ မောင်ရဲထွဋ်ဝင်း၊ မောင်တိုးမြင့်ဝင်းတို့၏ဖခင်၊ မမေရွှန်းလဲ့ဝင်း၏အဘိုး၊ ဒေါ်တင်မျိုးဝင်း၏ ချစ်လှစွာသောခင်ပွန်း ဦးစိုးဝင်းသည် ၂-၂-၂၀၁၃(စနေနေ့) နံနက် ၂း၅၀ နာရီ တွင် ဗဟိုရ်စည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးချိုသန်း(လမင်းစတိုး)
အသက်(၄၈)နှစ်
အလုပ်အမှုဆောင်အဖွဲ့ဝင်
လူမှုကူညီရေးအသင်း(ရန်ကုန်)

ပဲခူးမြို့၊ မဟာမြိုင် (၂)ရပ်ကွက်၊ သစ်တောပျိုးဥယျာဉ်လမ်း၊ အမှတ်(၂၄)နေ ဦးရေခဲ-(ဒေါ်မြကြည်)တို့၏သား၊ ဦးငွေမောင်-(ဒေါ်ချိုတူး)တို့၏မောင်၊ မချိုမာဝင်း၊ ကိုဇော်ဝင်းတို့၏အစ်ကို၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅) ရပ်ကွက်၊ ဖားရွှေကျော်လမ်း၊ အမှတ်(၁၁၆)နေ (ဦးမောင်မောင်)-ဒေါ်စန်းမြင့်တို့၏ သားသမက်၊ ဒေါ်မိုးစန္ဒာ (Smile Happy Co., Ltd.)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်စွမ်းပြည့်အောင်၏ ဖခင်သည် ၁-၂-၂၀၁၃(သောကြာနေ့) ည ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၄ နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အနိစ္စ

ဦးကိုခွေး(ခ)ဦးခွေး
အောင်လျှောင်ဝှက် (၉၁)နှစ်
(ခနုဖြူ ရေပေါက်)

ရန်ကုန်မြို့၊ အမှတ်(၅၁)၊ ဗားကရာလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးမောင်ချို-ဒေါ်ပွန်နန်း- ဒေါ်ငွေသင်တို့၏သားကြီး၊ (ဒေါ်မြသန်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်လေး)၊ ဦးမောင်ငွေးတို့၏အစ်ကိုကြီး၊ ဒေါ်ဝင်းမြင့်(ကြည့်မြင်တိုင်ဈေး)၊ ဦးယုရှိန်၊ ဒေါ်တင်ရီ(အထက-၂ အလုံ)၊ ဒေါ်ခင်ကြည်၊ ဒေါ်တင်ကြည်(ခ)မစူး (ကြည့်မြင်တိုင်ဈေး)၊ ဒေါ်တင်မြင့်၊ ဒေါ်ကြူကြူလှိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂-၂-၂၀၁၃(စနေနေ့) နံနက် ၀၀း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်သိန်း အသက်(၉၀)
ပေါက်စေတီ-ယောဂီ(ဟင်္သာတ)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၆)ရပ်ကွက်၊ (၈)မိုင်၊ ပေါက်စေတီကျောင်းတိုက်ဆရာ တော် အရှင်သုမိတ္တာဘိဝံသနှင့် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းဓမ္မဒူတတောရကျောင်းတိုက် ဆရာတော် ဓမ္မဒူတအရှင်ပညာဇောတတို့၏ အစ်မကြီး ဒေါ်သိန်းသည် ၁-၂-၂၀၁၃ (သောကြာနေ့) ည ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ပေါက်စေတီ ကျောင်းတိုက်မှကားများ မွန်းလွဲ ၂ နာရီ ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၃(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ပေါက်စေတီကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်ခင် (၈၃)နှစ်
လက်ထောက်
အထွေထွေမန်နေဂျာ(ငြိမ်း)
မြန်မာ့သစ်လုပ်ငန်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ် (၁၂၄)နေ (ဝဏ္ဏကျော်ထင် ဦးဘထူး-ဒေါ်ငွေရင်)တို့၏သား၊ ဦးပု-ဒေါ်မြတို့၏ သားသမက်၊ ဒေါ်ခင်ဝင်းဝင်း(ROSIE)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စောဦး (လက်ထောက်အထွေထွေ မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးတူးမောင်၊ ဦးကိုကိုမောင်-ဒေါ်နန်းသူဇာ၊ ဦးထွန်းထိုက် (C/O Marines Shipping)၊ ဒေါ်မူယာခင်၊ ဦးမန်းသက်ထူး-ဒေါ်မိမိညွန့်တို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏ အဘိုး ဦးမောင်မောင်ခင်သည် ၂-၂-၂၀၁၃(စနေနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ (တနင်္လာနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်ခင် (၈၃)နှစ်
လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)
မြန်မာ့သစ်လုပ်ငန်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ် (၁၂၄)နေ (ဝဏ္ဏကျော်ထင် ဦးဘထူး-ဒေါ်ငွေရင်)တို့၏ သားငယ်၊ ဦးပု-ဒေါ်မြတို့၏ သားသမက်၊ (ဦးညွန့်စိန်-ဒေါ်ခင်ခင်)- ဒေါ်ခင်ထွေး၊ (ဦးအောင်တိုး-ဒေါ်ဒေါ်လုံး)၊ (ဦးမောင်မောင်သွင်-ဒေါ်ရင်မြ)၊ ဦးမောင်မောင်မျှင်-ဒေါ်ကြည်ကြည်၊ (ဦးမောင်မောင်တင်-ဒေါ်နီနီ)တို့၏ညီငယ် ဦးမောင်မောင်ခင်သည် ၂-၂-၂၀၁၃(စနေနေ့) တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ (တနင်္လာနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂ
သာသနဓဇဓမ္မာစရိယ
ဝိနယဝိဒူ
သိက္ခာတော်(၃၆)ဝါ၊ သက်တော်(၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ဖျာပုံလမ်း၊ အောင်တော်မူ(ကင်းစမ်း)ပရိယတ္တိ စာသင်တိုက်၏ဦးစီးပဓာန နာယကဆရာတော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ကင်းစမ်းကျေးရွာနေ ခမည်းတော် ဦးကံညွှန့်-မယ်တော် ဒေါ်ငွေလှိုင်တို့၏သား ဘဒ္ဒန္တ ဝိလာသဂ္ဂသည် (၁၃၇၄ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ရက်) ၁-၂-၂၀၁၃(သောကြာနေ့) နံနက် ၂း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို (၁၃၇၄ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ရက်) ၅-၂-၂၀၁၃(အင်္ဂါ နေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပ မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [အောင်တော်မူ (ကင်းစမ်း)ပရိယတ္တိစာသင်တိုက်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။]

စျာပနကော်မတီ
အောင်တော်မူ(ကင်းစမ်း)ပရိယတ္တိစာသင်တိုက်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အုန်းကြည် (၉၁)နှစ်
(လက်ပံတန်း)

လက်ပံတန်းမြို့၊ ဘီးလင်းတန်းလမ်းနေ (ဦးဘရင်- ဒေါ်သိန်းမြ)၊ (ဦးဘိုးကြူး-ဒေါ်ညွန့်)တို့၏ သမီး၊ ဦးဘဂေါင်လမ်းနေ (ဦးမြ-ဒေါ်နှင်းရင်)တို့၏ သမီးချွေးမ၊ (ဦးထွန်းရွှေ)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ငွေငွေဝင်း၊ ရန်ကုန်မြို့နေ ဦးကျော်ကျော်ငွေ-ဒေါ်အေးအေးသန်း၊ ဦးကျော်ကျော်အေး-ဒေါ်ချိုချိုငွေ၊ ဦးထွန်းထွန်းဦး-ဒေါ်ကြည်ကြည်အေး၊ နေပြည်တော်နေ ဦးအေးသက်ဇော်-ဒေါ်မိုးမြတ်ဆွေ၊ လက်ပံတန်းမြို့နေ ဦးလှထွန်း-ဒေါ်ဥမ္မာ၊ တိုက်ကြီးမြို့နေ ဦးညွန့်လွင်-ဒေါ်ကြည်ကြည်ထွန်း၊ ရန်ကုန်မြို့နေ ဦးမင်းဇော်-ဒေါ်သန္တာခိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားသည် ၂-၂-၂၀၁၃ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အာရှတော်ဝင် ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ရှုခင်(ပိန်းဇလုပ်)
အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပိန်းဇလုပ်မြို့၊ စာတိုက်လမ်းနေ (ဦးစုလှိုင်)၏ဇနီး၊ တပ်ကုန်းမြို့နေ ဒေါ်ရှုကြူး၊ ဦးကျော်ကြူး၊ ဦးကျော်ဝမ်း-ဒေါ်သီတာတို့၏ အစ်မကြီး၊ ရန်ကုန်မြို့နေ ဒေါ်အေးအေးလှိုင်၊ တပ်ကုန်းမြို့နေ ဦးအောင်ကျော်-ဒေါ်မိုးမိုးလှိုင်၊ ရန်ကုန်မြို့နေ ဒေါက်တာဝင်းမြင့်-ဒေါက်တာဝင်းဝင်းကြည်၊ ဦးဉာဏ်မြင့်-ဒေါ်ဝေဝေလွင်၊ ပိန်းဇလုပ်မြို့နေ ဒေါ်တင်တင်လှိုင်၊ ရန်ကုန်မြို့နေ ဦးဝင်းမိုး-ဒေါ်မြမြဝင်း၊ ကျောက်တံခါးမြို့နေ ဦးစိုးလွင်-ဒေါ်မိမိလှိုင်၊ ပိန်းဇလုပ်မြို့နေ ဦးသီဟ-ဒေါ်မာလာထွန်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၇ ယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၁-၂-၂၀၁၃(သောကြာနေ့) ဒေသစံတော်ချိန် ည ၈း၅၀နာရီတွင် ဗန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးအောင်ခင်ပြုံး(ခ)အပု
အသက်(၈၀)

ရန်ကုန်မြို့နေ (ဦးမောင်သင်-ဒေါ်မယ်နွဲ့)တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်အုံး)တို့၏ သားသမက်၊ (ဒေါ်အုံးတင်)၊ [ဦးစိန်လှ-ဒေါ်အေးလှိုင်(ခ) ဒေါ်တလုပ်မ]တို့၏ ညီ/မောင်၊ ဦးသိန်းမြင့်-ဒေါ်ခင်စန်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၉၀၂)၊ စပါယ်လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်သန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုကြီး-ဒေါ်ခင်စန္ဒာပြုံး(မူအုပ်၊ မြောက်လွတ်ကုန်း၊ ထန်းတပင်မြို့နယ်)၊ ဦးမင်းဟန်ပြုံး(ပန်းချီ-သားကြီး)-ဒေါ်ခင်နှင်းလှိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်သုတအောင်၊ မစုရတနာအောင်(X၊ အထက-၁၊ မရမ်းကုန်း)၊ မညိုဝင့်ထယ် (IV၊ အထက-၅၊ မရမ်းကုန်း)တို့၏ ကျေးဇူးရှင်အဘိုး ဦးအောင်ခင်ပြုံး(ခ)အပုသည် ၁-၂-၂၀၁၃(သောကြာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၃(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ထွားတင့်(ပြည်)
အသက် (၇၉)နှစ်
စာရင်းစစ်ချုပ်ရုံး

တိုက်(၃၁၁)၊အခန်း(၁၄)၊ ရန်အောင် လမ်းသွယ်(၃)၊ (၂)ရပ်ကွက်၊ အရှေ့ ရန်ကင်းနေ ဦးခင်ညို(ညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၏ ဇနီး၊ ဒေါ်အေးမာ တင့်ညို-ဦးအောင်ကျော်လှိုင်၊ (ဦးတေဇာတင့်ညို-ဒေါ်မြင့်မြင့်အေး)၊ ဗိုလ်မှူး နွေဝါတင့်ညို-ဒုတိယဗိုလ်မှူးကြီး နေဝင်းအောင်၊ ဦးဇေယျာတင့်ညို(တရားရုံးချုပ်)-ဒေါ်အိအိနွယ်တို့၏မွေးသမိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁-၂-၂၀၁၃ (သောကြာနေ့) နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်သန်းသန်းစိန် (၇၂)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၁၁၀)နေ(ဦးသွင်-ဒေါ်ငွေစိန်)တို့၏သမီး၊ (ဦးဘမြင့်)၏ဇနီး၊ ဦးကျော်မြင့်ဦး၊ ဦးဇော်မြင့်-ဒေါ်နိုင်နိုင်မော်၊ ဦးနေမျိုးအောင်-ဒေါ်မိုးမိုး၊ ဦးသက်ဆွေ၊ ဒေါ်ခင်ဥမ္မာမြင့်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၀ယောက်တို့၏အဘွား ဒေါ်သန်းသန်းစိန်သည် ၂-၂-၂၀၁၃(စနေနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

မြန်မာသခွားမွေး တရုတ်ပြည်သို့တင်ပို့

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်တွင် သခွားမွေး ၁၀ ဧကစိုက်ခင်းတစ်ခုမှထွက်ရှိသော သခွားမွေးများကို တရုတ်ပြည်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် သခွားစိုက်တောင်သူ ဦးဘိုလွင်က "ကျွန်တော်တို့ သခွားစိုက်ခင်းက တရုတ်ပြည်အသွားခရီးအစလို့ ဆိုရမယ်။ မြစ်ငယ်-ထုံးဘို ဖြတ်လမ်း မှ မူဆယ်မြို့ကို ရှေးဦးစွာတင်ပို့ပါတယ်။ မူဆယ်မှတစ်ဆင့် တရုတ်ပြည်နယ်စပ်မြို့ ကြယ်ဂေါင်ကို အဓိကထား တင်ပို့နေရတယ်။ သခွားမွေး တစ်ကီလိုကို တရုတ်ငွေ ၄ ဒသမ ၅ ယွမ်ပေါက်ဈေးရှိပါတယ်။ ကျွန်တော်တို့ စိုက်ခင်းမှ ထွက်ရှိတဲ့ သခွားမွေးတစ်လုံးဟာ ၂ ကီလိုမှ ၂ ကီလိုခွဲအထိ ရှိပါတယ်။ ဆိုရလျှင်တော့ သခွားမွေးတစ်လုံးဟာ ၉ ယွမ် ကျော်ပေါက်ဈေးအနည်းဆုံးရှိနေပြီ၊ ကျွန်တော်တို့စိုက်ခင်းက ထွက်ရှိတဲ့ သခွားမွေးကို တရုတ်ပြည်ယူနန်မြို့တော် ကူမင်းမြို့မှ အလွန်ကြိုက်နှစ်သက်တယ်လို့ ကျွန်တော်တို့ရဲ့ မိတ်ဆွေတရုတ်ကုန်သည်များထံမှ သိရပါတယ်။ သိပ်မကြာခင်ကာလမှာပဲ တရုတ်ပြည်မှာ တရုတ်နှစ်သစ်ကူးပွဲတော်လည်း ရောက်ရှိတော့မှာမို့ ကျွန်တော်တို့ စိုက်ခင်းမှာ ခူးဆွတ်လုပ်သား ယခင် ၂၀ ကနေ ယခုဆို ၃၀ ထိ တိုးထားရပါတယ်။ ကျွန်တော်တို့ ဒီစိုက်ခင်းများ အပြင် စဉ့်ကိုင်မြို့နယ် မြစ်ငယ်တံတား တောင်ဘက် မြောက်ကိုင်းကျေးရွာနဲ့ စိတ္တရရွာများမှာလည်း ဧက ၃၀ စိုက်ခင်း ရှိပါတယ်။ ပြီးတော့လည်း မြန်မာငွေကျပ် ၁၀၀၀ နဲ့ မှတ်ပုံတင်ပြပြီး တရုတ်ပြည် ကြယ်ဂေါင်ကို တစ်နေ့တာလည်ပတ်ခွင့်ရပြီမို့ အရောင်းအဝယ်လည်း ပိုမိုတွင်ကျယ်လာပါတယ်။ မြန်မာသခွားမွေးတွေ တရုတ်ပြည်ကို လိုင်လိုင်ကြီးတင်ပို့နိုင်ပြီပေါ့ဗျာ" ဟုသခွားစိုက်တောင်သူ ဦးဘိုလွင်က ပြောပြသည်။

တစ်ဖန် သခွားစိုက်ပညာရှင် ဦးစံလှက "ကျွန်တော်တို့ ဒီသခွားမွေးများကို မစိုက်ပျိုးမီ ထယ်ရေးပြင်ချိန်မှာ နွားချေးများ၊ ဆိတ်ချေးများနှင့်ပက်ကြဲရပါတယ်၊ စိုက်ပျိုးချိန်မှာတော့ ၁၅ ပတ်လည် မြင်းခေါင်း ဓာတ်မြေဩဇာနဲ့ သမအောင် ထွန်ယက်ရပါတယ်၊ သခွားမွေးအပင်များကို ပေါင်တန်းစနစ်နဲ့ စိုက်ပျိုးပြီး ပလတ်စတစ်အကြည်များနဲ့ ဖုံးအုပ်ထားရပါတယ်၊ တစ်ပေါင်ကို အကျယ် လေးပေနှုန်းနဲ့ တစ်ပေါင်နဲ့တစ်ပေါင်အကြား ရှစ်ပေခွာ စိုက်ပျိုးပြီး ရက်ပေါင်း ၈၀ ကျော်မှာ ခူးဆွတ်နိုင်ပါပြီ၊ သခွားမွေး စိုက်ခင်းတစ်ဧကကို ၁၀ တန် ထွက်ရှိပါတယ်" ဟု ပြောကြားသည်။

သတင်းနှင့်ဓာတ်ပုံ မောင်မောင်စိုး (မြစ်ငယ်)

ပခုက္ကူဒေသငရုတ်များ လှိုင်လှိုင်ခူးဆွတ်ပြီ

ပခုက္ကူ ဖေဖော်ဝါရီ ၂

ပခုက္ကူဒေသစိုက် ငရုတ်များလှိုင်လှိုင်ခူးဆွတ်နေပြီး မကြာခင် ရက်ပိုင်းအတွင်း ဈေးကွက်သို့ တင်ပို့တော့မည်ဖြစ်ကြောင်း သိရသည်။ ပခုက္ကူဒေသတွင် ရေစကြို ပခုက္ကူကားလမ်းဘေးရွာများဖြစ်သော မြေဖြူ၊ ငွေးချို၊ ချောင်းဖျား၊ ရွာသစ်၊ စည်သာရွာများ၌ လည်းကောင်း၊ ပခုက္ကူ-မြစ်ခြေကားလမ်းဘေးမြင်းဝန်းနယ်မြေ-နန်းဘိုကုန်း-ငကျော်-သံပုရာပင်ကုန်း၊ လှည်းကြမ်းပေါက်၊မယ်ဇလီပင် ကုန်းရွာများမှ ငရုတ်များခူးဆွတ်လျက်ရှိပြီး အခြောက်လှန်းနေကြောင်း သိရသည်။

ပခုက္ကူဒေသငရုတ်များကို ဝါခေါင်-တော်သလင်းလ၌ စတင်စိုက်ပျိုးကြသည်။ ပြာသိုလဆန်းတွင် လှိုင်လှိုင်ပေါ်သည်။ နယုန်လ၌ အလျား ၂၃ ပေ၊ အနံ သုံးပေရှိပေါင်တွင် ငရုတ်ပျိုးပင်ခြင်းကြားတောင်း နှစ်တောင်းစာ စိုက်ပျိုးရသည်။ ငရုတ်ပျိုးပင်ကြည့်၍ ငရုတ်ပေါင် တစ်ပေါင်လျှင် ၈၀၀၀ မှ တစ်သောင်းဝန်းကျင်ရှိသည်။ ငရုတ်တစ်ဧကပျိုးပေါင် ခြောက်ပေါင်စိုက်ပျိုးကြသည်။ မိုးရေလုံလောက်စွာမရရှိ၍ ရေသွင်းစိုက်ပျိုးရကြောင်း ရေသွင်းခ တစ်နာရီ ငွေကျပ် ၃၅၀၀ နှုန်းရှိကြောင်း၊ ဧကများလျှင်များ သလောက်ရေပိုသွင်းရကြောင်း၊ ယခင်နှစ်ကုန်ကျစရိတ် နှစ်သိန်းကုန်လျှင် ယခုနှစ် နှစ်သိန်းခွဲကုန်ကျကြောင်း ထွက်နှုန်းမှာလည်း ယခင်နှစ်ထက်နိမ့်ကျကြောင်း၊ ရေပေါပေါသီသီရပါက ငရုတ်များကောင်းစွာ ဖြစ်ထွန်း အောင်မြင်မှာဖြစ်ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပခုက္ကူဒေသတွင် ကျောက်စိမ်းအရှည် ငရုတ်မျိုးထက် ငရုတ်ပွမျိုးကို အစိုက်များကြောင်း သိရသည်။ ငရုတ်ကျောက်စိမ်း အစိုဈေးမှာ တစ်တင်းဈေးနှုန်း ငွေကျပ် ၃၅၀၀၊ ငရုတ်ပွ အစိုဈေး တစ်တင်းလျှင် ငွေကျပ် ၄၀၀၀ ဖြစ်ပြီး ၁၀ ရက် ၁၅ ရက် လှန်းပြီး ခြောက်သွားပါက ကျောက်စိမ်း တစ်ပိဿာ ငွေကျပ် ၂၁၀၀၊ ငရုတ်ပွ တစ်ပိဿာ ငွေကျပ် ၂၃၀၀ ဈေးပေါက်သည်။ "ငရုတ်တစ်ပင်ကို လေးကြိမ် ဆွတ်ရပါတယ်၊ ဆွတ်ခက ငရုတ်တစ်တောင်းကိုနှစ်ပြည် ဖြစ်ပါတယ်၊ တစ်နေကုန် ဆွတ်ရင် ၁၀ ပြည်၊ ၁၂ ပြည် ရပါတယ်၊ တစ်ပြည်ကို ၂၀၀ နှုန်းရပါတယ်" ဟု ငရုတ်ဆွတ်သူတစ်ဦးက ပြောသည်။ **(နေဦးမောင်-ပခုက္ကူ)**

စားသုံးသူကာကွယ်ရေးအသင်းနှင့် ငရုတ်ဆီအချဉ်ထုတ်သူများ ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ငရုတ်ဆီအချဉ်ရည် ထုတ်လုပ်ရောင်းချသူများနှင့် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းတို့ ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၌ တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

"ငရုတ်ဆီအချဉ်ရည်တွေထဲမှာ စားသုံးဖို့ ခွင့်ပြုထားတဲ့ ဆိုးဆေးမျိုးသုံးဖို့၊ ဈေးနှုန်းတွေချိန်ချိန်ဆဆနဲ့ ရောင်းဖို့၊ စားသုံးသူကိုတတ်နိုင်သမျှ မိမိစားသလို သဘောထားပြီး ထုတ်ပေးဖို့ဆွေးနွေးတယ်။ သူတို့လည်း သူတို့ကြုံရတဲ့အခက်အခဲကို ဆွေးနွေးတယ်" ဟု အသင်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ငရုတ်ဆီအချဉ် ထုတ်လုပ်ဖြန့်ချိသည့် လုပ်ငန်းရှင် ခြောက်ဦးတက်ရောက်ပြီး Food Colour ကိုလည်း လုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်က လက်ခံသုံးစွဲလာပြီဖြစ်ကြောင်း၊ ထုတ်လုပ်ရာတွင် သက်တမ်းကုန်ဆုံးသည့် ရက်များကိုလည်းဖော်ပြထားပြီး ယင်းသက်တမ်းအာမခံချက်များဖြင့်လည်း ပေးသွားရန်ရှိကြောင်း ငရုတ်ဆီအချဉ်ထုတ်လုပ်သူများက ဆိုကြသည်။

(၆၈၀)

တော်ဝင်စင်တာ (၂)နှစ်ပြည့် စတုဒီသာအလှူ

တော်ဝင်မိသားစုကုမ္ပဏီမှ ဖေဖော်ဝါရီ ၆ ရက်နေ့ နံနက် ၁၀ နာရီ အချိန်တွင် တော်ဝင်စင်တာ၌ မြန်မာမှုတေးဂီတ၊ မြန်မာသံစဉ် အဆိုတော်များနှင့် ဖျော်ဖြေ၍ စတုဒီတာ ထောပတ်ထမင်း၊ ကြက်သားဟင်း နှင့် အအေး ဖြင့် ကျွေးမွေးဧည့်ခံမည် ဖြစ်ပါသောကြောင့် မည်သူမဆို ကြွရောက် သုံးဆောင်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီ၊ တော်ဝင်စင်တာမိသားစု

ဖေဖော်ဝါရီလ (၈) ရက်နေ့နှင့် (၉)ရက်နေ့ ည (၇း၀၀) အချိန်တွင် ပြည်သူ့ဥယျာဉ်၌ ကပြဖျော်ဖြေပါမည်။

ခိုင်ကမ္ဘာ မိသားစု Co.,Ltd.

အမှတ် ၈၀ E, ကမ္ဘာ့ဧလမ်းသွယ် (၂)၊ ရွှေတောင်ကြား (၂) လမ်း၊ ဗဟန်း၊ ရန်ကုန်။
Ph: 95-1-535569, 09 73037606
Web: khinekabarfamily.com,kmkcardealer.com, Email: khinekabarfamily@gmail.com

LIVE တိုက်ရိုက်ကြည့်ပြီးကိုယ်တိုင် လေလံဆွဲဝယ်ယူနိုင်သည့် ခိုင်ကမ္ဘာ

- ဂျပန်နိုင်ငံ Golden Eagle Co.,Ltd မှ လာရောက်ဖွင့်လှစ်သော ခိုင်ကမ္ဘာ Co.,Ltd မှ အထူးအစီအစဉ်
  - Saloon, Van,Wagon ကားများ ၊ Truck (1 ton) ကားများနှင့် Canter Flat (10',12') ကားများကို လေလံ ဆွဲဝယ်ယူလိုသူများအတွက် ကားလေလံအောင်ဈေး + ဝန်ဆောင်ခ ကျပ်(၁၆)သိန်းမှ ကျပ်(၂၄.၅)သိန်းနှုန်းဖြင့် ရန်ကုန်ဆိပ်ကမ်းအရောက် အထူးဝန်ဆောင်မှုပေးနေပါသည်။
- မှတ်ပုံတင်ဖြင့် ကားတင်သွင်းချင်သူများအတွက် Bank Account ဖွင့်ပေးခြင်း၊ ငွေကိုက်ထည့်သွင်းပေးခြင်းများကို အသက်သာဆုံးနှုန်းထားဖြင့်လည်းဆောင်ရွက်ပေးပါသည်။
- ယာဉ်ပေါက်ဈေးအပ်နှံခြင်း၊ သွင်းကုန်လိုင်စင်လျှောက်ထားခြင်း၊ သဘောတင်ခြင်း၊ ဆိပ်ကမ်းမှထုတ်ယူခြင်းနှင့် ယာဉ်မှတ်ပုံတင်ခြင်းကိစ္စရပ်များကို Owner Book ရသည်အထိ လူကြီးမင်းတို့ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

လေလံနှင့် 5% Tax ဆောင်ရန် မလိုပါ



Junction Cineplex ၁.၂.၂၀၁၃ တွင် စတင်ပြသမည့် ဇာတ်ကားများ (အိမ်မတော်မှ ကြိုတင် Booking လက်ခံနေပါပြီ)



Junction Square	(Ph - 01 527 055)	
Race - 2		10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30
		10 : 00 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 ၊ 9 : 30
		10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30
		10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30 ၊ 9 : 30
Junction Maw Tin	(Ph - 01 225 244)	
Race - 2		10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30
		10 : 00 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 ၊ 9 : 30
		10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30
		10 : 00 ၊ 12 : 30 ၊ 3 : 00 ၊ 6 : 00 ၊ 9 : 00
Junction Nay Pyi Taw	(Ph - 067 421 615)	
		10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30

Shine Construction Co.,Ltd.

(Member of Shine Group of Companies)

(က) Steel လုပ်ငန်း

(ခ) Aluminium လုပ်ငန်း

(ဂ) Composite လုပ်ငန်း

Tel:951-243647,385341~2,Ext:202,207

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။

မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၅) နှစ်ကြာပါသည်။

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

Halal Certificate

BFAD Philippines

FDA (Thailand)

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ကိုယ်ပိုင်အထက်တန်းကျောင်း - မှတ်ပုံတင်အမှတ် - ကကက - ၁၃/၄၁/၀၀၀

ဒေါ် မညာရှိပ်သာ

ICEC

ကျောင်းအပ်လက်ခံနေပါပြီ။

■ မြို့အမှတ် (၀၀၃)

ဗဟိုလမ်းနှင့်ရွာမကျောင်းလမ်းထောင့် (လှိုင်)

လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊

01- 536349, 09-73249755, 09-5196433

■ A-5 ၊ မေတ္တာမွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း၊

နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊

09-73162577 , 09-5155830

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ပညာရေးတော်ဝါ

သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ

တာမွေမှာဖွင့်ပြီ

HOT LINE : 0 9 73166911

▶ Grade (11) တက္ကသိုလ်ဝင်တန်းအား (မတ်လ - ၁၄) ရက်နေ့ဖွင့်မည်။

▶ KG မှ Grade (10) ထိ (မေလ - ၂၅) ရက်နေ့ဖွင့်မည်။

မြန်မာဇော်ထူး

R.O + UV

PH စီလ - EUROPE AMARONESS စီလ - U.S.A နှင့် TDS စီလ - TAIWAN

www.myanmarzawhtoo.com

PUN HLAING HOSPITAL

ပန်းလှိုင်ဆေးရုံ နှလုံးဌာန အထူးအစီအစဉ်

- (၈) နှစ်အတွေ့အကြုံရှိ ပန်းလှိုင်ဆေးရုံ နှလုံးဌာန၏အထူးအစီအစဉ် အနေဖြင့် နှလုံးသွေးကြောကျဉ်းရောဂါများအတွက် ၂၀၁၃ ခုနှစ်၌ အာဆီယံ နိုင်ငံများတွင် ပထမဦးဆုံးခေတ်မီစက်သစ်ကြီးဖြင့် ကုသပေးလျက်ရှိပြီး ပြည်ပသို့ သွားရောက်ကုသရန်မလိုတော့ဘဲ ပြည်တွင်း၌သာ အရည်အသွေးပြည့်ဝသော နိုင်ငံတကာအတွေ့အကြုံ ရင့်ကျက်သည့် နှလုံးရောဂါ အထူးကုဆရာဝန်များဖြင့် အထူးဝန်ဆောင်ပေးလျက်ရှိပါသည်။
- နောက်ဆုံးပေါ်ခေတ်မီ နည်းပညာများ၏အားသာချက်များမှာ -
  - ဓါတ်ရောင်ခြည်ထိတွေ့မှုကိုအနည်းဆုံးလျှော့ချပေးခြင်း၊
  - ကြည်လင်ပြတ်သားသောပုံရိပ်ဖော်ဆောင်ပေးခြင်း၊
  - အလွန်သေးငယ်သည့်သွေးကြောများကိုပင်မြင်နိုင်ခြင်း၊
  - သွေးကြော ပုံဖော်ရာတွင် အသုံးပြုရသော Contrast ဆေး အနည်းငယ်သာလိုအပ်ခြင်း၊
  - ကုသချိန်တိုတောင်းခြင်း၊
  - ကုသခံယူသူအတွက် အပြည့်အဝလုံခြုံစိတ်ချရခြင်း၊
  - နှလုံးသွေးကြောကျဉ်းရောဂါသာမကဘဲ အခြားနှလုံးအဆို့ရှင်ရောဂါများကိုပါ မခွဲမစိတ်ရဘဲကုသပေးနိုင်ခြင်းတို့ဖြစ်ပါသည်။

စင်ကာပူနိုင်ငံမှ နှလုံးအထူးကုဆရာဝန်များ
ဖေဖော်ဝါရီ (၉) ရက်မှ (၁၁) ရက်နေ့အထိ
လာရောက်ကုသပေးမည်ဖြစ်ပါသည်။

မကုသမီ



ကုသပြီး



ပန်းလှိုင်ဆေးရုံ

(၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၀၀၄၂၆၇

Email: enquiry.phih@spa.com.mm

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃
၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်-

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -
(က) **ဝန်ကြီးဌာန**ဆိုသည်မှာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကို ဆိုသည်။
(ခ) **ကော်မရှင်ရုံး**ဆိုသည်မှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။
(ဂ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။
(ဃ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့် ပုံစံကို ဆိုသည်။
(င) **ဇယား**ဆိုသည်မှာ ဤနည်းဥပဒေများတွင် ဖော်ပြပါရှိသည့် ဇယားကိုဆိုသည်။
(စ) **ဘီအိုတီ**ဆိုသည်မှာ လုပ်ငန်းတည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးချိန်တွင် လုပ်ငန်းလုပ်ဆောင်သူတို့က သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခြင်းကိုဆိုသည်။
(ဆ) **ဘီတီအို**ဆိုသည်မှာ လုပ်ငန်းတည်ဆောက်ခြင်း၊ တည်ဆောက်ပြီးချိန်တွင် လုပ်ငန်းလုပ်ဆောင်သူတို့က သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကို ဆိုသည်။
(ဇ) **အခြေပစ္စည်း**ဆိုသည်မှာ မြေ၊ အဆောက်အအုံ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းကို ဆိုသည်။ ယင်း စကားရပ်တွင် အစုရှယ်ယာနှင့် ကတိဝန်ခံစာချုပ်တို့အပြင် ယင်းတို့ကဲ့သို့သော အလားတူ စာချုပ်စာတမ်းများလည်း ပါဝင်သည်။

အခန်း (၂)
သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ

၃။ ကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။ ယင်းသို့ သတ်မှတ်ရာတွင် အောက်ပါအချက်များကို အခြေခံရမည်-
(က) နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ များစွာပေါ်ပေါက်စေမည့် လုပ်သားအင်အား အသုံးပြု လုပ်ငန်းဖြစ်ခြင်း၊
(ခ) နိုင်ငံတော်၏ ထွက်ကုန်များကို တန်ဖိုးမြှင့်တင် ထုတ်လုပ်နိုင်မည့် လုပ်ငန်းဖြစ်ခြင်း၊
(ဂ) ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသော လုပ်ငန်းဖြစ်ခြင်း၊
(ဃ) အဆင့်မြင့်နည်းပညာ အသုံးပြုသည့် လုပ်ငန်းဖြစ်ခြင်း၊
(င) နိုင်ငံသားများ သက်သာချောင်ချိစွာ စားသုံးစေနိုင်ရေးကို ဦးတည်သည့် ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ခြင်း၊
(စ) နိုင်ငံသားများ၏ လူနေမှုဘဝ အဆင့်မြင့်မားရေးကို အထောက်အကူပြုစေသည့် လုပ်ငန်းဖြစ်ခြင်း။

၄။ ကော်မရှင်သည် စီးပွားရေးလုပ်ငန်းများသတ်မှတ်ရာတွင် နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုကို ခွင့်မပြုသည့်လုပ်ငန်းများ၊ နိုင်ငံသားနှင့်ဖက်စပ်စနစ်ဖြင့်သာ ခွင့်ပြုမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေ တစ်ရပ်ရပ်အရသာ ခွင့်ပြုမည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို သတ်မှတ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိသည့်အခါ ကော်မရှင်သည် နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုကို ခွင့်မပြုသည့် လုပ်ငန်းများ၊ နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုမည့် လုပ်ငန်းများနှင့် သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေ တစ်ရပ်ရပ်အရသာ ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုမည့် လုပ်ငန်းများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။

၆။ ကော်မရှင်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် သတ်မှတ်သည့် လုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ ကြိုတင်သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်၍ ထုတ်ပြန်ကြေညာနိုင်သည်။

၇။ နိုင်ငံသားများ လုပ်ကိုင်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို **ဇယား(၁)**ပါအတိုင်း သတ်မှတ်သည်။

၈။ နိုင်ငံသားများလုပ်ကိုင်နိုင်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် နှစ်တိုနှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်းများကို **ဇယား(၂)** ပါအတိုင်း သတ်မှတ်သည်။

၉။ နိုင်ငံသားများလုပ်ကိုင်နိုင်သည့် မွေးမြူရေးလုပ်ငန်းများကို **ဇယား(၃)**ပါအတိုင်း သတ်မှတ်သည်။

၁၀။ နိုင်ငံသားများလုပ်ကိုင်နိုင်သည့် မြန်မာ့ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းများကို **ဇယား(၄)**ပါအတိုင်း သတ်မှတ်သည်။

၁၁။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ ၇၊ ၈၊ ၉ နှင့် ၁၀ အရ သတ်မှတ်သည့် လုပ်ငန်းများကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၂။ ကော်မရှင်သည် နိုင်ငံတော်၏ နယ်နိမိတ်နှင့် အခြားနိုင်ငံများ နယ်နိမိတ် ထိစပ်လျက်ရှိသည့် နယ်စပ်မျဉ်းမှ ၁၀ မိုင် အတွင်း စက်မှုဇုန်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဇုန်များ၊ ခရီးသွားလုပ်ငန်းဇုန်များ၊ ကုန်သွယ်ရေးဇုန်များ အပါအဝင် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ စုစည်းဆောင်ရွက်မည့် ဇုန်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စီးပွားရေးဇုန်အဖြစ် သတ်မှတ်နိုင်သည်။

၁၃။ နည်းဥပဒေ ၁၂ အရ စီးပွားရေးဇုန်အဖြစ် သတ်မှတ်ခြင်းကို ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များက အဆိုပြုလာလျှင်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူက အဆိုပြုခြင်းအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များက သဘောတူညီလျှင်ဖြစ်စေ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြကာ ခွင့်ပြုချက်ရယူ ဆောင်ရွက်ရမည်။

၁၄။ ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူက လုပ်ကိုင် ဆောင်ရွက်လိုကြောင်း အဆိုပြုလာလျှင် ကော်မရှင်သည် နိုင်ငံတော်နှင့်နိုင်ငံသား အထူးသဖြင့် တိုင်းရင်းသားပြည်သူများ၏ အကျိုး စီးပွားအလို့ငှာ အောက်ပါအချက်များအပေါ် အခြေခံ၍ စိစစ်ရမည် -
(က) အဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှုအပေါ် သက်ဆိုင်ရာဒေသရှိ နယ်မြေခံလူထု သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများ၏ သဘောထား၊
(ခ) အဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှုအပေါ် သက်ဆိုင်ရာဒေသရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ သဘောထား၊
(ဂ) လုပ်ငန်းဆောင်ရွက်မည့်ဒေသအပေါ်မူတည်ကာ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား။

၁၅။ ကော်မရှင်သည် နည်းဥပဒေ ၁၄ ပါ အချက်များနှင့် ပြည့်စုံသည့် အဆိုပြုချက်များကို မိမိ၏ သဘောထားနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၁၆။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက်ရရှိသည့်အခါ ကော်မရှင်သည် ကမကထပြုသူ သို့မဟုတ် ရင်းနှီး မြှုပ်နှံသူအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

အခန်း (၃)
ရင်းနှီးမြှုပ်နှံမှုပုံစံ

၁၇။ ရင်းနှီးမြှုပ်နှံမှုကို အောက်ပါပုံစံ တစ်ခုခုဖြင့် ဆောင်ရွက်နိုင်သည် -
(က) နည်းဥပဒေ ၅ အရ ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော လုပ်ငန်းများမှအပ အခြားကျန် လုပ်ငန်းများတွင် နိုင်ငံခြားသားက နိုင်ငံခြားမတည်ငွေရင်း ရာခိုင်နှုန်းအပြည့်ဖြင့် ဆောင်ရွက်ခြင်း၊
(ခ) နိုင်ငံခြားသားနှင့် နိုင်ငံသား သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတို့ ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းပါက နိုင်ငံခြားမတည်ငွေနှင့် နိုင်ငံသား မတည်ငွေ အချိုးကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်နှင့်အညီ ပဋိညာဉ် စာချုပ်ချုပ်ဆို ဆောင်ရွက်ခြင်း၊
(ဂ) နှစ်ဦးနှစ်ဖက် သဘောတူသော ပဋိညာဉ် စာချုပ်ပါ စနစ်တစ်ခုခုဖြင့် ဆောင်ရွက်ရာတွင် ဘီအိုတီ၊ ဘီတီအိုစသည့် စနစ်များအပါအဝင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် လုပ်နည်းစနစ်များ သို့မဟုတ် အခြားလုပ်နည်း စနစ်များနှင့် ဆောင်ရွက်ခြင်း။

၁၈။ ရင်းနှီးမြှုပ်နှံမှုအတွက် အဆိုပြုချက် တင်သွင်းရာတွင် နိုင်ငံခြားကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့်ကို တည်ဆဲကုမ္ပဏီဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ တစ်ပြိုင်တည်း လျှောက်ထားရမည်။

၁၉။ အဆိုပြုချက်ကို ကော်မရှင်က လက်ခံ၍ ခွင့်ပြုမိန့် ထုတ်ပေးသည့်အခါ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံခြားကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့်ကို တစ်ပြိုင်တည်း ထုတ်ပေးရမည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက နိုင်ငံခြားကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့် သို့မ ဟုတ် မှတ်ပုံတင်ခွင့်ကို ကြိုတင်ထုတ်ယူခွင့်ပြုရန် လျှောက်ထားလာလျှင် လုံလောက်သော အကြောင်းပြချက်ရှိပါက ညွှန်ကြားရေးမှူးချုပ် သည် ဖွဲ့စည်းတည်ထောင်ခွင့် (ယာယီ) သို့မဟုတ် မှတ်ပုံတင်ခွင့်(ယာယီ)ကို ကြိုတင်ထုတ်ပေးနိုင်သည်။ သို့ရာတွင် ဖွဲ့စည်းတည်ထောင်ခွင့် (ယာယီ) သို့မဟုတ် မှတ်ပုံတင်ခွင့်(ယာယီ) ကြိုတင်ထုတ်ပေးခြင်းကို ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် ထုတ်ပေးခြင်း အဖြစ် မှတ်ယူခြင်း မရှိစေရ။

၂၀။ နိုင်ငံခြားသားသည် တားမြစ်သည့်လုပ်ငန်း သို့မဟုတ် ကန့်သတ်သည့် လုပ်ငန်းများကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ပါက နိုင်ငံခြားမတည်ငွေရင်းအချိုးသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၈၀ ရာခိုင်နှုန်းထက် မကျော်လွန်စေရ။ ဤသတ်မှတ်ချက်ကို ကော်မရှင် သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြင်ဆင်သတ်မှတ် နိုင်သည်။

၂၁။ ပဋိညာဉ်စာချုပ်ပါ သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်စဲခွင့်ရရှိ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် လည်းကောင်း၊ လုပ်ငန်း ပြီးဆုံး၍ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် လည်းကောင်း ကော်မရှင်သို့ ကြိုတင် တင်ပြခွင့်ပြုချက်ရယူပြီး တည်ဆဲကုမ္ပဏီ အက်ဥပဒေနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

အခန်း (၄)
ကော်မရှင် ဖွဲ့စည်းခြင်းနှင့် အစည်းအဝေးကျင်းပခြင်း

၂၂။ ကော်မရှင်အဖွဲ့ဝင် အရေအတွက်သည် “မ” ဂဏန်းအရေအတွက် ဖြစ်ရမည်။

၂၃။ ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ သက်တမ်းသည် သုံးနှစ်ထက် မပိုစေရ၊ သို့ရာတွင် ကျွမ်းကျင်မှုနှင့် အခြားလိုအပ်ချက်များရှိပါက ပြည်ထောင်စုအစိုးရသည် အဖွဲ့ဝင် တစ်ဦးဦး၏ သက်တမ်းကို သုံးနှစ်ထက် ပိုမိုတာဝန်ပေးအပ်နိုင်သည်။

၂၄။ အကြောင်းတစ်ရပ်ရပ်ကြောင့် ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် သက်တမ်းသုံးနှစ်မပြည့်မီ ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိတော့ပါက ၎င်းလစ်လပ်နေရာအတွက် အစားထိုးတာဝန်ပေးသည့် အဖွဲ့ဝင်သည် ၎င်းဆက်ခံသည့် အဖွဲ့ဝင်၏ ကျန်သက်တမ်း အတိုင်းသာ တာဝန်ရှိသည်။

၂၅။ ကော်မရှင်အစည်းအဝေးများကို တစ်လလျှင် အနည်းဆုံး နှစ်ကြိမ် ကျင်းပရမည်။

၂၆။ ကော်မရှင်ဥက္ကဋ္ဌသည် အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌ မတက်ရောက်နိုင် သည့်အခါ ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ် လည်းကောင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ မတက်ရောက်နိုင်သည့်အခါ အတွင်းရေးမှူးက သဘာပတိအဖြစ်လည်းကောင်း သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးက သဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ရမည်။

၂၇။ အစည်းအဝေးသို့ အဖွဲ့ဝင် ၅၀ ရာခိုင်နှုန်းနှင့်အထက် တက်ရောက်လျှင် အထမြောက်သည်။

၂၈။ ကော်မရှင်သည် အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်အများ၏ သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်ရမည်။ အစည်းအဝေးတက်ရောက်သည့် ကော်မရှင်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်ကို အစည်းအဝေးတက်ရောက်နိုင်ခြင်း မရှိသည့် ကော်မရှင် အဖွဲ့ဝင်များက ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်းတို့ ဆောင်ရွက်ခွင့်မရှိ။

၂၉။ ကော်မရှင်သည် လိုအပ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး၊ ဘာသာရပ် ကျွမ်း ကျင်သူများနှင့် အခြားလိုအပ်သူများကို အစည်းအဝေးသို့ ဖိတ်ကြားတက်ရောက်စေနိုင်သည်။

၃၀။ ကော်မရှင်သည် အစည်းအဝေးများတွင် ရင်းနှီးမြှုပ်နှံမှုအတွက် ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူနှင့် ယင်းတို့အား အထောက်အကူပြုမည့်သူများကို တက်ရောက်၍ ရှင်းလင်းတင်ပြခွင့်နှင့် ဆွေးနွေးခွင့် ပြုရမည်။

အခန်း (၅)
ခွင့်ပြုမိန့်လျှောက်ထားခြင်း

၃၁။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် ကော်မရှင်သို့ အဆိုပြုချက် တင်ပြရာတွင် အောက်ပါအချက်အလက်များ ပါဝင်သော အဆိုပြုချက်ပုံစံ(၁)ပါအတိုင်းဖြည့်စွက်၍ ကမကထ ပြုသူကိုယ်တိုင် လက်မှတ်ရေးထိုးတင်ပြရမည်-
(က) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူ၏အမည်၊ မည်သည့်နိုင်ငံသားဖြစ်ကြောင်း ဖော်ပြချက်၊ နေရပ်လိပ်စာ၊ လုပ်ငန်းတည်ရှိရာ အရပ်ဒေသ၊ သက်ဆိုင်ရာ ဥပဒေအရ အမှန်တကယ် လုပ်ကိုင်သည့်လုပ်ငန်း၊ ထိရောက်သည့် စီမံခန့်ခွဲမှု လုပ်ကိုင်သည့် ဌာနချုပ်တည်ရှိရာဒေသ၊ စီးပွားရေးအဖွဲ့ တည်ထောင်ဖွဲ့စည်းရာ အရပ်ဒေသ၊ လုပ်ငန်းအမျိုးအစား၊
(ခ) ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်လုပ်ငန်းတွင် ပါဝင်လိုသူများနှင့် သက်ဆိုင်သည့် အပိုဒ်ခွဲ (က) ပါ အချက်အလက်များ၊
(ဂ) အပိုဒ်ခွဲ (က) သို့မဟုတ် (ခ) နှင့် သက်ဆိုင်သော အထောက်အထားများ၊
(ဃ) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူ သို့မဟုတ် ဖက်စပ်လုပ်ငန်းတွင် ပါဝင်လိုသူများ၏ လုပ်ငန်းပိုင်းနှင့်ငွေရေး ကြေးရေးဆိုင်ရာ အထောက်အထားများ၊
(င) ရင်းနှီးမြှုပ်နှံလိုသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် အချက်အလက်များ၊
(စ) ရင်းနှီးမြှုပ်နှံသည့် သက်တမ်း၊ တည်ဆောက်မှုကာလ၊
(ဆ) နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံလိုသည့် အရပ်ဒေသ၊
(ဇ) ထုတ်လုပ်ရောင်းချရာတွင် အသုံးပြုမည့် နည်းပညာရပ်များနှင့် စနစ်များ၊
(ဈ) သုံးစွဲလိုသည့် စွမ်းအင်အမျိုးအစားနှင့် ပမာဏ၊
(ည) တည်ဆောက်မှု ကာလအတွင်း လုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အဓိကစက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ကုန်ကြမ်းများနှင့် အလားတူပစ္စည်းများ၏ ပမာဏနှင့်တန်ဖိုး၊
(ဋ) လိုအပ်မည့် မြေနေရာနှင့် အကျယ်အဝန်း၊
(ဌ) လုပ်ငန်းမှ နှစ်စဉ်ထုတ်လုပ်မည့် ခန့်မှန်းပမာဏနှင့်တန်ဖိုး သို့မဟုတ် ဆောင်ရွက်မည့် ဝန်ဆောင်မှု ခန့်မှန်းပမာဏ နှင့်တန်ဖိုး၊
(ဍ) လုပ်ငန်းဆောင်ရွက်ရန် နှစ်စဉ်လိုအပ်မည့် နိုင်ငံခြားသုံးငွေနှင့် ရရှိရန် ခန့်မှန်းသည့် နိုင်ငံခြားသုံးငွေ၊
(ဎ) နှစ်စဉ် ပြည်တွင်းပြည်ပ ရောင်းချနိုင်မည့် ကုန်ပစ္စည်းများ ခန့်မှန်းပမာဏ၊ ခန့်မှန်းတန်ဖိုးနှင့် ကာလအပိုင်းအခြား၊
(ဏ) စီးပွားရေး တွက်ခြေကိုက်မှုအခြေအနေ၊
(တ) သက်ဆိုင်ရာ တည်ဆဲဥပဒေပါ လိုက်နာဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲထားသော ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက်မည့် အစီအမံများ၊
(ထ) နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်သည့် ဖွဲ့စည်းပုံ၊
(ဒ) အစုစပ်လုပ်ငန်းဖွဲ့စည်းလိုပါက အစုစပ်လုပ်ငန်းစာချုပ်မူကြမ်း၊ အစုစပ်ဝင်တို့က ထည့်ဝင်မည့် အစုငွေအမျိုးအစား နှင့်ပမာဏ၊ အကျိုးအမြတ်ခွဲဝေမည့် အချိုးအစားနှင့် အစုစပ်ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊
(ဓ) လီမိတက်ကုမ္ပဏီပုံသဏ္ဌာန် ဖွဲ့စည်းလိုပါက ပဋိညာဉ်စာချုပ်မူကြမ်း၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း မူကြမ်းများ၊ ကုမ္ပဏီ၏ ခွင့်ပြုမတည်ငွေရင်း၊ အစုရှယ်ယာ အမျိုးအစားများ၊ အစုရှယ်ယာဝင်များက ထည့်ဝင်မည့် အစုရှယ်ယာ ပမာဏ၊
(န) ရင်းနှီးမြှုပ်နှံမည့် အဖွဲ့အစည်းကို စီမံခန့်ခွဲမည့်သူများ၏ အမည်၊ မည်သည့် နိုင်ငံသားဖြစ်ကြောင်း ဖော်ပြချက်၊ နေရပ်လိပ်စာနှင့် ရာထူး၊
(ပ) ရင်းနှီးမြှုပ်နှံမည့် အဖွဲ့အစည်း၏ စုစုပေါင်း မတည်ငွေရင်း၊ ပြည်တွင်းနှင့် ပြည်ပမှ ထည့်ဝင်မည့် မတည်ငွေရင်း အချိုးအစားနှင့် နိုင်ငံတော်သို့ ယူဆောင်လာမည့် နိုင်ငံခြား မတည်ငွေရင်းတို့နှင့်စပ်လျဉ်း၍ စုစုပေါင်းတန်ဖိုး၊ အမျိုးအစားအသီးသီး၏ တန်ဖိုးများနှင့် ယူဆောင်လာမည့် အချိန်ကာလ။

၃၂။ အဆိုပြုချက်နှင့်အတူ နိုင်ငံသား သို့မဟုတ် အစိုးရဌာန၊ အဖွဲ့အစည်းတို့နှင့် ချုပ်ဆိုမည့် မြေငှားရမ်းခြင်းဆိုင်ရာ ပဋိညာဉ် စာချုပ်မူကြမ်းနှင့် ဖက်စပ်လုပ်ငန်း သို့မဟုတ် နှစ်ဦးနှစ်ဖက် ပဋိညာဉ်စာချုပ် ချုပ်ဆိုဆောင်ရွက်မည့်လုပ်ငန်းနှင့် သက်ဆိုင်သည့် ပဋိညာဉ်စာချုပ် မူကြမ်းကို ပူးတွဲတင်ပြရမည်။

၃၃။ ကော်မရှင်က ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသည်ဟု သတ်မှတ်သည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်ရန် သတ်မှတ်ထားသောလုပ်ငန်းများအတွက် အဆိုပြုချက် တင်သွင်းရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းများ ပူးတွဲတင်ပြရမည်။

၃၄။ အဆိုပြုချက် တင်သွင်းရာတွင် သဘာဝအရင်းအမြစ်ကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများဥပဒေနှင့် အကျုံးဝင်သည့် ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါက ကော်မရှင်ရုံးသို့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှတစ်ဆင့် တင်သွင်းရမည်။

၃၅။ နည်းဥပဒေ ၃၄ ပါ အခြေအနေနှင့် သက်ဆိုင်ခြင်းမရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် အဆိုပြုချက်ကို ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူက ကော်မရှင်ရုံးသို့ တိုက်ရိုက်တင်သွင်းနိုင်သည်။

၃၆။ နည်းဥပဒေ ၃၅ အရ တင်သွင်းသော အဆိုပြုချက်ကို ရရှိသည့်အခါ ကော်မရှင်ရုံးသည် သတ်မှတ်သည့် အချက်အလက်များ ပြည့်စုံမှုရှိ၊ မရှိ စိစစ်၍ ပြည့်စုံပါက အဆိုပြုချက်ကို လက်ခံရမည်။ ပြည့်စုံမှုမရှိပါက လိုအပ်ချက်များကို ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူအား ရှင်းလင်းပြောကြားကာ ပြန်လည်ပြင်ဆင်ဖြည့်စွက် တင်သွင်းစေရမည်။

၃၇။ ပြည့်စုံသည့်အဆိုပြုချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် စိစစ်နိုင်ရေးအတွက် ကော်မရှင်သည် အောက်ပါဌာနများမှ အကြီးတန်းအရာရှိများပါဝင်သည့် အဆိုပြုချက် စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး စိစစ်စေရမည် -
(က) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊
(ခ) အကောက်ခွန်ဦးစီးဌာန၊
(ဂ) ပြည်တွင်းအခွန်များဦးစီးဌာန၊
(ဃ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊
(င) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှသက်ဆိုင်ရာဌာန၊
(စ) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊
(ဆ) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊
(ဇ) ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊
(ဈ) စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊
(ည) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။

၃၈။ နည်းဥပဒေ ၃၇ အရ ပဏာမစိစစ်ရာတွင် လိုအပ်ပါက လုပ်ငန်းသဘာဝအရ သက်ဆိုင်သည့် အစိုးရဌာနများ၊ အဖွဲ့အစည်းများမှ ဘာသာရပ် ကျွမ်းကျင်သူများကို ဖိတ်ကြား တက်ရောက်စေရမည်။

၃၉။ ညွှန်ကြားရေးမှူးချုပ်သည် အဆိုပြုချက် စိစစ်ရေးအဖွဲ့၏အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူရမည်။

၄၀။ အဆိုပြုချက် စိစစ်ရေးအဖွဲ့သည် ခုနစ်ရက်လျှင်တစ်ကြိမ် အစည်းအဝေး ကျင်းပ၍ အစည်းအဝေး မကျင်းပမီကာလအတွင်း လက်ခံရရှိထားသည့် အဆိုပြုချက်များကို စိစစ်ပြီး လက်ခံသင့်သည့် အဆိုပြုချက်များကို နည်းဥပဒေများနှင့်အညီ ဆက်လက်

စာမျက်နှာ ၈ သို့ ❖

❖ စာမျက်နှာ ၈ မှ

ဆောင်ရွက်ခွင့်ပြုရန် ကော်မရှင်သို့ တင်ပြရမည်။ ကော်မရှင်က ခွင့်ပြုလျှင် အဆိုပြုချက်ကို လက်ခံကြောင်းကိုသော်လည်းကောင်း၊ ငြင်းပယ်လျှင် မည်သည့်အကြောင်းကြောင့် ငြင်းပယ်ကြောင်းကိုသော်လည်းကောင်း ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူထံ စာဖြင့်ဖြစ်စေ၊ အခြားဆက်သွယ်ရေးနည်းစနစ် တစ်ခုခုဖြင့်ဖြစ်စေ ပြန်ကြားရမည်။

၄၁။ အဆိုပြုချက် စိစစ်ရေးအဖွဲ့သည် အစည်းအဝေးကျင်းပသည့်အခါ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ ကိုယ်တိုင်ကိုဖြစ်စေ၊ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက တာဝန်လွှဲအပ်သူကိုဖြစ်စေ တက်ရောက်စေရမည်။

အခန်း (၆)
အဆိုပြုချက်အပေါ် ဆက်လက်ဆောင်ရွက်ခြင်း

၄၂။ အဆိုပြုချက်ကို ကော်မရှင်က လက်ခံလျှင် ကော်မရှင်ရုံးသည် လုပ်ငန်းဆောင်ရွက်မည့် ဒေသအပေါ် မူတည်ကာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ အဆိုပြုချက်ပါ ရင်းနှီးမြှုပ်နှံမှုကို လက်ခံခွင့်ပြုနိုင်ခြင်းရှိ မရှိကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးဆောင်ရွက်မည့် အစီအမံများအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကိုလည်းကောင်း စိစစ်ပြန်ကြားပေးရန် သဘောထားတောင်းခံရမည်။

၄၃။ ကော်မရှင်ရုံး၏ သဘောထားတောင်းခံချက် ရရှိသည့်အခါ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လိုအပ်သည့် စိစစ်မှုများ ဆောင်ရွက်၍ အဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှုကို လက်ခံခွင့်ပြုနိုင်ခြင်းရှိ မရှိသဘောထားမှတ်ချက်ကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်တိုင် သို့မဟုတ် ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သူက လက်မှတ်ရေးထိုးကာ သဘောထားတောင်းခံစာ လက်ခံရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း အမြန်ဆုံး ပြန်ကြားနိုင်မည့် ဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့် ကော်မရှင်သို့ ပြန်ကြားရမည်။

၄၄။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုမရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဆောင်ရွက်မည့် အစီအမံများအပေါ် စိစစ်ချက်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သဘောထားတောင်းခံစာ လက်ခံရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း သဘောထားမှတ်ချက်ကို ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးမှ တာဝန်ပေးအပ်သူက လက်မှတ်ရေးထိုးကာ အမြန်ဆုံး ပြန်ကြားနိုင်မည့် ဆက်သွယ်ရေးနည်းလမ်း တစ်ခုခုဖြင့် ကော်မရှင်သို့ ပြန်ကြားရမည်။

၄၅။ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းသဘာဝအရသော်လည်းကောင်း၊ လိုအပ်ချက်အရသော်လည်းကောင်း ကော်မရှင်က သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ သဘောထားမှတ်ချက် သို့မဟုတ် အကြံပြုချက် တောင်းခံသည့်အခါ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသည် စာလက်ခံရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကော်မရှင်သို့ ပြန်ကြားရမည်။ ဤသို့ ပြန်ကြားနိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးတွင် အနိမ့်ဆုံးအဆင့် ညွှန်ကြားရေးမှူး သို့မဟုတ် ညွှန်ကြားရေးမှူးနှင့်အဆင့်တူ အရာထမ်းတစ်ဦး ခေါင်းဆောင်သည့် ရင်းနှီးမြှုပ်နှံမှု စိစစ်ပြန်ကြားရေးအဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ မိမိဌာန၏ မူဝါဒများကို ယင်းအဖွဲ့အား ချမှတ်ပေးထားရမည်။ ယင်းအဖွဲ့ ဖွဲ့စည်း တာဝန်ပေးအပ်ထားမှု အခြေအနေကို ကော်မရှင်သို့ ပေးပို့ထားရမည့်အပြင် အဖွဲ့ဝင်ပြောင်းလဲမှုရှိတိုင်း ကော်မရှင်သို့အသိပေးအကြောင်းကြားရမည်။ ယင်းအဖွဲ့သည် ကော်မရှင်ကဖြစ်စေ၊ ကော်မရှင်ရုံးကဖြစ်စေ ကျင်းပသည့် အစည်းအဝေးများသို့ တက်ရောက်ရန် အခါအားလျော်စွာ ဖိတ်ကြားသည့်အခါ သက်ဆိုင်ရာ ဝန်ကြီးဌာနကို ကိုယ်စားပြု၍ တက်ရောက်ရမည်။

၄၆။ ကော်မရှင်ရုံးသည် သက်ဆိုင်ရာ သဘောထားမှတ်ချက်နှင့် စိစစ်ချက်များ ရရှိသည့်အခါ အနီးဆုံးကျင်းပမည့် ကော်မရှင် အစည်းအဝေးသို့ အဆိုပြုချက်ကို တင်ပြရမည်။

အခန်း (၇)
အဆိုပြုချက်ကို စိစစ်ခြင်း

၄၇။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အဆိုပြုချက်သည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၄ ပါ အခြေခံမူများနှင့် ကိုက်ညီမှုရှိ မရှိ စိစစ်ခြင်း၊

(ခ) ငွေကြေးယုံကြည်စိတ်ချရမှုအတွက်အောက်ပါအချက်များကို တောင်းယူ၍စိစစ်ခြင်း -

(၁) ဘဏ်ငွေစာရင်းရှင်းတမ်း၊

(၂) ကုမ္ပဏီ၏ နောက်ဆုံးစာရင်းစစ် အစီရင်ခံစာ၊

(၃) ကုမ္ပဏီ၏ လုပ်ငန်းအခြေအနေ အစီရင်ခံစာ။

(ဂ) လုပ်ငန်း၏ စီးပွားရေးတွက်ခြေကိုက်မှုကို အောက်ပါအချက်များအား အခြေခံကာ စိစစ်ခြင်း -

(၁) နှစ်စဉ်ရရှိမည့် ခန့်မှန်းခြေ အသားတင်အမြတ်ငွေ၊

(၂) နှစ်စဉ်ရရှိမည့် ခန့်မှန်းခြေ နိုင်ငံခြားသုံးငွေနှင့် နှစ်စဉ်သုံးစွဲမည့် ခန့်မှန်းခြေ နိုင်ငံခြားသုံးငွေ၊

(၃) အရင်းကျေကာလ၊

(၄) အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာမည့် အခြေအနေ၊

(၅) အမျိုးသားဝင်ငွေ တိုးတက်ရရှိနိုင်မည့် အခြေအနေ၊

(၆) ပြည်တွင်းနှင့်ပြည်ပ ဈေးကွက်အခြေအနေ၊

(၇) ပြည်တွင်းစားသုံးရန် လိုအပ်ချက် အခြေအနေ။

(ဃ) စက်မှုနည်းပညာ ဆီလျော်မှုရှိ မရှိ ကျွမ်းကျင်သူများအား တာဝန်ပေးစိစစ်စေခြင်း၊

(င) ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ထိန်းသိမ်းကာကွယ်ရေးဆောင်ရွက်မည့် အစီအမံများအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သဘောထားရယူ စိစစ်ခြင်း၊

(စ) နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် တာဝန်ယူမှုရှိသော၊ လူမှုစီးပွား အကျိုးသက်ရောက်မှုကို အလေးအနက်ထားသော ရင်းနှီးမြှုပ်နှံမှုဟုတ် မဟုတ် စိစစ်ခြင်း၊

(ဆ) အဆိုပြုချက်သည် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းရှိ မရှိ စိစစ်ခြင်း။

အခန်း (၈)
ခွင့်ပြုမိန့်ထုတ်ပေးခြင်း

၄၈။ ကော်မရှင်သည် အဆိုပြုချက်ကို စိစစ်ပြီးနောက် သဘောတူလက်ခံလျှင် ယင်းအဆိုပြုချက်လက်ခံသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ခွင့်ပြုမိန့်ပုံစံ(၂)ကို ထုတ်ပေးရမည်။ ခွင့်ပြုမိန့် မိတ္တူကို လုပ်ငန်းဆက်စပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနများသို့ လည်း ပေးပို့ရမည်။

အခန်း (၉)
ခွင့်ပြုမိန့် ရရှိပြီးနောက် ဆက်လက်ဆောင်ရွက်ခြင်း

၄၉။ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ရရှိပြီးသည့်အခါ သတ်မှတ်သည့် တည်ဆောက်မှုကာလ သို့မဟုတ် ကာလကို ထပ်မံတိုးမြှင့်ခွင့် ရရှိပါက ယင်းသို့ တိုးမြှင့်ရရှိသည့် ကာလအတွင်း တည်ဆောက်မှု လုပ်ငန်းများကို ပြီးစီးစေရန် ဆောင်ရွက်ရမည်။ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးသည့်အခါ လုပ်ငန်းပြီးစီးကြောင်း လုပ်ငန်းပြီးစီးသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကော်မရှင်သို့ တင်ပြရမည်။

၅၀။ ရင်းနှီးမြှုပ်နှံသူသည် တည်ဆောက်မှုကာလ ပြီးဆုံးသည်နှင့် ကုန်ထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများကို စတင် ဆောင်ရွက်ရမည်။

၅၁။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း မိမိလုပ်ငန်း၏ လုပ်ငန်းအစီရင်ခံစာ ပုံစံ(၃)ကို သုံးလလျှင် တစ်ကြိမ် စာဖြင့်ဖြစ်စေ၊ အခြားဆက်သွယ်ရေးနည်းစနစ် တစ်ခုခုဖြင့်ဖြစ်စေ ကော်မရှင်သို့ မပျက်မကွက် ပေးပို့တင်ပြရမည်။

၅၂။ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း နည်းဥပဒေ ၁၂၁ ပါ အခြေအနေ တစ်ရပ်ရပ် ကြုံတွေ့လျှင် စတင်တွေ့ရှိချိန်မှ ၂၄ နာရီအတွင်း အမြန်ဆုံးဆက်သွယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းတစ်ခုခုဖြင့် ကော်မရှင်သို့ သတင်းပေးပို့ အစီရင်ခံရမည်။

၅၃။ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏လုပ်ငန်းသည် လုပ်ငန်းသဘာဝအရ ဖြစ်စေ၊ အခြားလိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင် ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၅၄။ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် -

(က) မိမိလုပ်ငန်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ခ) မိမိ၏လုပ်ငန်းအား နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် တာဝန်ယူမှု ရှိသောရင်းနှီးမြှုပ်နှံမှု ဖြစ်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) မိမိ၏ လုပ်ငန်းအား တာဝန်ရှိသူများက အခါအားလျော်စွာဖြစ်စေ၊ လိုအပ်ချက်အရဖြစ်စေ စစ်ဆေးခြင်းကို လက်ခံ၍ ပူးပေါင်းဆောင်ရွက်ရမည်။

(ဃ) မိမိလုပ်ငန်း၏ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံ တည်ဆောက်ခြင်းနှင့် အခြားလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းမှန်ကန်ရေးအတွက်လည်းကောင်း ဆောင်ရွက်မည့်လုပ်ငန်းနှင့် သဟဇာတဖြစ်စေရေးအတွက်လည်းကောင်း အလေးအနက်ထား ဆောင်ရွက်ရမည်။

(င) မိမိ၏ လုပ်ငန်းတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အစီအစဉ်များကိုလည်းကောင်း ဆောင်ရွက်ထားရှိရမည်။

(စ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများ၊ အဆိပ်အတောက်ဖြစ်စေသော ကုန်ပစ္စည်းများနှင့် အခြားအလားတူ ကုန်ပစ္စည်းများသယ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် အသုံးပြုခြင်းတို့ စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဆ) မိမိထုတ်ကုန်များသည်အရည်အသွေးအရဖြစ်စေ၊ စံချိန်စံညွှန်းအရဖြစ်စေ စားသုံးသူများ ထိခိုက်နစ်နာမှု မရှိအောင် ဆောင်ရွက်ရမည်။

၅၅။ ဓာတ်သတ္တု ရှာဖွေခြင်းအတွက် ခွင့်ပြုမိန့် ထုတ်ပေးခြင်းသည် စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း လုပ်ငန်း တစ်ရပ်ရပ်နှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိစေရ၊ ရင်းနှီးမြှုပ်နှံသူသည် ဓာတ်သတ္တုရှာဖွေခြင်းလုပ်ငန်း ပြီးဆုံးပြီးသည့်အခါ စမ်းသပ် တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် ခွင့်ပြုမိန့် ရရှိရေးအတွက် သတ္တုတွင်းဝန်ကြီး ဌာနမှတစ်ဆင့် ကော်မရှင်သို့ ထပ်မံတင်ပြရမည်။

အခန်း (၁၀)
တည်ဆောက်မှုကာလ သတ်မှတ်ခြင်း

၅၆။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့် ရရှိပြီးသည့်အခါ ခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့ရက်မှစ၍ သတ်မှတ်ထားသည့် တည်ဆောက်မှု ကာလအတွင်း မိမိ၏ တည်ဆောက်ရေးလုပ်ငန်းများကို ပြီးပြတ်စေရန် ဆောင်ရွက်ရမည်။

၅၇။ ရင်းနှီးမြှုပ်နှံသူသည် သတ်မှတ်ထားသည့် တည်ဆောက်မှုကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်ရေး လုပ်ငန်းများ ပြီးပြတ်ခြင်း မရှိပါက နှောင့်နှေးကြန့်ကြာရသည့် အကြောင်းရင်းကို ဖော်ပြ၍ တည်ဆောက်မှုကာလ တိုးမြှင့်ပေးရန် မူလသတ်မှတ်ထားသည့် တည်ဆောက်မှုကာလမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ ကော်မရှင်သို့ လျှောက်ထားရမည်။

၅၈။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက တည်ဆောက်မှုကာလ တိုးမြှင့်ပေးရန် တင်ပြလျှင် လိုအပ်သည့် စိစစ်မှုများ ဆောင်ရွက်၍ တည်ဆောက်မှုကာလ တိုးမြှင့်ပေးသင့်ကြောင်း ခိုင်လုံသည့် အခြေအနေရှိပါက မူလခွင့်ပြုခဲ့သည့် တည်ဆောက်မှုကာလ၏ ၅၀ ရာခိုင်နှုန်းထက် မပိုသော ကာလအထိ တိုးမြှင့်ပေးနိုင်သည်။

၅၉။ သဘာဝဘေးဒဏ် ကျရောက်ခြင်း၊ မငြိမ်သက်မှုဖြစ်ပွားခြင်း၊ အဓိကရုဏ်းဖြစ်ပေါ်ခြင်း၊ ဆန္ဒပြမှုပေါ်ပေါက်ခြင်း၊ နိုင်ငံတော် အရေးပေါ်အခြေအနေဖြစ်ပွားခြင်း၊ လက်နက်ကိုင်ဆန့်ကျင်မှု ဖြစ်ပေါ်ခြင်း၊ ဆူပူသောင်းကျန်းမှုပေါ်ပေါက်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်း စသည့် မလွန်ဆန်နိုင်သော အကြောင်းကိစ္စများ ဖြစ်ပေါ်ခြင်းကြောင့်မှတစ်ပါး တည်ဆောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်းကို တစ်ကြိမ်ထက် ပိုမို၍ ခွင့်မပြုရ။

၆၀။ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုလုပ်ငန်းများတွင် လေ့လာတိုင်းတာ စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်းနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်းရှိသည့်အဆင့်သို့ ရောက်ရှိစေရန် ဆောင်ရွက်ခြင်း လုပ်ငန်းများအတွက် ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ချုပ်ဆိုထားသည့် စာချုပ်ပါ စည်းကမ်းအတိုင်း တည်ဆောက်မှုကာလသတ်မှတ်ရမည်။

၆၁။ မူလခွင့်ပြုသည့် တည်ဆောက်မှုကာလ သို့မဟုတ် ထပ်မံတိုးမြှင့်သည့် တည်ဆောက်မှု ကာလအတွင်း တည်ဆောက်မှု လုပ်ငန်းပြီးပြတ်ခြင်း မရှိလျှင် ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းရမည်။ ယင်းသို့ ပြန်လည်ရုပ်သိမ်းခြင်းကြောင့် နစ်နာကြေးဖြစ်စေ၊ လျော်ကြေးဖြစ်စေ၊ အခြားငွေကြေး တစ်ရပ်ရပ်ဖြစ်စေ ရင်းနှီးမြှုပ်နှံသူအား ပြန်လည်ထုတ်ပေးခြင်းပြုရန်မလို။

အခန်း (၁၁)
ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်း၊ လုပ်ငန်းလွှဲပြောင်းခြင်း

၆၂။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော မြေနှင့် အဆောက်အအုံများကို ခွင့်ပြု သက်တမ်းကာလ အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားပြောင်းလဲခြင်း မရှိဘဲ မြေအသုံးပြုခွင့်ရသူ သို့မဟုတ် မြေငှားရမ်းခွင့်ရှိသူ၏ သဘော တူညီချက်ဖြင့် အခြားပုဂ္ဂိုလ် တစ်ဦးဦးအား တစ်ဆင့် ငှားရမ်းခြင်း ပြုလိုပါက ငှားရမ်းခြင်း ပုံစံ(၄) ဖြင့်လည်းကောင်း၊ ပေါင်နှံခြင်း ပြုလိုပါက ပေါင်နှံခြင်းပုံစံ(၅) ဖြင့် လည်းကောင်း ကော်မရှင်ရုံးသို့တင်ပြ လျှောက်ထားပြီး ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်ရမည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဖြစ်ပါက ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက် ပူးတွဲတင်ပြရမည်။

၆၃။ နည်းဥပဒေ ၆၂ အရ သတ်မှတ်ပုံစံဖြင့် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ ကော်မရှင်ရုံးသည် အောက်ပါအချက်များကို စိစစ်ရမည် -

(က) ငှားရမ်းခြင်း သို့မဟုတ် ပေါင်နှံခြင်း ဆောင်ရွက်လိုသည့် အကြောင်းရင်း မှန်ကန်မှု ရှိ မရှိ၊

(ခ) ငှားရမ်းခြင်း သို့မဟုတ် ပေါင်နှံခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်းရှိ မရှိ၊

(ဂ) ငှားရမ်းခြင်း သို့မဟုတ် ပေါင်နှံခြင်းကို လက်ခံဆောင်ရွက်မည့်သူသည် လုပ်ငန်းအား အောင်မြင်စွာ ဆက်လက် လုပ်ဆောင်သွားနိုင်မည့် အခြေအနေ ရှိ မရှိ။

၆၄။ ကော်မရှင်ရုံးသည် စိစစ်တွေ့ရှိချက်အရ ငှားရမ်းခြင်း သို့မဟုတ် ပေါင်နှံခြင်းကို ခွင့်ပြုသင့်သည်ဟု ယူဆပါက အနီးကပ်ဆုံး ကျင်းပသည့် ကော်မရှင်အစည်းအဝေးသို့တင်ပြ၍ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၆၅။ အစုရှယ်ယာအားလုံးကို နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံသားတစ်ဦးဦးသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချလိုပါက လွှဲပြောင်းရောင်းချခြင်းပုံစံ(၆)ပါအတိုင်း ဖြည့်စွက်၍ ကော်မရှင်ရုံးသို့ လျှောက်ထားရမည်။ ဤသို့ လျှောက်ထားရာတွင် အစုရှယ်ယာ လွှဲပြောင်း ရောင်းချသူသည် အစုရှယ်ယာရောင်းချခြင်းအတွက် အခွန်ဆိုင်ရာ စိစစ်ဆောင်ရွက်မှု ခံယူပြီးကြောင်း သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံး၏ ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွင် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် ပူးတွဲတင်ပြရမည်။

၆၆။ နည်းဥပဒေ ၆၅ အရ သတ်မှတ် ပုံစံဖြင့် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ ကော်မရှင်ရုံးသည် အောက်ပါ အချက်များကို စိစစ်ရမည်-

(က) အစုရှယ်ယာအားလုံးကို လွှဲပြောင်းရောင်းချလိုသည့် အကြောင်းရင်း မှန်ကန်မှု ရှိ မရှိ၊

(ခ) အစုရှယ်ယာအားလုံးကို လွှဲပြောင်းရောင်းချခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိခိုက် နိုင်ခြင်း ရှိ မရှိ၊

(ဂ) အစုရှယ်ယာအားလုံးကို လွှဲပြောင်းရောင်းချခြင်းကို လက်ခံဆောင်ရွက်မည့်သူသည် လုပ်ငန်းအား အောင်မြင်စွာ ဆက်လက် လုပ်ဆောင်သွားနိုင်မည့် အခြေအနေ ရှိ မရှိ။

၆၇။ ကော်မရှင်ရုံးသည် စိစစ်တွေ့ရှိချက်အရ အစုရှယ်ယာအားလုံး လွှဲပြောင်းရောင်းချခြင်းကို ခွင့်ပြုသင့်သည်ဟု ယူဆပါက အနီးကပ်ဆုံး ကျင်းပမည့် ကော်မရှင်အစည်းအဝေးသို့ တင်ပြ၍ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၆၈။ ခွင့်ပြုချက်ရရှိပြီး အစုရှယ်ယာအားလုံး လွှဲပြောင်းရောင်းချသူသည် မိမိလက်ဝယ်ရှိ ကော်မရှင်၏ ခွင့်ပြုမိန့်ကို ကော်မရှင်ရုံးသို့ ပြန်လည်အပ်နှံရမည်။

၆၉။ အစုရှယ်ယာအားလုံးကို လက်ခံဝယ်ယူသူသည် နိုင်ငံခြားသားဖြစ်ပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တွင် တည်ဆဲကုမ္ပဏီဥပဒေနှင့်အညီ နိုင်ငံခြားကုမ္ပဏီအဖြစ် ဖွဲ့စည်း တည်ထောင်ခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့် လျှောက်ထားနိုင်သည် သို့မဟုတ် အစုရှယ်ယာ ရောင်းချသူက သဘောတူညီလျှင် လက်ရှိကုမ္ပဏီ၏ အမည်ကို ဆက်လက်အသုံးပြုနိုင်သည်။

၇၀။ အစုရှယ်ယာအားလုံးကို လက်ခံဝယ်ယူသူသည် နိုင်ငံသားဖြစ်ပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ကော်မရှင်သို့ ခွင့်ပြုမိန့် လျှောက်ထားရမည်။ ကော်မရှင်၏ ခွင့်ပြုမိန့် ရရှိသည့်အခါ တည်ဆဲကုမ္ပဏီဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် မြန်မာနိုင်ငံသား ကုမ္ပဏီအဖြစ် မှတ်ပုံတင်ရမည်။

၇၁။ ခွင့်ပြုမိန့်အသစ် ထုတ်ပေးရာတွင် မူလရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း ၁၂ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊ ပုဒ်မ ၂၇ အရ ခွင့်ပြုထားသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားရန် ကျန်ရှိနေပါက ယင်းကျန်ရှိသည့်ကာလအတွက် ဝယ်ယူသူက ဆက်လက် ခံစားခွင့်ရှိသည်။ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် ခံစားနိုင်သည့် ကာလကျော်လွန်ပြီး ဖြစ်ပါက ခွင့်ပြုမိန့် အသစ် ထုတ်ပေးခြင်းကြောင့် အဆိုပါ အခွင့်အရေးများအား ထပ်မံခံစားခွင့် မရှိစေရ။

၇၂။ အစုရှယ်ယာအချို့ကို နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံသားတစ်ဦးဦးသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချလိုပါက လွှဲပြောင်း ရောင်းချခြင်း ပုံစံ (၇) ပါအတိုင်း ဖြည့်စွက်၍ ကော်မရှင်သို့ လျှောက်ထားရမည်။

၇၃။ နည်းဥပဒေ ၇၂ အရ သတ်မှတ်ပုံစံဖြင့် လျှောက်ထားချက် လက်ခံရရှိသည့်အခါ ကော်မရှင်ရုံးသည် အောက်ပါအချက်များကို စိစစ်ရမည်-

(က) အစုရှယ်ယာအချို့ကို လွှဲပြောင်းရောင်းချလိုသည့် အကြောင်းရင်း မှန်ကန်မှုရှိ မရှိ၊

(ခ) အစုရှယ်ယာအချို့ကို လွှဲပြောင်းရောင်းချခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်းရှိ မရှိ၊

(ဂ) အစုရှယ်ယာအချို့ကို လွှဲပြောင်းရောင်းချခြင်းကို လက်ခံဆောင်ရွက်မည့်သူသည် လုပ်ငန်းအား အောင်မြင်စွာ ဆက်လက်လုပ်ဆောင်သွားနိုင်မည့် အခြေအနေ ရှိ မရှိ။

၇၄။ ကော်မရှင်ရုံးသည် စိစစ်တွေ့ရှိချက်အရ အစုရှယ်ယာအချို့ လွှဲပြောင်းရောင်းချခြင်းကို ခွင့်ပြုသင့်သည်ဟု ယူဆပါက အနီးကပ်ဆုံး ကျင်းပမည့် ကော်မရှင် အစည်းအဝေးသို့ တင်ပြ၍ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၇၅။ ခွင့်ပြုချက်ရရှိပါက အစုရှယ်ယာလွှဲပြောင်းမှုကို တည်ဆဲကုမ္ပဏီဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ ကော်မရှင်၏ ခွင့်ပြုမိန့်နှင့်အတူ ပူးတွဲလျှောက်ထား မှတ်ပုံတင်ရမည်။

၇၆။ နည်းဥပဒေ ၆၃၊ ၆၆ နှင့် ၇၃ ပါ စိစစ်ချက်များကို ဆောင်ရွက်ရာတွင် ကော်မရှင်ရုံးသည် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ ပါဝင်သည့် စိစစ်ရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းခွင့်ရှိသည်။

အခန်း (၁၂)
အာမခံထားရှိခြင်း

၇၇။ ခွင့်ပြုမိန့် ရရှိထားသည့် စီးပွားရေးလုပ်ငန်းသည် အောက်ပါအာမခံ အမျိုးအစားများကို နိုင်ငံတော်အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်း တစ်ခုခုတွင် အာမခံထားရှိရမည် -

(က) စက်ပစ္စည်းအာမခံ၊

(ခ) မီးအာမခံ၊

(ဂ) ရေကြောင်းအာမခံ၊

(ဃ) ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊

(င) သဘာဝဘေးအန္တရာယ်အာမခံ၊

(စ) အသက်အာမခံ။

၇၈။ နည်းဥပဒေ ၇၇ ပါ အာမခံ အမျိုးအစားများ အပါအဝင် လုပ်ငန်းအမျိုးအစားအလိုက် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် အခြားအာမခံများကိုလည်း အာမခံထားရှိရမည်။

အခန်း (၁၃)
အမှုထမ်းများနှင့် အလုပ်သမားများ ခန့်ထားခြင်း

၇၉။ ရင်းနှီးမြှုပ်နှံသူသည် အဆိုပြုချက် တင်သွင်းသည့်အခါ ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများအတွက် ခန့်ထားမည့် ကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများ အရေအတွက်ကို လည်းကောင်း၊ ကျွမ်းကျင်မှု မလိုသည့် လုပ်သားအရေအတွက်ကိုလည်းကောင်း ထည့်သွင်းဖော်ပြရမည်။

၈၀။ လုပ်ငန်းကို စီးပွားဖြစ် စတင်လည်ပတ် ဆောင်ရွက်ချိန်တွင် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများအတွက် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၁၁ ပုဒ်မ ၂၄ နှင့်အညီ ခန့်ထားရမည်။

စာမျက်နှာ ဆ သို့ ❀

❁ စာမျက်နှာ ၈ မှ

ယင်းသို့ ခန့်ထားရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့် ကြော်ငြာစာနှင့် ညွှန်ကြားချက် ထုတ်ပြန်သတ်မှတ်သည့် အနိမ့်ဆုံး လုပ်ခနှုန်းထားအောက် လျော့နည်းခြင်း မရှိစေရ။

၈၁။ ရင်းနှီးမြှုပ်နှံသူသည် အမှုထမ်းများ၊ အလုပ်သမားများ ခန့်ထားရာတွင် တည်ဆဲအလုပ်သမားရေးရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၈၂။ ရင်းနှီးမြှုပ်နှံသူသည် မြန်မာနိုင်ငံသား အမှုထမ်းများ၊ အလုပ်သမားများအား ဖြစ်စေ၊ နိုင်ငံခြားသား အမှုထမ်းများ၊ အလုပ်သမားများအားဖြစ်စေ အလုပ်ခန့်အပ်ပါက ယင်းသို့ ခန့်အပ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုရမည်။

၈၃။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသားဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့နှင့် စပ်လျဉ်း၍ နှစ်အလိုက်ဆောင်ရွက်မည့် အစီအစဉ်များကို နှစ်စဉ် ဇန်နဝါရီလ ၃၁ ရက်မတိုင်မီ ကော်မရှင်ရုံးသို့ ပေးပို့တင်ပြရမည်။

၈၄။ ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွင် အလုပ်လုပ်ကိုင်သည့် နိုင်ငံခြားသား အမှုထမ်းများ၊ အလုပ်သမားများအတွက် အလုပ်လုပ်ခွင့် လက်မှတ်ကို ကော်မရှင်၏ ထောက်ခံချက်အရ နိုင်ငံခြားသား အလုပ်သမားဆိုင်ရာ ဥပဒေနှင့်အညီ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသို့ **အလုပ်လုပ်ကိုင်ခွင့်ပုံစံ(၈)**ဖြင့် လျှောက်ထားရမည်။ ပြည်တွင်းနေထိုင်ခွင့် လက်မှတ်ကို **ပြည်တွင်းနေထိုင်ခွင့်ပုံစံ(၉)** ဖြင့် ကော်မရှင်ရုံးသို့ လျှောက်ထားရမည်။

၈၅။ ကော်မရှင်ရုံးသည် နည်းဥပဒေ ၈၄ အရ လျှောက်ထားချက်ကို ရရှိသည့်အခါ ကော်မရှင်ရုံးတွင် ပူးတွဲဖွဲ့စည်းထားသည့် ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့တွင် ပါရှိသည့် သက်ဆိုင်ရာဌာနကိုယ်စားလှယ်အား စိစစ်စေ၍ ခွင့်ပြုချက်ကို ထုတ်ပေးရမည်။

၈၆။ ရင်းနှီးမြှုပ်နှံသူသည် လူမှုဖူလုံရေးဥပဒေနှင့် သက်ဆိုင်သော လုပ်ငန်းဌာနများနှင့် ဆက်စပ်လုပ်ငန်းဌာနများတွင် မြန်မာကျပ်ငွေရယူ၍ဖြစ်စေ၊ နိုင်ငံခြားငွေရယူ၍ဖြစ်စေ အလုပ်လုပ်ကိုင်သူအားလုံးကို လူမှုဖူလုံရေးဥပဒေပါ ခံစားခွင့်များရရှိစေရေးအတွက် လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားရှိရမည်။

၈၇။ ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းစတင်လုပ်ကိုင်ပြီး ၁၅ ရက်အတွင်း သက်ဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားရှိရန်နှင့် ယင်းသို့ အကျုံးဝင်မှတ်တမ်းထားရှိပြီးကြောင်း လူမှုဖူလုံရေးအဖွဲ့မှ ထုတ်ပေးသည့် အလုပ်ဌာနမှတ်ပုံတင်ကတ်ပြား မိတ္တူပူးတွဲလျက် ကော်မရှင်ရုံးသို့ တင်ပြရမည်။

၈၈။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်လုပ်ကိုင်နိုင်ရန် လူမှုဖူလုံရေးအဖွဲ့တွင် ထည့်ဝင်ကြေး ကြွေးကျန်မရှိကြောင်း သက်ဆိုင်ရာ လူမှုဖူလုံရေးရုံး၏ထောက်ခံချက်အား ခြောက်လတစ်ကြိမ် ကော်မရှင်ရုံးသို့ တင်ပြရမည်။

၈၉။ ရင်းနှီးမြှုပ်နှံသူသည် စာချုပ်သက်တမ်းကုန်ဆုံး၍ ရပိုင်ခွင့်များ ပြန်လည်မထုတ်ပေးမီ လူမှုဖူလုံရေးအဖွဲ့တွင် ကြွေးကျန်များ အားလုံးကင်းရှင်းကြောင်း သက်ဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့၏ ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၉၀။ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင် အဖွဲ့အစည်းများနှင့်အလုပ်သမား သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုအား အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေအရ ဖြေရှင်းရမည်။

၉၁။ ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းနှင့် သက်ဆိုင်သည့် နိုင်ငံခြားသားများ ဝင်ရောက်နေထိုင်ခွင့်နှင့် စပ်လျဉ်း၍ တည်ဆဲလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားစာ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

အခန်း (၁၄)

ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ

၉၂။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၁၂၊ ပုဒ်မ ၂၇ (ခ) မှ (ဠ)ပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားခွင့်ရရှိရေးအတွက် မိမိခံစားလိုသည့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ခံစားခွင့်ပြုရန် ကော်မရှင်သို့ **အခွန်အကောက်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပုံစံ(၁၀)** ဖြင့် တင်ပြလျှောက်ထားခွင့်ရှိသည်။

၉၃။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူက နည်းဥပဒေ ၉၂ အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ လျှောက်ထားလာလျှင် ကော်မရှင်သည် လိုအပ်သလို စိစစ်ခွင့်ပြုနိုင်သည်။ ယင်းသို့ စိစစ်ရာတွင် လိုအပ်သည့် အထောက်အထား၊ စာရွက်စာတမ်းများကို ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူထံမှဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှဖြစ်စေ၊ အခြားသက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းထံမှဖြစ်စေ တောင်းယူစိစစ်နိုင်သည်။

၉၄။ ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု စီးပွားဖြစ် စတင်လုပ်ကိုင်သော နေ့ရက်ကို အောက်ပါအတိုင်း သတ်မှတ်သည် -

(က) ပြည်ပသို့ တင်ပို့သည့် ကုန်ထုတ်လုပ်ငန်းအတွက် သင်္ဘောတင် စာရွက်စာတမ်း သို့မဟုတ် လေကြောင်း ကုန်ပို့လွှာနှင့် အလားတူ နိုင်ငံတကာကုန်သွယ်မှုတွင် ကျင့်သုံးသည့် အထောက်အထား စာရွက်စာတမ်းများတွင် ဖော်ပြသည့် နေ့ရက်၊ ယင်းရက်သည် တည်ဆောက်မှုကာလ ကုန်ဆုံးသည့် နေ့ရက်မှ ရက်ပေါင်း ၁၈၀ ထက် မကျော်လွန်စေရ။

(ခ) ပြည်တွင်းရောင်းချသည့် ကုန်ထုတ်လုပ်ငန်းအတွက် ပထမဆုံးဝင်ငွေ စတင်ရရှိသည့် နေ့ရက်၊ ယင်းရက်သည် တည်ဆောက်မှုကာလ ကုန်ဆုံးသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ ထက် မကျော်လွန်စေရ။

(ဂ) ဝန်ဆောင်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်ဖွင့်လှစ်သည့် နေ့ရက်၊ ယင်းရက်သည် တည်ဆောက်မှုကာလ ကုန်ဆုံးသည့် နေ့ရက်မှရက်ပေါင်း ၉၀ ထက် မကျော်လွန်စေရ။

၉၅။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် နည်းဥပဒေ ၉၄ နှင့်အညီ မိမိ၏ ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းစီးပွားဖြစ် စတင်လုပ်ကိုင်သောနေ့ကို ကော်မရှင်သို့ စီးပွားဖြစ် စတင်လုပ်ကိုင်သော **အစီရင်ခံခြင်းပုံစံ(၁၁)** ဖြင့် တင်ပြလျှောက်ထားရမည်။

၉၆။ ကော်မရှင်သည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို ခံစားခွင့်ပြုရာတွင် ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ တင်ပြလျှောက်ထားချက်အပေါ် အခြေခံ၍ စိစစ်ပြီး စီးပွားဖြစ် စတင်လုပ်ကိုင်သော နေ့ရက်ကို သတ်မှတ် ခွင့်ပြုနိုင်သည်။ ထိုသို့ ခံစားခွင့်ပြုသည့်အခါ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အမျိုးအစားနှင့် ခံစားခွင့်ကာလကို သတ်မှတ်ဖော်ပြရမည်။ ထိုသို့ ခွင့်ပြုခြင်းကို ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများသို့ အကြောင်းကြားရမည်။

အခန်း (၁၅)

မြေအသုံးပြုခွင့်

၉၇။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား ကော်မရှင်က ခွင့်ပြုသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန်အလို့ငှာ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူထံမှ အောက်ပါမြေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် ငှားရမ်းရန် ခွင့်ပြုနိုင်သည် -

(က) အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင်မြေ၊

(ဂ) နိုင်ငံသားပိုင် ပုဂ္ဂလိကမြေ။

၉၈။ မြေလွတ်မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် ယင်းနှင့်ဆက်နွှယ်လျက်ရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လိုသည့် ရင်းနှီးမြှုပ်နှံသူသည် မိမိငှားရမ်းလိုသည့်မြေကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့်အညီ ငှားရမ်းဆောင်ရွက်နိုင်သည်။

၉၉။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား အမှန်လိုအပ်သည့် မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့် ကာလကို စီးပွားရေးလုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏအပေါ် မူတည်၍ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူထံမှ ကနဦး နှစ် ၅၀ အထိ ငှားရမ်း ခွင့်ပြုနိုင်သည်။

၁၀၀။ ကော်မရှင်သည် နည်းဥပဒေ ၉၉ အရ ရင်းနှီးမြှုပ်နှံသူအား မြေငှားရမ်းခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ရင်းနှီးမြှုပ်နှံသူက ဆက်လက်လုပ်ကိုင်လိုသည့်အခါ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူမှ သဘောတူညီချက်ရရှိလျှင် ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ သက်တမ်းတိုးခွင့်ကို ၁၀ နှစ်အထိ တစ်ဆက်တည်း နှစ်ကြိမ် တိုးမြှင့်ရန် ခွင့်ပြုနိုင်သည်။

၁၀၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ လျှောက်ထားရမည်။ ဤသို့ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံသူအား မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ငှားရမ်းခွင့်ကာလ သို့မဟုတ် အသုံးပြုခွင့်ကာလကို အဆိုပါ ဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှု ပမာဏအပေါ်မူတည်၍ ကနဦး နှစ် ၃၀အထိ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်လိုသောလုပ်ငန်းအတွက် လုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏအပေါ်မူတည်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ ထပ်မံခွင့်ပြုနိုင်သည်။

၁၀၂။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသားများ လုပ်ကိုင်ခွင့်ရရှိထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို နည်းပညာနှင့်အရင်းအနှီး သင့်လျော်ရာအချိုးဖြင့် နိုင်ငံသားနှင့်ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၁၀၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိသူသည် ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအတွက် အာမခံကြေးငွေကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေများပါအတိုင်း ပေးသွင်းရမည်။

၁၀၄။ မြေငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူသည် ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ခွင့်ရှိသည်။

၁၀၅။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသားများ လုပ်ကိုင်ခွင့်ရရှိထားသည့် လယ်ယာမြေများတွင် လယ်ယာသီးနှံ စိုက်ပျိုးထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် သီးနှံရာသီအလိုက် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ကန်ထရိုက်လယ်ယာစနစ်ကို နိုင်ငံသား ရင်းနှီးမြှုပ်နှံသူနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ရှိသည်။

၁၀၆။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသားများ လုပ်ကိုင်ခွင့် ရရှိထားသော မြေယာများတွင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေး လုပ်ငန်းများကို နည်းပညာနှင့် အရင်းအနှီးသင့်လျော်ရာ အချိုးဖြင့် နိုင်ငံသားနှင့် ဖက်စပ်စနစ် ဆောင်ရွက်ခွင့်ရှိသည်။

၁၀၇။ ကော်မရှင်သည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် စီးပွားရေးဖွံ့ဖြိုးမှု နည်းပါးပြီး ဆက်သွယ်သွားလာရေး ခက်ခဲသော ဒေသများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် နည်းဥပဒေ ၉၉နှင့် ၁၀၀ တို့ပါ မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့်ကာလထက် အများဆုံး ၁၀ နှစ်ထိ ပိုမို၍ ခံစားခွင့်ရရှိစေရန် ခွင့်ပြုနိုင်သည်။

၁၀၈။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် စီးပွားရေးလုပ်ငန်းတစ်ခုခု ဆောင်ရွက်ရန် အလို့ငှာ အသုံးပြုလိုသည့် မြေနှင့်စပ်လျဉ်း၍ မြေငှားရမ်းခွင့် ရရှိရေးအတွက် **မြေငှားရမ်း ပုံစံ(၁၂)** တွင် ဖြည့်သွင်းကာ ယင်းမြေကို မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူထံမှ ငှားရမ်းရန် သဘောတူကြောင်း အထောက်အထားများကို ပူးတွဲလျက် ကော်မရှင်သို့ လျှောက် ထားရမည်။

၁၀၉။ နည်းဥပဒေ ၁၀၈ အရ လျှောက်ထားလာပါက ကော်မရှင်သည် လျှောက်ထားသူ အသုံးပြုလိုသည့် မြေနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မည့် ဒေသအပေါ်မူတည်ကာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံမှ သဘောတူခွင့်ပြုနိုင်ခြင်း ရှိ မရှိ သဘောထား ရယူရမည်။

၁၁၀။ အသုံးပြုလိုသည့် မြေသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပိုင်ဆိုင်သော သို့မဟုတ် စီမံခန့်ခွဲသော မြေဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ငှားရမ်းရန် သဘောတူညီကြောင်း ကော်မရှင်သို့ လိပ်မူပေးပို့သည့်စာ တစ်ပါတည်း ပါရှိရမည်။

၁၁၁။ ကော်မရှင်၏ ခွင့်ပြုချက်ရရှိပြီးနောက် မြေငှားရမ်းခြင်းကိစ္စများ ဆောင်ရွက်ရာတွင် မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူနှင့် ရင်းနှီးမြှုပ်နှံသူတို့သည် မြေငှားစာချုပ်ချုပ်ဆိုကာ ယင်းစာချုပ်ကို ကော်မရှင်သို့ ပေးပို့ရမည်။

၁၁၂။ ကော်မရှင်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် မြေငှားရမ်းခနှုန်းထားများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက အတည်ပြုထားသည့် မြေငှားရမ်းခအတိုင်း ခွင့်ပြုနိုင်ပြီး လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်နိုင်သည်။

၁၁၃။ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူ နိုင်ငံသားထံမှ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းသည့် မြေငှားရမ်းခနှုန်းထားနှင့် ငှားရမ်းကာလအလိုက် ကာလပေါက်ဈေးနှင့်အညီ နှစ်အလိုက် စာချုပ်ချုပ်ဆိုခြင်းများကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းသတ်မှတ်ရန်ဖြစ်ပြီး သဘောတူညီသည့် မြေငှားရမ်းခနှုန်းထားကို ကော်မရှင်သို့ တင်ပြရမည်။

၁၁၄။ မြေငှားရမ်းခ နှုန်းထားသတ်မှတ်ရာတွင် ငှားရမ်းမည့် ကာလအတွက် စတင်ငှားရမ်းမည့် နေ့ရက်မှစ၍ ၃၆၅ ရက်အတွက် တစ်ကြိမ်ပေးချေရမည့်နှုန်းထားကို အခြေခံတွက်ချက် ငှားရမ်းရမည်။

၁၁၅။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် မြေများကို ငှားရမ်းရာတွင် မြေအသုံးပြုမှု ပရီမီယံကြေးကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ရင်းနှီးမြှုပ်နှံသူထံမှ တောင်းခံနိုင်သည်။

၁၁၆။ ကော်မရှင်သည် မြေငှားရမ်းမှုနှင့် စပ်လျဉ်း၍ အောက်ပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ မြေငှားရမ်းမှုနှင့် ခွင့်ပြုသည့် လုပ်ငန်းကို ရပ်ဆိုင်းနိုင်သည်-

(က) ရင်းနှီးမြှုပ်နှံသူက မြေငှားရမ်းခများကို စာချုပ်ပါ ကတိကဝတ်အတိုင်း ပေးချေရန် ပျက်ကွက်ကြောင်းကိုဖြစ်စေ၊ စာချုပ်ပါ အခြားကတိကဝတ်များ လိုက်နာရန် ပျက်ကွက်ကြောင်းကိုဖြစ်စေ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူက ကော်မရှင်သို့ တင်ပြခြင်းအပေါ် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုပြု၍ တိုင်ကြားချက် မှန်ကန်ကြောင်း တွေ့ရှိခြင်း၊

(ခ) ငှားရမ်းထားသည့် မြေပေါ်တွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ရင်းနှီးမြှုပ်နှံသူက ချိုးဖောက်ကြောင်း ကော်မရှင်သို့ တိုင်ကြားခြင်းအပေါ် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုပြု၍ တိုင်ကြားချက် မှန်ကန်ကြောင်း တွေ့ရှိခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံသူအား အမည်ပျက်စာရင်း ကြေညာခြင်း သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်းကြောင့် ဥပဒေနှင့်အညီ တရားစီရင်ခြင်းခံရပြီး ၎င်းရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းကို ပိတ်သိမ်းရန် တရားရုံး သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်က ဆုံးဖြတ်ခြင်း။

၁၁၇။ ရင်းနှီးမြှုပ်နှံသူသည်-

(က) တွက်ခြေမကိုက်၍ဖြစ်စေ၊ အရှုံးပေါ်၍ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းကို ရပ်ဆိုင်းလိုလျှင် ကော်မရှင်သို့ အနည်းဆုံး ခြောက်လကြိုတင် တင်ပြရမည်။

(ခ) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း သို့မဟုတ် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကိုဖြစ်စေ၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိပါက ယင်းသို့ တွေ့ရှိသည့် အချိန်မှ ၂၄ နာရီ အတွင်း ကော်မရှင်သို့ သတင်းပေးပို့ တင်ပြရမည်။

(ဂ) မိမိနှင့် မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူတို့ ချုပ်ဆိုထားသည့် စာချုပ်ပါ ကတိကဝတ်များနှင့်အညီလိုက်နာ ဆောင်ရွက်၍ ငှားရမ်းမှုပြီးဆုံးသည့်အခါ ငှားရမ်းထားသည့် မြေအား မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူထံသို့ နှစ်ဦးနှစ်ဖက် စာရင်းရှင်းလင်းပြီးသည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ပြန်လည် လွှဲပြောင်းပေးအပ်ရမည်။

(ဃ) နည်းဥပဒေ ၁၁၆ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ ငှားရမ်းစာချုပ် ကာလမပြည့်မီ လုပ်ငန်းရပ်ဆိုင်းရပါက မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူ နစ်နာမှုမရှိစေရေးအတွက် မူလ ငှားရမ်းစာချုပ်ပါ သတ်မှတ်ချက်များအတိုင်း ငှားရမ်းခများကို ပေးချေရမည်။

၁၁၈။ သက်ဆိုင်သည့် မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူသည် မိမိငှားရမ်းထားသည့်မြေ ပြန်လည်လက်ခံရရှိပြီးကြောင်းကို ယင်းမြေ ပြန်လည်လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ကော်မရှင်သို့ အသိပေးတင်ပြရမည်။

၁၁၉။ ရင်းနှီးမြှုပ်နှံသူကငှားရမ်းအသုံးပြုလျက်ရှိသည့်မြေပေါ်တွင် မူလရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်ပါ စီးပွားရေးလုပ်ငန်းနှင့် မသက်ဆိုင်သော လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့် မရှိစေရ။

၁၂၀။ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းအသုံးပြုလျက်ရှိသည့် မြေတွင် ကော်မရှင်က ခွင့်ပြုထားသည့် လုပ်ငန်းမှအပ မြေပေါ်မြေအောက်ရှိ သယံဇာတပစ္စည်းများ ထုတ်ယူခြင်းမပြုရ။

၁၂၁။ ရင်းနှီးမြှုပ်နှံသူကငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏မြေပေါ်မြေအောက်၌ ခွင့်ပြုသည့် လုပ်ငန်းနှင့်မသက်ဆိုင်ဘဲ မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတတွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကို ဖြစ်စေ၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိလျှင် ယင်းသို့ တွေ့ရှိသည့် အချိန်မှ ၂၄ နာရီအတွင်း ကော်မရှင်သို့ ချက်ချင်းအကြောင်းကြားရမည်။ ကော်မရှင်သည် အကြောင်းကြားချက်ရရှိလျှင် ပြည်ထောင်စုဝန်ကြီးဌာန၊ လုပ်ငန်းဆောင်ရွက်မည့်ဒေသအပေါ် မူတည်ကာ နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းရမည်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၏ သဘောတူညီချက်အရ ကော်မရှင်က ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်သည်။ ခွင့်ပြုခြင်းမရှိလျှင် အစားထိုးစီစဉ်ပေးသည့် နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ရမည်။

၁၂၂။ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိသော မြေ၏ သဘာဝ မြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့် အနေအထားကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူ၏ သဘောတူညီချက်ဖြင့်သာ ပြုပြင်ပြောင်းလဲ ပြင်ဆင်အသုံးပြုခွင့်ရှိသည်။

၁၂၃။ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရသော မြေနေရာတွင် မူလအဆိုပြုချက်နှင့် မကိုက်ညီဘဲ ပတ်ဝန်းကျင်ထိခိုက်စေမည့် လုပ်ငန်းဆောင်ရွက်ကြောင်း သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန် ဆောင်ရွက်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိလျှင်ဖြစ်စေ၊ ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းသည် အသံဆူညံမှုကြောင့်သော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်း ယင်းနေရာတစ်ဝိုက်တွင် နေထိုင်သူများအား အနှောင့်အယှက် ဖြစ်ပေါ်စေလျှင် ဖြစ်စေ၊ စစ်ဆေးတွေ့ရှိသူ သို့မဟုတ် ယင်းနေရာတစ်ဝိုက်တွင် နေထိုင်သူများက တရားဝင်ကန့်ကွက်လာလျှင်ဖြစ်စေ ကော်မရှင်သည် လိုအပ်သည့် စုံစမ်းစစ်ဆေးမှု ဆောင်ရွက်၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ဆက်လက်ခွင့်ပြုရန် မသင့်ပါက ငှားရမ်းခြင်းသို့မဟုတ် အသုံးပြုခွင့်ပေးခြင်းကို ရပ်ဆိုင်းနိုင်သည်။

၁၂၄။ ရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ နိုင်ငံသားက လုပ်ကိုင်ခွင့်ရရှိထားသည့် လယ်ယာမြေများကို ငှားရမ်းဆောင်ရွက်ရာတွင် လယ်ယာသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဆက်စပ်လျက်ရှိသည့် လုပ်ငန်းများမှအပ အခြားမည်သည့် လုပ်ငန်းကိုမျှ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် မရရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခွင့်မရှိ။

၁၂၅။ အောက်ပါမြေများအား ရင်းနှီးမြှုပ်နှံသူက စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ် လုပ်ကိုင်ရန် ငှားရမ်းဆောင်ရွက်ခွင့်မရှိ -

(က) သာသနာ့မြေများ၊

(ခ) သက်ဆိုင်ရာ ဝန်ကြီးဌာနများက သတ်မှတ်ထားသော ယဉ်ကျေးမှုအမွေအနှစ် ဒေသများ၊ သဘာဝအမွေအနှစ်ဒေသများ၊

(ဂ) နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ကန့်သတ်ထားသည့် မြေများ၊

(ဃ) အမှုအခင်း ဖြစ်ပွားလျက်ရှိသည့် မြေများ၊

(င) နိုင်ငံတော်က အခါအားလျော်စွာ ကန့်သတ်တားမြစ်သည့် မြေများ၊

(စ) ရင်းနှီးမြှုပ်နှံသူ၏ စီးပွားရေးလုပ်ငန်းကြောင့် မြို့ပြလူနေထိုင်ရာ ရပ်ဝန်းအတွင်း အများပြည်သူ၏ ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်း၊ အသံဆူညံမှု ဖြစ်စေခြင်း၊ ယဉ်ကျေးမှုထိခိုက်စေခြင်းစသည့် အခြေအနေဖြစ်ပေါ်နိုင်သည့်အရပ်ဒေသ သို့မဟုတ် အဆောက်အအုံတည်ရှိသည့် မြေများ။

၁၂၆။ ရင်းနှီးမြှုပ်နှံသူသည် မြေငှားရမ်း၍ ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်သည့် မြေပေါ်တွင် လူနေအိမ်ခြေများ၊ အဆောက်အအုံများ၊ လယ်ယာဥယျာဉ်ခြံမြေများ၊ သီးပင်စားပင်များစသည်တို့ကို ပြောင်းရွှေ့ရှင်းလင်းရန်လိုအပ်ပါက ပြောင်းရွှေ့နေရာချထားပေးခြင်း၊ မိမိ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အလုပ်အကိုင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည့်အပြင် ဒေသန္တရကာလပေါက်ဈေးဖြင့် ပေးချေခြင်းနှင့် လျော်ကြေးပေးခြင်းတို့ကို သက်ဆိုင်ရာ ပိုင်ဆိုင်သူ၏ သဘောတူကျေနပ်ကြောင်း ဖော်ပြချက်နှင့်အတူ လုပ်ငန်းဆောင်ရွက်မည့် ဒေသအပေါ်မူတည်ကာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာအစိုးရဌာနတို့၏ ခွင့်ပြုချက် ရယူညှိနှိုင်း ဆောင်ရွက်ရမည်။ အများပြည်သူက ရွှေ့ပြောင်းဖယ်ရှားပေးလိုခြင်း မရှိသည့် နေရာများတွင် မြေငှားရမ်း၍ ရင်းနှီးမြှုပ်နှံခွင့် မရှိစေရ။

၁၂၇။ ရင်းနှီးမြှုပ်နှံသူသည် မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိသောမြေကို ကော်မရှင်က သတ်မှတ်ထားသော စည်းကမ်းချက်များ၊ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အသုံးပြုရမည်။

၁၂၈။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိထားသောမြေကို သတ်မှတ်ထားသည့် သက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့် ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်း၊ လုပ်ငန်း လွှဲပြောင်းခြင်း ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက ကော်မရှင်၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။

၁၂၉။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် မြို့ပြတည်ဆောက်ခြင်း၊ ဟိုတယ်၊ စာသင်ကျောင်း၊ ဆေးရုံ၊ လူနေထိုင်ရန် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ စက်ရုံအလုပ်ရုံ တည်ဆောက်ခြင်း၊ လမ်း၊ တံတား၊ ဆက်သွယ်ပို့ဆောင်ရေး အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းတို့ ပါဝင်ပါက လုပ်ငန်းဆောင်ရွက်မည့် ဒေသအပေါ်မူတည်ပြီး နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ရေးဆွဲထားသည့် မြို့ပြ ဖွံ့ဖြိုးရေး အစီအမံများနှင့် ကိုက်ညီပြီး ယင်းတို့က ခွင့်ပြုမှသာလျှင် ကော်မရှင်သို့ တင်ပြဆောင်ရွက်ရမည်။

၁၃၀။ ရင်းနှီးမြှုပ်နှံသူသည် မိမိငှားရမ်းထားသည့် မြေပေါ်တွင် မူလအဆိုပြုထားသည့် စီးပွားရေးလုပ်ငန်းကို ရပ်ဆိုင်း၍ အခြားစီးပွားရေးလုပ်ငန်း ပြောင်းလဲလုပ်ကိုင်ခြင်း၊ မူလအဆိုပြုထားသည့် စီးပွားရေးလုပ်ငန်းအပြင် အခြားစီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ခြင်းတို့ ပြုလုပ်လိုပါက ကော်မရှင်၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

၁၃၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီသည် အောက်ပါအခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်ပါက ခွင့်ပြုထား

စာမျက်နှာ ၉ သို့ ❍

○ စာမျက်နှာ ဆ မှ

သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအနက်မှ လိုအပ်မည့် အနည်းဆုံး မြေဧရိယာကို ပြန်လည်ရယူပိုင်ခွင့်ရှိသည်-

- (က) ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တွေ့ရှိခြင်း၊
- (ခ) နိုင်ငံတော်အကျိုးငှာ အခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်း သို့မဟုတ် အထူးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ခြင်း၊
- (ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ခွင့်ပြုထားသော ဓာတ်သတ္တုအမျိုးအစားမှတစ်ပါး အခြားသယံဇာတပစ္စည်းတွေ့ရှိခြင်း။

၁၃၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသည် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နည်းဥပဒေအရ ပြန်လည်ရယူခြင်းအတွက် ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူက အမှန်တကယ် ရင်းနှီးမြှုပ်နှံထားသည့် ကုန်ကျစရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကာလတန်ဖိုးတွက်ချက်၍ သင့်လျော်သည့် သတ်မှတ်ကာလအတွင်း လျော်ကြေးရရှိစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

အခန်း (၁၆)
နိုင်ငံခြားမတည်ငွေရင်း

၁၃၃။ ရင်းနှီးမြှုပ်နှံသူသည် စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်အတွက် ကော်မရှင်၏ ခွင့်ပြုမိန့်နှင့်အညီ နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားငွေဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ရှိသည့် ဘဏ်တစ်ခုခုတွင် အဆိုပြုချက်ပါနိုင်ငံခြားငွေကို ငွေစာရင်းဖွင့်လှစ်၍ အပ်နှံထားရှိရမည်။

၁၃၄။ ရင်းနှီးမြှုပ်နှံရန် အဆိုပြုရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ)၊ (၂) အရ နိုင်ငံအတွင်းသို့ တင်သွင်းလာမည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပစ္စည်းများကို အဆိုပြုထားသည့် ကိစ္စနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ) (၃) နှင့်(၄) တို့ပါ ကိစ္စရပ်များအတွက် လျာထားငွေမှတစ်ပါး ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် အဆိုပြု တင်ပြထားသည့် နိုင်ငံခြားငွေ အပြည့်အဝကိုဖြစ်စေ၊ နှစ်ကာလအပိုင်းအလိုက် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခြင်း ဖြစ်ပါက ယင်းသို့ အဆင့်အလိုက် ရင်းနှီးသုံးစွဲရမည့်ပမာဏကိုဖြစ်စေ နည်းဥပဒေ ၁၃၃ ပါအတိုင်း ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်အပ်နှံရမည်။

၁၃၅။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမည့် စီးပွားရေးလုပ်ငန်းအတွက် နိုင်ငံတော်အတွင်းသို့ ယူဆောင်လာမည့် နိုင်ငံခြားငွေ ပမာဏ တစ်ရပ်လုံးအတွက် နှစ်အလိုက် ပမာဏလျာထားချက်ကို ကော်မရှင်သို့ ကြိုတင်ပေးပို့ တင်ပြရမည်။

၁၃၆။ ရင်းနှီးမြှုပ်နှံသူသည် ဘဏ်စာရင်း ဖွင့်လှစ်ပြီးသည့်အခါ ဖွင့်လှစ်သည့်ဘဏ် လိပ်စာ၊ ငွေစာရင်း အမှတ်နှင့် ငွေထုတ်ယူခွင့်ရှိသူ အမည်တို့ ပါရှိသော တင်ပြချက်ကို ဘဏ်ငွေစာရင်း ဖော်ပြချက် မိတ္တူပူးတွဲပြီး ဘဏ်စာရင်းဖွင့်လှစ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ကော်မရှင်သို့ ပေးပို့တင်ပြရမည်။

၁၃၇။ ရင်းနှီးမြှုပ်နှံသူသည် မိမိဘဏ်ငွေစာရင်းရှိ နိုင်ငံခြားငွေကို အောက်ပါကိစ္စများအတွက် စာရင်းလွှဲပြောင်းခွင့်ရှိသည်-

- (က) ပြည်တွင်းတွင် နိုင်ငံခြားငွေဖြင့်ပေးချေရမည့်ကိစ္စ၊
- (ခ) မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအတွက် ပြည်တွင်းရှိ မိတ်ဖက်ကုမ္ပဏီ စီးပွားရေးလုပ်ငန်းကိုဖြစ်စေ၊ နိုင်ငံသားကိုဖြစ်စေ၊ နိုင်ငံသားပိုင်ကုမ္ပဏီ စီးပွားရေးလုပ်ငန်းကိုဖြစ်စေ ဘဏ်ငွေစာရင်းလွှဲပြောင်းရန်ကိစ္စ။

၁၃၈။ ရင်းနှီးမြှုပ်နှံသူသည် မိမိဘဏ်စာရင်းရှိ နိုင်ငံခြားငွေကို မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်းနှင့် မသက်ဆိုင်သည့် အခြားကိစ္စရပ်များအတွက် ထုတ်ယူသုံးစွဲခြင်း၊ ဘဏ်ငွေစာရင်းလွှဲပြောင်းခြင်း မပြုရ။

၁၃၉။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေ ၁၃၅ အရ ကော်မရှင်သို့ ကြိုတင်ပေးပို့ထားသည့် လျာထားချက်အရ မိမိဘဏ်စာရင်းသို့ ဖြည့်တင်းရမည့် နိုင်ငံခြားငွေကို သတ်မှတ်ကာလအတွင်း တစ်လုံးတစ်ခဲတည်း ဖြစ်စေ၊ အကြိမ်ကြိမ်ခွဲ၍ဖြစ်စေ ဖြည့်တင်းရမည်။

၁၄၀။ နည်းဥပဒေ ၁၃၉ အရ နိုင်ငံခြားငွေ ဖြည့်တင်းရာတွင် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံသားတစ်ဦးဦး သို့မဟုတ် ၎င်းတို့က စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ကိုင်ဆောင်ရွက်ရန် ပြည်တွင်းရှိ ဘဏ်တစ်ခုခုတွင် စာရင်းဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းမှ ဘဏ်ငွေစာရင်း လွှဲပြောင်းရယူ ဖြည့်တင်းခြင်း မပြုရ။

၁၄၁။ ရင်းနှီးမြှုပ်နှံသူသည် မိမိ၏ ဘဏ်ငွေစာရင်းသို့ ပြည်ပမှ ယူဆောင်လာသည့် နိုင်ငံခြားငွေ ထပ်မံဖြည့်တင်းလျှင် ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေစာရင်းဝင်ရောက်လာသည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ဘဏ်ငွေစာရင်းရှင်းတမ်းနှင့်အတူ ကော်မရှင်သို့ အသိပေး တင်ပြရမည်။

၁၄၂။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၏ ခွင့်ပြုချက်နှင့်အညီ ရင်းနှီးမြှုပ်နှံမှုပမာဏကို တိုးချဲ့လုပ်ကိုင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ခြင်းများအတွက် နိုင်ငံတော်အတွင်းသို့ ထပ်မံဖြည့်သွင်းယူဆောင်လာမည့် နိုင်ငံခြားငွေနှင့် စပ်လျဉ်း၍ ဖြည့်တင်းမည့် လျာထားချက်ကို ကော်မရှင်သို့ ကြိုတင်ပေးပို့ တင်ပြရမည်။

၁၄၃။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၏ ခွင့်ပြုချက်အရ မိမိ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ လျှော့ချခြင်း၊ လုပ်ငန်းလျှော့ချခြင်းတို့နှင့် စပ်လျဉ်း၍ ကော်မရှင်သို့ မူလပေးပို့ထားသည့် နိုင်ငံခြားငွေ ဖြည့်တင်းမည့် လျာထားချက်ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲကာ ကော်မရှင်သို့ ပြန်လည်ပေးပို့တင်ပြရမည်။

၁၄၄။ ရင်းနှီးမြှုပ်နှံသူသည် မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်း တစ်ခုချင်းအတွက် ၃၆၅ ရက်လျှင်တစ်ကြိမ် နိုင်ငံတော်အတွင်း မှတ်ပုံတင်ကာ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော် အသိအမှတ်ပြုသော စာရင်းစစ်လုပ်ငန်းတစ်ခုခုသို့ လုပ်ငန်းအပ်နှံ၍ ပုံမှန်စာရင်း စစ်ဆေးမှု ခံယူရမည်။ စာရင်းစစ်ဆေးမှု ခံယူရာတွင် အထောက်အထားအဖြစ် တင်ပြသည့် စာရွက်စာတမ်းများ၊ စာရင်းများအား မြန်မာဘာသာဖြင့် ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ တင်ပြရမည်။ အခြားဘာသာဖြင့် ဆောင်ရွက်ထားပါက နိုတြီက အသိအမှတ်ပြုထားသော အင်္ဂလိပ်ဘာသာ ပြန်ဆိုချက် ပူးတွဲတင်ပြရမည်။

၁၄၅။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေ ၁၄၄ ပါအတိုင်း စာရင်းစစ်ဆေးမှု ခံယူပြီးသည့်အခါ စာရင်းစစ် အစီရင်ခံစာကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကော်မရှင်သို့ ပေးပို့တင်ပြရမည်။

အခန်း (၁၇)
နိုင်ငံခြားငွေလွှဲပြောင်းနိုင်ခွင့်

၁၄၆။ ရင်းနှီးမြှုပ်နှံသူသည် အောက်ပါငွေများကို ကော်မရှင်က သတ်မှတ်သော ဘဏ်မှတစ်ဆင့် နိုင်ငံခြားသို့ သက်ဆိုင်ရာ နိုင်ငံခြားငွေဖြင့် လွှဲပြောင်းနိုင်သည် -

- (က) နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာသူရသင့်သည့် အောက်ပါနိုင်ငံခြားငွေများ-
  - (၁) နိုင်ငံခြား မတည်ငွေရင်း ယူဆောင်လာသူအားပြန်လည်ထုတ်ယူရန် ကော်မရှင်က ခွင့်ပြုသော နိုင်ငံခြားငွေ၊
  - (၂) ရင်းနှီးမြှုပ်နှံသူက သက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ ရရှိသည့်လျော်ကြေးငွေ။
- (ခ) ကော်မရှင်က နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာသူအား ပြန်လည်ထုတ်ယူရန် ခွင့်ပြုသော အောက်ပါ နိုင်ငံခြားငွေများ-
  - (၁) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ ရှယ်ယာလွှဲပြောင်းပြီးနောက် ရသင့်သည့် ရှယ်ယာငွေ၊
  - (၂) လုပ်ငန်းကို စာရင်းရှင်းလင်း ဖျက်သိမ်းပြီးနောက် ရသင့်သည့်ခွဲဝေရရှိငွေ၊
  - (၃) ကော်မရှင်၏ ခွင့်ပြုမိန့် သက်တမ်းကုန်၍ ခွင့်ပြုမိန့် ပြန်လည်အပ်နှံပြီးနောက် ရသင့်သည့် နိုင်ငံခြားငွေ၊
  - (၄) ရင်းနှီးမြှုပ်နှံမှု လျှော့ချပြောင်းလဲခြင်းကြောင့် လျှော့ချသည့် ပမာဏနှင့် ညီမျှသည့် နိုင်ငံခြားငွေ။
- (ဂ) နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာသူရရှိသည့် နှစ်စဉ်အမြတ်ငွေမှ အခွန်အရပ်ရပ်နှင့်သက်ဆိုင်သည့် ရန်ပုံငွေများ နုတ်ယူပြီးနောက် ကျန်ရှိသောအသားတင်အမြတ်ငွေ၊
- (ဃ) နိုင်ငံခြားသား အမှုထမ်းများ နိုင်ငံတော်တွင် လုပ်ကိုင်ဆောင်ရွက်၍ ရရှိသော လစာငွေနှင့် လုပ်ငန်းမှတရားဝင်ရရှိငွေတို့မှ ပေးဆောင်ရန်ရှိသော အခွန်အကောက်များကို ပေးဆောင်စေပြီး ၎င်းနှင့်၎င်း၏မိသားစု နေထိုင်စားသောက်မှု ကုန်ကျစရိတ်တို့ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း နုတ်ပယ်၍ တရားဝင် ကျန်ရှိငွေ။

၁၄၇။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်ပြင်ပသို့ သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းမှုများ မဟုတ်သော နိုင်ငံခြားငွေလွှဲပြောင်းလိုပါက ရင်းနှီးမြှုပ်နှံသူမှ နိုင်ငံခြားသို့ နိုင်ငံခြားငွေ **လွှဲပြောင်းခွင့် ပုံစံ (၁၃)** ဖြင့် အောက်ပါစာရွက်စာတမ်းအထောက်အထားများ ပူးတွဲ၍ ကော်မရှင်သို့ လိပ်မူလျှောက်ထားရမည် -

- (က) သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှင့်ပတ်သက်သည့် စာရင်းစစ် အစီရင်ခံစာ၊
- (ခ) ဘဏ်စာရင်းရှင်းတမ်း။

၁၄၈။ ကော်မရှင်သည် နိုင်ငံတော်ပြင်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းရန် ရင်းနှီးမြှုပ်နှံသူက နည်း ဥပဒေ ၁၄၇ ပါအတိုင်း လျှောက်ထားလာခြင်းကို စိစစ်ကာ လျှောက်ထားသည့် ပမာဏအတိုင်းဖြစ်စေ၊ စိစစ်ချက်များအရ ယင်းအောက်လျော့သော ပမာဏကိုဖြစ်စေ လွှဲပြောင်းခွင့်ပြုနိုင်သည်။

၁၄၉။ ရင်းနှီးမြှုပ်နှံသူသည် မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာမှရရှိသည့် ပြည်တွင်းသုံးကျပ်ငွေများကို ခိုင်လုံသည့် အထောက်အထားများတင်ပြ၍ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်း၏ ကျပ်ငွေစာရင်းသို့ လွှဲပြောင်းပေးကာ ၎င်းငွေနှင့် ညီမျှသည့် နိုင်ငံခြားငွေကို နိုင်ငံတော်အတွင်းရှိ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်း၏ ဘဏ်တွင်ဖွင့်လှစ်ထားသော နိုင်ငံခြားငွေစာရင်းအတွင်းရှိ နိုင်ငံခြားငွေဖြင့် ပြန်လည်ငွေစာရင်း လွှဲပြောင်းရယူခွင့်ရှိသည်။

၁၅၀။ ရင်းနှီးမြှုပ်နှံသူသည် မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာမှ ရရှိသော အမြတ်ငွေများကို နိုင်ငံတော်ပြင်ပသို့ လွှဲပြောင်းပေးပို့ခြင်းမပြုဘဲ လုပ်ငန်းတိုးချဲ့ရင်းနှီးမြှုပ်နှံလိုလျှင် ကော်မရှင်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၁၅၁။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံထားသည့် အခြေပစ္စည်းတစ်ခုခုကို ရောင်းချ၍ရရှိသော ကျပ်ငွေအား ကော်မရှင်၏ ခွင့်ပြုချက်မရဘဲ နိုင်ငံခြားငွေအဖြစ် စာရင်းပြောင်းလဲ၍ မိမိဘဏ်ငွေစာရင်းတွင် ထည့်သွင်းခြင်း မပြုရ။

၁၅၂။ ရင်းနှီးမြှုပ်နှံသူသည် မိမိ၏ အဆိုပြုချက်တွင် ပြည်ပမှ တင်သွင်းရန် ဖော်ပြထားသည့် နိုင်ငံခြား မတည်ငွေရင်း တစ်ခုခုကို ကော်မရှင်၏ ခွင့်ပြုချက်မရရှိဘဲ ပြည်တွင်းတွင် ကျပ်ငွေဖြင့် ဝယ်ယူအသုံးပြုခြင်း မပြုရ။

၁၅၃။ ရင်းနှီးမြှုပ်နှံသူသည် မိမိရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်းအတွက် အဆိုပြုချက်ပါအတိုင်း ပြည်ပမှ တင်သွင်းလာသော အခြေပစ္စည်းတစ်ခုခုကို ပြည်တွင်း၌ ရောင်းချ၍ ရရှိသည့် ကျပ်ငွေဖြင့် ပြည်တွင်းတွင် သုံးစွဲရန်ရှိသည့် အသုံးစရိတ်များကို ပေးချေခြင်းမပြုရ။

၁၅၄။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား စီးပွားဖြစ် စတင်လုပ်ကိုင်သော နေ့ရက်မတိုင်မီ မတည် ငွေရင်းများကို နိုင်ငံခြားသို့ လွှဲပြောင်းခွင့်မပြုရ။

အခန်း (၁၈)
နိုင်ငံခြားငွေရေးကြေးရေးကိစ္စ

၁၅၅။ ရင်းနှီးမြှုပ်နှံသူသည် -

- (က) သက်ဆိုင်ရာ နိုင်ငံခြားငွေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်သည့် ငွေလဲလှယ်နှုန်းအတိုင်း နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်တစ်ခုခုမှတစ်ဆင့် နိုင်ငံခြားသို့ ငွေလွှဲပြောင်းနိုင်ခွင့်ရှိသည်။
- (ခ) နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်က လက်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေ အမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကို လည်းကောင်း၊ ကျပ်ငွေစာရင်းကိုလည်းကောင်း ဖွင့်လှစ်၍ လုပ်ငန်းနှင့် သက်ဆိုင်သော ငွေရေးကြေးရေးကိစ္စများကို ဆောင်ရွက်ရမည်။
- (ဂ) မိမိတရားဝင်ရရှိထားသော ကျပ်ငွေဖြင့် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်ကလက်ခံ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေ အမျိုးအစား တစ်ခုခုကို လဲလှယ်ခွင့်ရှိသည်။

၁၅၆။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အမှုထမ်းသော နိုင်ငံခြားသားများသည် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ဘဏ်တစ်ခုခုတွင် ယင်းဘဏ်က လက်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေအမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကို လည်းကောင်း၊ ကျပ်ငွေ စာရင်းကိုလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ရမည်။

အခန်း (၁၉)
ဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

၁၅၇။ ကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၄ နှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမြင့်တင်ဆောင်ရွက်ရေး အတွက် လည်းကောင်း၊ လွယ်ကူချောမွေ့စေရေးအတွက် လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းစစ်ဆေးကြပ်မတ်နိုင်ရေး အတွက် လည်းကောင်း တစ်နေရာတည်းတွင် လုပ်ငန်းပြီးစီးစေရန် ဆောင်ရွက်နိုင်မည့် ဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ကို အောက်ပါ ဌာနများမှ အရာထမ်းများ ပါဝင်စေလျက် ဖွဲ့စည်းရမည် -

- (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊
- (ခ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သက်ဆိုင်ရာဌာန၊
- (ဂ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊
- (ဃ) အကောက်ခွန်ဦးစီးဌာန၊
- (င) ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊
- (စ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊
- (ဆ) လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊
- (ဇ) စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊
- (ဈ) ပြည်တွင်းအခွန်များဦးစီးဌာန။

၁၅၈။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့၏ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူရမည်။

၁၅၉။ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့၏ရုံးကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ပူးတွဲဖွင့်လှစ်ရမည်။ လိုအပ်ပါက ရုံးခွဲများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၁၆၀။ သက်ဆိုင်ရာဌာနများသည် ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ရှိ အရာထမ်းများအား လက်မှတ်ရေးထိုးခွင့် အပါအဝင် ဆုံးဖြတ်လုပ်ပိုင်ခွင့် အာဏာအပ်နှင်းရမည်။ မူဝါဒနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာ အရာထမ်း၏ တင်ပြချက်ကို သက်ဆိုင်ရာဌာနက ဆောလျင်စွာ အဆုံးအဖြတ်ပေးရမည်။

၁၆၁။ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့သည် ခွင့်ပြုမိန့် ထုတ်ပေးထားသည့် လုပ်ငန်းများ တည်ဆောက်မှုကာလအတွင်း လုပ်ငန်းတိုးတက်မှုကိုဖြစ်စေ၊ စီးပွားဖြစ်စတင် လုပ်ကိုင်သောနေ့ရက် အတည်ပြု သတ်မှတ်နိုင်ရေးအတွက်ဖြစ်စေ၊ လုပ်ငန်းလည်ပတ်ချိန်တွင် အခြေအနေအရပ်ရပ်ကို ဆန်းစစ်နိုင်ရေးအတွက်ဖြစ်စေ ကွင်းဆင်းကြည့်ရှု၍ ကော်မရှင်သို့ အစီရင်ခံ တင်ပြရမည်။

၁၆၂။ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့သည် ညွှန်ကြားရေးမှူးချုပ်၏ ကွပ်ကဲမှုအောက်တွင် တာဝန်ထမ်းဆောင်ရမည်။

အခန်း (၂၀)
စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ

၁၆၃။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်ကိုဖြစ်စေ၊ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်းကို လည်းကောင်း၊ မရိုးမဖြောင့်သော သဘောဖြင့် အဆိုပြုချက်ပါ အချက်အလက်များကို မမှန်မကန် တင်ပြ၍ ခွင့်ပြုမိန့်ရယူခဲ့ခြင်းကိုလည်းကောင်း၊ ကော်မရှင်က ထုတ်ပြန်သည့် စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းကိုလည်းကောင်း စုံစမ်းသိရှိလျှင်ဖြစ်စေ၊ စစ်ဆေးတွေ့ရှိလျှင်ဖြစ်စေ၊ တိုင်ကြားမှု၊ သတင်းပို့မှု တစ်စုံတစ်ရာ ပေါ်ပေါက်လျှင်ဖြစ်စေ စုံစမ်းစစ်ဆေးရေး အဖွဲ့ ဖွဲ့စည်းစစ်ဆေးရမည်။

၁၆၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူ၍ သက်ဆိုင်ရာ အစိုးရဌာနများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများမှ ဘာသာရပ် ကျွမ်းကျင်၍ သမာသမတ်ရှိသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရာတွင် အဖွဲ့ခေါင်းဆောင် အပါအဝင် အဖွဲ့ဝင် သုံးဦးအောက်မနည်းစေရ။

၁၆၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိစုံစမ်းစစ်ဆေးသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာနများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အခြားပုဂ္ဂိုလ်များ၊ စာရွက်စာတမ်းအထောက်အထားများကို တောင်းခေါ်စစ်ဆေးပိုင်ခွင့်ရှိသည်။

၁၆၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို ဖွဲ့စည်းမိန့် ထုတ်ပြန်သည့်နေ့မှ ၂၁ ရက်အတွင်း ကော်မရှင်သို့ တင်ပြရမည်။ ယင်းသို့ တင်ပြရာတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၁၈)၊ ပုဒ်မ ၄၂ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များအနက် မည်သည့်ပြစ်ဒဏ်ကို ချမှတ်သင့်သည်ကို သုံးသပ်တင်ပြရမည်။

၁၆၇။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရေးနှင့်ပတ်သက်၍ ကော်မရှင်သည် အစည်းအဝေးတွင် တင်ပြဆွေးနွေးရမည်။ ၎င်းအစည်းအဝေးသို့ စုံစမ်းစစ်ဆေးခံရသည့် ရင်းနှီးမြှုပ်နှံသူကိုပါ ပါဝင်တက်ရောက် တင်ပြခွင့်ပြုရမည်။

၁၆၈။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်က ဆုံးဖြတ်အတည်ပြုသည့်နေ့ရက်တွင် ပြစ်ဒဏ်သက်ရောက်မှု စတင်သည်။

အခန်း (၂၁)
အငြင်းပွားမှုဖြေရှင်းခြင်း

၁၆၉။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူနှင့် ပုဂ္ဂလိက တစ်ဦးဦး သို့မဟုတ် အစိုးရ၊ အစိုးရဌာန တစ်ရပ်ရပ်အကြား အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းဆောင်ရွက်ရမည်။

၁၇၀။ နည်းဥပဒေ ၁၆၉ အရ ဖြေရှင်း၍ ပြေလည်မှု မရရှိပါက -

- (က) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှု ဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင် နိုင်ငံတော်၏ သက်ဆိုင်ရာတည်ဆဲ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။
- (ခ) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှု ဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် ယင်းသတ်မှတ်ထားသည့် ဖြေရှင်းနည်းများ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၇၁။ အငြင်းပွားမှု ပေါ်ပေါက်သည့်အခါ ရင်းနှီးမြှုပ်နှံသူသည် ဖြစ်စဉ်အကြောင်းအရာကို ဖော်ပြလျက် ကော်မရှင်သို့ သတင်းပေးပို့ တင်ပြရမည်။

၁၇၂။ ရင်းနှီးမြှုပ်နှံသူသည် အငြင်းပွားမှု ဖြေရှင်းရာတွင် နည်းဥပဒေ ၁၇၀ပါ နည်းလမ်းများအနက် မည်သည့်နည်းလမ်းဖြင့် ဆက်လက် ဆောင်ရွက်မည်ကို ကော်မရှင်သို့ သတင်းပေးပို့ တင်ပြရမည်။

၁၇၃။ ရင်းနှီးမြှုပ်နှံသူသည် အငြင်းပွားမှု ဖြေရှင်းရာတွင် လိုအပ်ပါက ကော်မရှင်က ထုတ်ပေးထားသည့် စာရွက်စာတမ်းအထောက် အထားများကို သက်သေအဖြစ် တင်သွင်းနိုင်သည်။ ကော်မရှင်နှင့် ပတ်သက်သည့် အခြားအထောက်အထားများ လိုအပ်ပါက ကော်မရှင် သို့ တင်ပြလျှောက်ထားတောင်းခံခွင့်ရှိသည်။

၁၇၄။ ကော်မရှင်ရုံးမှ ဝန်ထမ်းတစ်ဦးဦးအား တရားရုံးတွင် သက်သေအဖြစ် လိုက်ပါဆောင်ရွက်ရမည့် အခြေအနေ ပေါ်ပေါက်လာပါက ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်သို့ တင်ပြခွင့်ပြုချက် တောင်းခံရမည်။

အခန်း (၂၂)
အထွေထွေ

၁၇၅။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် ရုပ်သိမ်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအား ခံစားဆဲဖြစ်သော ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း ၁၂ ပါအတိုင်း ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ဆက်လက်ခံစားခွင့်ရှိသည်။

၁၇၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသော ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို သတ်မှတ်ကာလအတိုင်းခံစားပြီးဖြစ်သော ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၁၂ ပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ထပ်မံခံစားခွင့် မရှိစေရ။

၁၇၇။ ကော်မရှင်က ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပြုစုတင်ပြသော အဆိုပြုချက်နှင့် အတူ ပူးတွဲပါ စာရင်းဇယားများ၊ စာချုပ်စာတမ်းအထောက်အထားများ၊ ငွေရေးကြေးရေး၊ အလုပ်သမားခန့်ထားရေးဆိုင်ရာ အထောက် အထားများ စသည်တို့ကို တမင်မမှန်မကန် ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ခိုင်လုံသော သက်သေခံ အထောက်အထားများ တွေ့ရှိလျှင် ရင်းနှီးမြှုပ်နှံသူသည် ပြစ်မှုကြောင်းအရ အရေးယူခြင်းခံရမည်။

၁၇၈။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဖွဲ့စည်းသော ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံသူသည် ယင်းခွင့်ပြုမိန့်ပါ စည်းကမ်း ချက်များ၊ သက်ဆိုင်ရာ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ဆက်လက်လုပ်ကိုင် အကျိုးခံစားလျက်ရှိရာတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်လုပ်ကိုင် အကျိုးခံစားလိုပါက ယင်းသို့ ဆက်လက်လုပ်ကိုင် အကျိုးခံစားခွင့်ရရှိရေးအတွက် ကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၁၇၉။ အကျိုးအမြတ်ရယူခြင်း မပြုသော၊ စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်း မဟုတ်သော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု လုပ်ငန်းများတွင် ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုများသည် ဤနည်းဥပဒေများနှင့် အကျုံးဝင် သက်ဆိုင်ခြင်း မရှိစေရ။

၁၈၀။ ကုန်သွယ်မှုသက်သက်သာ ဆောင်ရွက်သည့် လုပ်ငန်းများသည် ဤနည်းဥပဒေများနှင့် အကျုံးဝင် သက်ဆိုင်ခြင်း မရှိစေရ။

၁၈၁။ ဝန်ကြီးဌာနသည် ကမကထပြုသူ၏ အဆိုပြုလွှာ တင်ပြမှုအပေါ် ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရေးအတွက် ကော်မရှင်ရုံးက ဆောင်ရွက်ရသည့် လုပ်ငန်းကိစ္စအရပ်ရပ်အတွက် ကမကထ ပြုသူထံမှ အခကြေးငွေရယူနိုင်ရေး အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကောက်ခံနိုင်သည်။

ပြည်ထောင်စုဝန်ကြီး
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

မန်းချောင်းဘေးက ရွှေပွဲတော်

သတင်းနှင့်ဓာတ်ပုံ
မကွေးလှမြင့်

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရားပွဲတော်သည် မြန်မာနိုင်ငံ၌ ထင်ရှားပြီး စည်ကားသော ပွဲတော်ဖြစ်သည်။ ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိ ကျင်းပသည်။ မန်းရွှေစက်တော်ဘုရား၏ သာသနာ့နယ်မြေဘုရားပွဲကျင်းပရာ ဧက ၆၀ အတွင်း ဝါး၊ သက်ငယ်မိုး တည်းခိုရိပ်သာပေါင်း ၅၀၀ ခန့်၊ ဆိုင်ခန်း ၇၀၀ ကျော် ဆောက်လုပ်ပြီး တစ်ညတည်းခိုခနှုန်းမှာ နေရာပေါ်မူတည်၍ ကျပ် ၁၀၀၀၀ မှ ကျပ် ၁၅၀၀၀ အထိ ယူသည်။ အနည်းဆုံး ခြောက်ဦးမှ၊ ရှစ်ဦးအထိ တည်းခိုနိုင်သည်။ ဘုရားပွဲတော် နယ်နိမိတ်အတွင်း အရက်သေစာ မသောက်စားရန်၊ ကြက်၊ ငှက်၊ ဝက်၊ နွား သတ်ဖြတ်ရောင်းချခြင်း မပြုလုပ်ရန်၊ လောင်းကစား မပြုလုပ်ရန်နှင့် အဖော်စုံတွဲများ မသင့်တော်သည့် အပြုအမူများမပြုလုပ်ရန် စည်းကမ်းများ ထုတ်ပြန်ထားသည်။ ဘုရားပွဲဖွင့်ပြီး နောက်ပိုင်းရက်များတွင် တစ်နေ့ ဘုရားဖူးခရီးသည် ၈၀၀ ခန့် လာသည်ဟု သိရသည်။

အထက်စက်တော်ရာနှင့် အောက်စက်တော်ရာကြား စီးဆင်းနေသော မန်းချောင်းကို ဖြတ်လျက်ဆောက်ထားသော အထူးတံတားသည် ရွှေစက်တော်တွင် အကြီးဆုံးဖြစ်ပြီး ကားများဖြတ်ကူးနိုင်သည်။ အထက်စက်တော်ရာသို့ တက်သောတောင်တက်လမ်းမှာ နှစ်လမ်းရှိသည်။ ပထမလမ်းမှာ အထူးတံတားမှ ဖြတ်၍သွားရသည်။ ထိုလမ်းတွင် ကားလမ်းနှင့် ခြေကျင်တက်၍ရသော လှေကားထစ်လမ်းလည်း ရှိသည်။ နောက်တစ်လမ်းမှာ စက်တော်ရာတောင်ခြေ၏ တောလမ်းကလေးအတိုင်း သွားရသည်။

ရွှေစက်တော်ရှိအထင်အရှားနေရာများ

တောင်ဖီလာဆရာတော်ရုပ်တုတော်

အထက်စောင်းတန်းဘေး၌ အင်းဝခေတ်သာလွန်မင်းလက်ထက်က ထင်ရှားခဲ့သော တောင်ဖီလာဆရာတော်ရုပ်တုကို တွေ့ရသည်။

ရာဇူတိုင်စေတီနှင့် သားရေကြက်စေတီ

ရာဇူတိုင်စေတီမှာ မုဆိုးတောင်အထက် စောင်းတန်းဝဲဘက်တွင်ရှိပြီး သားရေကြက်စေတီမှာ မုဆိုးတောင်ခြေရင်း စောင်းတန်းအကွေ့တွင် ဖူးရသည်။

ဘုရားဖူးလာရောက်သူများ မန်းချောင်းတွင် ရေဆော့ကစားနေကြစဉ်။

သချိုင်းတော်ရာစေတီ

သစ္စဗန္ဓရဟန္တာ ပရိနိဗ္ဗာန်ပြုပြီးနောက်ဆုံး သင်္ဂြိုဟ်သောနေရာတွင် တည်ထားသည့်စေတီကို သချိုင်းတော်ရာစေတီဟု ခေါ်ဝေါ်ကြသည်။ ထိုစေတီမှာ အထက်စက်တော်ရာ အောက်နားတွင်ရှိရာ အာရုံခံတိုးချဲ့သောအချိန်က ရင်ပြင်တော်အောက်သို့ ရောက်နေသဖြင့် လူအများသွားလာကျော်နင်းရာ တောင်အောက်ခြင်း၊ တောင်ပြိုခြင်းများဖြစ်သောကြောင့် အာရုံခံအတွင်း အပေါ်တည့်တည့်မှ စေတီတော်ကိုတည်၍ သံပိုက်လုံးများ ဝန်းရံထားသည်။

ရှင်ပင်သာလျောင်းတန်ဆောင်းတော်

စောင်းတန်းငါးသွယ် အထက်စက်တော်ရာတောင်ဝသို့ တက်ခဲ့လျှင် ဖူးမြင်ရသော အုတ်တိုက်နှင့် ရှင်ပင်သာလျောင်း ရုပ်ပွားတော် မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်း၏ ညီတော်ကနောင်မင်းသား၏ ကုသိုလ်တော်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၂ သို့ ✻

ယနေ့

မာတိကာ

ရေတိမ်ဒေသများကို
ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်း
စာမျက်နှာ - ၅

မြန်မာကျွန်း
ဘာကြောင့် ကမ္ဘာကျော်ရသလဲ
စာမျက်နှာ - ၆

အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာ အချပ်ပိုစာမျက်နှာ (င၊ စ၊ ဆ၊ ဇ)တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို ဖော်ပြထားပါသည်။

အားကစားသမားများ၏ လေ့ကျင့်မှုစွမ်းရည်တိုးတက်လာစေရေး ပြည်ပအားကစားသမားများ ငှားရမ်း၍ ပူးတွဲလေ့ကျင့်

နေပြည်တော် ဖေဖော်ဝါရီ ၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းအနေဖြင့် ထိုက်တန်စွာ အောင်မြင်မှုရရှိရေးအတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းများနှင့် အားကစားအဖွဲ့ချုပ်အသီးသီး၌ စခန်းသွင်းလေ့ကျင့်လျက်ရှိရာ မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ နံနက် ၉ နာရီက နေပြည်တော်လယ်ဝေးရှိ အားကစားလေ့ကျင့်ရေးစခန်း (Training Center - 2) သို့ ရောက်ရှိပြီး ဘိလိယက်၊ စနူကာ၊ ပြေးခုန်ပစ်၊ သေနတ်ပစ်၊ ဝူရှူး၊ အလေးမ၊ ကရာတေးဒို၊ ကျွမ်းဘား၊ နပန်း၊ ကမ်ဘို၊ ပန်ကြပ်ဆီလတ် အားကစားသမားများ၏ လေ့ကျင့်နေမှု၊ Gym&Fitness Center ၌ အားကစားသမားများ လေ့ကျင့်နေမှု၊ ပြေးခုန်ပစ်(အပစ်)ခန်းမနှင့် ကရာတေးဒိုခန်းမ တိုးချဲ့ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

ရန်ကုန်-ပြည်လမ်းပိုင်း ပြုပြင်မှုများပြုလုပ် ခရီးသွားပြည်သူများအတွက် ယာဉ်ထက်သွားလာမှုပိုမိုအဆင်ပြေ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ပြည်သူများသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် လမ်းပိုင်းများ အသစ်ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ပြုပြင်ခြင်းတို့ကို စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိရာ ထိုအထဲတွင် ရန်ကုန်-ပြည်လမ်းပိုင်းလည်း အပါအဝင်ဖြစ်ကြောင်း သိရသည်။

ခရိုင်မြို့ဖြစ်သည့် ပြည်မြို့ရှိ ဘူတာယာဒ်ဝင်းလမ်းများကို ဒီဇင်ဘာလက စတင်အဆင့်မြှင့်တင်မှုလုပ်ငန်းများကို လုပ်ဆောင်ခဲ့ရာ ဇန်နဝါရီ ၂၂ ရက်က ပြီးစီးသွားကြောင်း သိရသည်။ ထို့ပြင် ရန်ကုန်-ပြည်လမ်းပိုင်းရှိ အခြားနေရာများမှ ပြုပြင်ရန်လိုအပ်လျက်ရှိသည့်နေရာများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။**(အပေါ်ပုံ)**

"ပြည်မြို့ဘူတာက ခရိုင်မြို့ဖြစ်တော့ အဲဒီဘူတာယာဒ်ဝင်းက လမ်းပိုင်းကို အဓိကထားပြီး ပြုပြင်မှုတွေလုပ်ပါတယ်။ ရန်ကုန်-ပြည်လမ်းပိုင်းမှာဆိုရင်လည်း ဆင်မြီးဆွဲ-မော်ဇာ-ပေါင်းတည်-ပုတီးကုန်းလမ်းပိုင်း၊ ဇီးကုန်း-

သတင်း
ချစ်ဝင်းမြတ်(ကြေးမုံ)
ဓာတ်ပုံ - မြန်မာ့မီးရထား

ကြို့ပင်ကောက် လမ်းပိုင်းနဲ့ ကြို့ပင်ကောက်-အုတ်ဖိုလမ်းပိုင်းတွေကို ပြုပြင်မွမ်းမံမှုတွေလုပ်ဆောင်နေပါတယ်" ဟု မြန်မာ့မီးရထားမှ အငယ်တန်းအင်ဂျင်နီယာ(၁)သံလမ်း ဦးအောင်ဆွေက ရှင်းပြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂

ယနေ့ မွန်းလွဲ ၁ နာရီ ၅ မိနစ် ၁၅ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၄၂ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၃ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ကြော်ငြာအပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအပို (က၊ ခ၊ ဂ၊ ဃ) လေးမျက်နှာ ပါရှိပါသည်။